

TSM
PUBLISHING CENTER
(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)
နိုင်းမဟာ
မုန်တိုင်းသံစဉ်
L လင်း

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သစ္စာမှန်စာပေတိုက်

ရဲ့

စင်တင်ကလောင်ရှင်များ

ရွှေဘဝင်
အိမ့်သက်ပိုင်
နိုင်းမဟာ
စေနဦး
ပလက်တီနမ်

# နိုင်းမဟာ

# မုန်တိုင်းသံစဉ်

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

**ပုံနှိပ်မှတ်တမ်း**
**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၉၉၃၀၉၁၀
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၁၁၂၄၁၀၁၀
**ထုတ်ဝေခြင်း**
၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်
**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂)
ရဲအောင်စာပေတိုက်၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ဒေါ်အိမွန်သက်လွင် (မြ-၀ဂ၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်
အမှတ်(၁၀၆)၊ တာမွေလမ်း၊
တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ** - Lလင်း
**ဖြန့်ချိရေး** - တူးတူး မင်းလေး
**အတွင်းဖလင်** - ကိုအောင်ကျော်
**စာအုပ်ချုပ်** - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

၈၉၅ ・ ၈၃
နှိုင်းမဟာ
မုန်တိုင်းသံစဉ်/ နှိုင်းမဟာ။ - ရန်ကုန်
**ရဲအောင်စာ**ပေ၊ ၂၀၁၀။
၂၁၃ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မုန်တိုင်းသံစဉ်

ထိုင်းနိုင်ငံ၏ အဆင့်မြင့် ထောင်တစ်ခုဖြစ်သော ထောင်၏ညတစ်ညပင် ဖြစ်သည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်"

ထောင်ဗူးဝဆီမှ သံချောင်းခေါက်သံကြောင့် တာဝန်ကျ ထောင်ဝန်ထမ်းတို့ ဂျူတီချိန်းရတော့မည် ဖြစ်၏။

"ဂျိုင်း. . ."

အထူး အချုပ်ခန်းဆီသို့ သွားရသော တံခါးကြီးကို ထောင်အရာရှိနှစ်ဦးနှင့် ရဲဘော်တစ်ဦး ဝင်လာခဲ့ကြသည်။

"သေဒဏ်ပေးထားတဲ့. . အကျဉ်းသားကို ထုတ်မယ်. . ."

"ဟုတ်ကဲ့. . ."

တာဝန်ကျနေသော ဝန်ထမ်းရဲဘော်မှ. . တစ်ဖက်အခန်းဆီသို့ ခေါ်ဆောင်သွားပြီး. . အထူးခန်းထဲမှ အကျဉ်းသားကို ခေါ်ထုတ်ကာ. . .

"ဂျောက်. . . ဂျောက်"

ခြေထောက်နှင့် လက်ကို ခြေကျင်းရော လက်ထိပ်ပါ ခတ်လိုက်သည်။

"ဂျောင်. . . ဂျောင်. . . ဂျောင်"

သေဒဏ်ပေးခံထားရသော သူ၏ခြေကျင်းအသံက အခန်းစင်္ကြံလမ်းတွင် ဟိန်းထွက်နေသည်။

"ခံတွင်း ချဉ်လိုက်တာ. . . စီးကရက် တစ်လိပ်လောက် သောက်ချင်တယ်"

"ရတာပေါ့. . သေမယ့်အချိန်ကလေး မရောက်ခင် ပါးစပ်အရသာလေး ခံသွားပေါ့ဗျာ. . ."

အရာရှိက အိပ်ကပ်ထဲမှ စီးကရက်တစ်လိပ်ကို မီးညှိပြီးပေးလိုက်သည်။

"ဟူး. . . ခုမှ တကယ့်ကို အရသာရှိတဲ့ စီးကရက်





သောက်ရတာ. . . ကျေးဇူးပဲကွာ"

"ခေါင်းစွပ် စွပ်တော့. . ."

"ဟုတ်ကဲ့. . ."

ဘေးမှ ပါလာသော ဝန်ထမ်းလေးမှ ခေါင်းကို အစွပ်စွပ်ချလိုက်သည်. . ထောင်ရုံးခန်းအပြင်ဘက် အရောက်တွင် အသင့်ရပ်ထားသော ကားပေါ်သို့တင်ကာ မောင်းထွက်လာခဲ့သည်။

"ဒီကောင်ကို. . ဘယ်ကို ခေါ်သွားမလဲ၊ ဘွန်ရာ. ."

"သူ့နိုင်ငံကို ဒီညလွှဲပေးရမယ်. . ဟိုမှာ အဆုံးစီရင်မယ်လို့ ပြောတာပဲ"

"ဒီလိုကောင်မျိုးကို လူ့ပြည်မှာ တစ်ရက်တောင် အသက်ရှင်ပြီး. . မထားချင်ဘူး၊ ရက်စက်မှု သရဖူဆောင်းထားတဲ့ မိစ္ဆာကောင်. . ."

"မင်းပြောသလို. . ငါလည်း ခုတောင်သတ်ချင်တာ၊ ခက်တာက နိုင်ငံအချင်းချင်းကြားမှာ ရှိတဲ့ သံတမန်ကိစ္စတွေရှိတော့. . ကိုယ့်သဘောနဲ့ကိုယ် လုပ်လို့မရဘူး"

"ဒီကောင်ကို ဖမ်းကတည်းက အပြတ်ရှင်းပစ်လိုက်

ရှော. . .”

“ဒီကောင်က ဖိုးသက်ပြင်းကွ. . ရင်ဘတ်မှာ ကျည်ဆံ(၃)ချက်လောက် ဖောက်ဝင်တာတောင် မသေဘူး”

“ဟား. . ဟား. . ဟား ခုလဲ မင်းတို့ ငါ့ကိုသေအောင် မလုပ်နိုင်ပါဘူးကွာ. . .”

“တောက်. . .”

“ရာအွန်. . .”

ဘွန်ရာမှ. . လက်ကိုလှမ်းပြီး ဆွဲထားလိုက်သည်။

သေဒဏ်ကျခံရသော ရာဇဝတ်သားက. . သီချင်းလေးတစ်ပုဒ်တောင် ညည်းနေလေ၏။

“တောက်. . . မခိုးမခန့်နဲ့ကွာ၊ ဝန်ထမ်းဖြစ်နေလို့ပေါ့ အပြင်အရပ်သားသာဆိုရင် လည်ချောင်းသွေးကို ဖောက်ပြီး သောက်တယ်. . .”

“ကျိ. . .”

“ဟင်. . .”

“ကား. . ဘာဖြစ်တာလဲ”

ကားမှာ ထိုးရပ်သွားသောကြောင့်. . . ဘွန်ရာ လှမ်း





ပြီးမေးသည်ကို မဖြေသောကြောင့်. . .

“ရာအွန်. . မင်းဒီကောင့်နားမှာနေ၊ ငါဆင်းပြီး မေးလိုက်ဦးမယ်. . .”

ဘွန်ရာ. . နောက်တံခါးကို ဖွင့်ပြီးအောက်သို့ ဆင်းသည်နှင့်. . .

“ဒုတ်. . .”

“အင့်. . .”

တံခါးပေါက်ဝမှ သေနတ်ဒင်နှင့် ရိုက်ချလိုက်သည်-

“အထဲကကောင် မလှုပ်နဲ့နော်၊ တွေ့လား သေနတ်”

“ဟင်. . မင်းတို့”

ထောင် ဝန်ထမ်းယောင် ဆောင်ထားသော နှစ်ယောက်ကို တွေ့လိုက်ရသည်။

ရာအွန်. . ဘာမှ လှုပ်ရှားချိန် မရလိုက်တော့ပေ. . .

“ဟား. . ဟား. . ဟား ဘယ်နှယ့်ငါ့ကို သတ်ချင်တဲ့ကောင် ခုတော့ဘာတတ်နိုင်သေးလဲ. . မင်းမသတ်နိုင်မှတော့ ငါသတ်ရမှာပေါ့။ ပေးစမ်း သေနတ်. . .”

“နာဂီ. . . မလုပ်နဲ့ကွာ”

"မင်းပါးစပ် ပိတ်ထား. . ."

"ဒုတ်. . ဒုတ်. . ဒုတ်"

"အား. . . ."

အသံတိတ်တပ်ထားသော သေနတ်နှင့် အချက်ပေါင်းများစွာ ပစ်ချလိုက်ပြီး. . .

"သော့ယူပြီး. . မြန်မြန်ဖြုတ်"

"ချောက်. . . ချောက်"

ဘွန်ရာခါးကြားမှ သော့တွဲကို ယူပြီး၊ နာဂီလက် နှင့် ခြေထောက်တွင်ခတ်ထားသော သံခြေကျင်းနှင့်လက်ထိပ်တွေကို ဖြုတ်လိုက်သည်. . ပြီးမှ အရှေ့တွင် ရပ်ထားသော ကားဆီသို့ လျှောက်လာခဲ့ကြသည်။

"နာဂီ. . ခု ဘယ်မှာ ခိုမလဲ"

"မြန်မာဘက်ကို. . ကူးမယ်"

"ဒါဆိုရင်. . စက်လှေနဲ့ကူးမှ ဖြစ်မယ်"

"ဘာနဲ့ကူးကူး. . ဟိုဘက်ကိုရောက်ရင် ဖြစ်တယ်"

"ဝေါ. . . ပေါ်တီ"

"ဟာ. . ရဲကားတွေ လိုက်လာပြီ၊ မောင်းတော့. . ."





နာဂီတို့ကားဆီသို့ ရဲကားများ အတင်းမောင်းပြီး လိုက်လာသဖြင့် ကားကို အတင်းမောင်းထွက်ခဲ့ကြသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

နောက်မှ ရဲကားများသေနတ်နှင့် ပစ်ပြီး. . ကားကို ရပ်ခိုင်းပေမယ့်. . မရပ်ဘဲ မောင်းသော်လည်း၊ ရှေ့တွင်ရဲတပ်ဖွဲ့တွေက ပိတ်ဆို့ထားပြီး ဖြစ်သည်။

နာဂီတို့ ပြေးစရာလမ်းက. . တစ်ခုပဲရှိတော့သည်၊ ဘေးဘက် တောထဲသို့ ကားကွေ့ဝင်ပြီး မောင်းချလာသဖြင့်-

"ဝုန်း. . ."

ကားကို ရဲတပ်ဖွဲ့ဝင်တွေက အနီးကပ် ပစ်ခတ်လိုက်သဖြင့် ကားခာတ်ဆီတိုင်ကီကို ထိမှန်ပြီး. . ရှေ့မှ သစ်ပင်ကြီးနှင့် ဝင်တိုက်ကာ ပေါက်ကွဲသွားလေသည်။

ကမ္ဘာ့အကြီးဆုံး စိန်ကြီးကို ရောင်းချမည့်ပွဲကို. . နယ်စပ်ဒေသတွင် ပြုလုပ်မည် ဖြစ်သည်။

ထိုင်း၊ လာအို၊ မြန်မာ နယ်စပ်ဒေသတစ်ခု ဖြစ်ပေမယ့်. . နေမင်းဆက်တို့ တာဝန်ယူပေးရသည်။

"မင်းဆက်. . ရော့ သောက်လိုက်ဦး"

"အေး. . ."

နေမင်းဆက်နှင့်အတူ တာဝန်ယူထားရသော. . . ပိုင်ဦးက ကော်ဖီခွက်ကို လှမ်းပြီးပေးသဖြင့် ယူပြီးသောက်လိုက်သည်။

"ဒီည. . တကယ်အေးတာပဲကွ"





"ဟုတ်တယ်. . တပ်ဖွဲ့ဝင်တွေကို စစ်ပြီးပြီလား"

"ပြီးပြီ. . မင်းဆက်၊ ဒီစိန်ကြီးကို တစ်ဖက်က ဝယ်သူဆီကို မရောက်မချင်း. . အိပ်ကောင်းခြင်း၊ စားကောင်းခြင်း မရှိလှပါဘူးကွာ. . ."

"မနက်ဖြန်လောက်ဆို. . ပြတ်လောက်ပါပြီ"

"ဘာလို့လဲ. . "

"ဆော်ဒီကစော်ဘွား တစ်ဦးကဝယ်ဖို့ ဈေးတည့်သွားပြီလေ၊ မနက်ဖြန်ဆို လာကြည့်တော့မှာ. . ."

"မြန်မြန်ဝယ်တဲ့သူ ပေါ်မှပဲဟေ့. . ခုဆိုရင် (၁၀)ရက် ဒီမှာ လာပြီး၊ ဒုက္ခခံနေရတာ. . ."

နေမင်းဆက်တို့ လုံခြုံရေးကို တင်းကျပ်စွာချထားရတာကလည်း စိန်ကြီးကို လုယူဖို့ကြံစည်နေသည့်. . အဖွဲ့တစ်ဖွဲ့ဆီမှ ခြိမ်းခြောက်စာ ရထားသောကြောင့်ပင် ဖြစ်သည်။

"ဒီအဖွဲ့က. . ခြိမ်းခြောက်ပြီးရင်၊ ဖြစ်အောင်လုပ်တတ်တယ် ဆို. . ."

"ဟုတ်တယ်. . ထိုင်း၊ လာအို၊ ဗီယက်နမ်တွေမှာတုန်းကတော့ ဒီအဖွဲ့က ကြိုပြီးအကြောင်းကြားတယ်၊ ပြီးရင်

ရအောင်ယူသွားတယ်. . ခုငါတို့ မြန်မာပိုင်နက်မှာတော့ ဒါ ဝထမဦးဆုံး ခြိမ်းခြောက်တာပဲ”

“သူတို့ ဘယ်လောက်တော်လဲ ဆိုတာကို လက်တွေ့ သိရတာပေါ့. . မင်းဆက် ကိုယ့်ဘက်က ပါသွားရင်၊ မင်းရော ငါပါ မလွယ်ဘူးနော်. . .”

မင်းဆက်နှင့် ပိုင်ဦးတို့က စိန်ကြီးလုံခြုံရေးအတွက် တာဝန်အရှိဆုံး လူတွေမဟုတ်လား. .

“ကိုယ်ညဲ့ရင်. . ကိုယ်ခံပေါ့ကွာ၊ နောက်ထပ်(၂၄)နာရီလောက်ပဲ စောင့်ရတော့မှာ. . .”

“ဝါး. . အိပ်ချင်လိုက်တာ”

“ပိုင်ဦး. . မင်း အိပ်ချင်အိပ်လေ၊ ငါ. . အထဲကိုဝင်ပြီး အခြေအနေကို ကြည့်ဦးမယ်”

“မအိပ်တော့ပါဘူးကွာ. . ငါပါလိုက်မယ်”

နှစ်ယောက်သား. . အထဲကို ဝင်ခဲ့လေသည်။

စိန်ကြီးထားသော နေရာမှာ. . လျှပ်စစ်ထောင်ချောက်တွေကို တပ်ဆင်ထားသည်။

စိန်ကြီးရှိသောနေရာကို လွယ်လွယ်နှင့်သွားဖို့မလွယ်





သလို စိန်ကြီးအုပ်ထားသည့် မှန်အုပ်ဆောင်းကြီးကို ဖြုတ်ဖို့ဆိုတာလည်း မလွယ်နိုင်ပေ. . ကွန်ပျူတာ သင်္ကေတတွေနှင့် ပြုလုပ်ထားခြင်း ဖြစ်သည်။

“ဒီလောက်လုပ်ထားသည့် ကြားက ရအောင်ယူနိုင်ရင် မြေလျှိုးမိုးပျံနိုင်တဲ့ ကောင်ပဲဖြစ်မမယ်. . .”

“လျှော့မတွက်နဲ့. . ပိုင်ဦး၊ ထိုင်းမှာလုပ်တဲ့ စိန်ပြပွဲတုန်းက ဒီထက်တောင် ပိုပြီးစနစ်ကျသေးတယ်၊ ဒါပေမယ့် ပါသွားတာပဲကွ. . ဒီအဖွဲ့ဟာ အဆင့်မြင့်နည်း ပညာပိုင်းကို ကျွမ်းကျင်သလောက် ကွန်ပျူတာကိုလည်း နိုင်နင်းတယ်. .”

“ငါမရှင်းလို့. . မေးချင်တယ်”

“မေးလေ. . .”

“ဒီစိန်ကြီးက. . တို့တိုင်းပြည်က ထွက်တာမဟုတ်ဘဲ ဘယ့်နှယ့်ကြောင့် ငါတို့ဘက်မှာ လာပြီးပြပွဲလုပ်ရတာလဲ. .”

“ဒါက. . တို့နယ်မြေလုံခြုံရေးကို စိတ်ချလို့လာပြီး. . လုပ်ကြတာပေါ့”

မင်းဆက်. . အခြေအနေအားလုံးကို အကဲခတ်ပြီး အခန်းကြီးထဲမှ ပြန်ပြီးအထွက်. . .

"ဖျောက်. . ."

"ဟင်. . ."

"ဟာ. . ."

မီးတွေ မှောင်ကျသွားသည်. . .

"ပိုင်ဦး. . . ဓာတ်မီးထိုးလိုက်"

ဓာတ်မီးနှင့် စိန်ကြီးကို ထိုးထားပြီး. . အရေးပေါ် မီးခလုပ်တစ်ခုကို ဖွင့်လိုက်၍ မီးတွေ ပြန်လင်းလာခဲ့သည်။

တစ်ဖက်မှ လုယူမည့်သူတွေ. . လျှပ်စစ်မီးတွေကို ဖြတ်တောက်ပြီး ဝင်လာခဲ့လျှင် မဝင်နိုင်အောင်အရေးပေါ် မီးစက်ကို ပြုလုပ်ထားခြင်း ဖြစ်သည်။

"မီးပျက်တာ မရိုးသားဘူး. . လျှပ်စစ်ရုံးကို ဖုန်းဆက်ပြီး မေးလိုက်မယ်. . မင်းဆက်"

"အေး. . မေးလိုက်"

ပိုင်ဦး. . ဖုန်းဆက်ပြီး မေးလိုက်တော့၊ စိန်ပြခန်းကို တိုက်ရိုက်ဆက်သွယ်ထားသော မီးလိုင်းကြိုးများ ဖြတ်တောက်သွားခြင်းဖြစ်သည်။

"ပြန်ပြီးဆက်ဖို့တော့. . ပြောလိုက်တယ်၊ အံ့ဩစရာ





ပဲ. . ဒီမီးလိုင်းကြိုးတွေ ဖြတ်တောက်ဖို့ဆိုတာ မလွယ်ဘူး"

"ပိုင်ဦး. . သတိထားတော့၊ အပြင်က လုံခြုံရေးရဲဘော်တွေကိုလည်း သွားပြီးသတိပေးလိုက်တော့. . ငါ စိန်ကြီးနားမှာပဲ. . အနီးကပ်စောင့်နေတော့မယ်"

"အေးအေး. . ."

ပိုင်ဦး. . ထွက်သွားပြီး၊ မင်းဆက် စိန်ကြီးအခန်းရှေ့တွင် ရပ်နေသည်။

"ကျွီ. . . ကျွီ"

"ဟင်. . ."

ကြမ်းပြင်ဆီမှ အသံတစ်ခုကြောင့် သတိထားပြီး ကြည့်လိုက်တော့. . သံမဏိပိုက်လုံးလေး တစ်ချောင်း ဖောက်ထွက်လာသည်။

"ဟာ. . ."

နှာခေါင်းထဲသို့ စိမ်းစို့စို့အနံ့ကြောင့်. . နှာခေါင်းကို ပိတ်ပြီး အပြင်သို့ထွက်လိုက်သည်။

အခန်းပြင်တစ်ခုလုံးတွင် မီးခိုးငွေ့လေးတွေ လျင်မြန်စွာပျံ့နှံ့လာသည်. . .

"မင်းဆက်. . ."

"ပိုင်ဦး ဝင်မလာနဲ့. . ဒါမေ့ဆေး ငွေ့တွေ"

"ဟာ. . အဟွတ်. . အဟွတ်"

အပြင်သို့ အပြေးပြန်ထွက်ပြီး. . အသက်ကို ဝအောင် ရှူလိုက်သည်။

"ဂျောက်. . ."

မင်းဆက် မီးကို မှိတ်ချလိုက်ပြီး. . ညကြည့်မျက်မှန်ကို တပ်ဆင်ကာ အဝေးဆီမှကြည့်နေပြီး သေနတ်ကို အသင့်ထုတ်ထားသည်. ...

"ဝုန်း. . ."

ကြမ်းပြင်ကြီးကို ဖေါက်ထွက်ပြီး. . လူ(၃)ယောက် တက် လာသည်နှင့်. . .

"ပစ်. . ."

"ဒိုင်း. . ."

"ချွင်. . ."

"ဟင်. . ."

နေမင်းဆက်တို့ ကျည်ဆံမှာ လူသုံးယောက်ဆီသို့





မရောက်ဘဲ ဘေးသို့ ကျသွားသည်။

"ကျည်ကာမှန်နဲ့ ကာပြီးတက်လာတာပဲ. . ."

"ဘယ်လို. . လုပ်မလဲ"

အခန်းထဲကို ဝင်ဖို့လည်း. . မရနိုင်ပေ၊ မေ့ဆေးငွေ့ကို ဘယ်လိုမှ မခံနိုင်. . .

မင်းဆက်တို့ လွှတ်ထားသော လျှပ်စစ်ဓာတ်အားကို ထိုလူ(၃)ယောက် ဂရုပင်မစိုက်ဘဲ စိန်ကြီးဆီသို့သွားကာ. . .

စိန်ကြီးကို ယူနေစဉ် -

"ကဲကွာ. . ."

"ဒိုင်း. . . ချွမ်. . ."

"အား. . ."

မှန်ကို ဖောက်ထွက်ပြီး. . (၃)ယောက်ထဲမှ တစ်ယောက်ကို ထိမှန်သွားသည်. . ကျန်နှစ်ယောက်က စိန်ကြီးကို ပွေ့ပိုက်ပြီး မြေအောက်အပေါက်ဆီသို့ ပြန်ပြီးဆင်းသွားတော့သည်. . .

"ဟာ. . သွားပြီကွာ"

ပိုင်ဦး စိတ်ပျက်သွားတော့သည်. . .

သူတို့တာဝန်ယူထားသော စိန်ကြီးကား ပါသွားပြီ၊ မဟုတ်လား. . .

မေ့ဆေးငွေ့တွေ ပြေလောက်မှ. . အခန်းထဲကို ဝင်လာခဲ့ကြသည်။

"မင်းဆက်. . ."

ပိုင်ဦးအသံမှာ. . အင်အားမဲ့နေလေပြီ။

"ရဲချုပ်ကြီးကတော့. . ငါတို့ကို ပွက်လောရိုက်တော့မှာပဲ. . ."

"မရိုက်စေရပါဘူးကွာ. . ."

"ဘာလို့လဲ. . ."

"သူတို့. . ယူသွားတဲ့ စိန်ကြီးက အတုကြီးပါ"

"ဘာ. . ."

"ဟုတ်တယ်. . ဒီကောင်တွေ မဖြစ်မနေယူမှာကို သိတယ်. . ဒီကောင်တွေရဲ့ ခေတ်မှီနည်းစနစ်တွေက အရမ်းကို မြင့်တော့. . ငါတို့လိုက်မမီဘူးလေ၊ ဒါကြောင့် လိုက်မီတဲ့နည်းကိုပဲ သုံးရတာပေါ့၊ စိန်ကြီးနဲ့ပုံစံတူ ခွဲမရတဲ့ စိန်တုကို လဲထားတာ. . စိန်အစစ်က ဌာနချုပ်မှာ၊ မနက်မှသယ်လာ





မှာ. . . ငါက ဒီကောင်တွေကို ဖမ်းမိနိုင်အောင် ကြံတာပဲ၊ မရခဲ့ဘူး. . တစ်ယောက်တော့ မှောက်နေပြီ၊ သေမလား ရှင်မလားမသိဘူး"

နေမင်းဆက်မှ. . ဒဏ်ရာရထားသူ၏ ခေါင်းစွပ်ကို ချွတ်ပြီးကြည့်လိုက်သည်။

"မြန်မာလူမျိုးပဲကွ. . ."

"ဟုတ်တယ်. . မသေသေးဘူး၊ ဆေးရုံကို ပို့ဖို့ပြင်ကြတော့. . ဒီကောင်သေလို့မဖြစ်ဘူး"

ပိုင်ဦးတို့ ဒဏ်ရာရထားသော ဖောက်ထွင်းရေးသမားကို ဆေးရုံသို့ အမြန်ဆုံးပို့ခဲ့ကြရတော့သည်။

"ဘယ်လိုလဲ . . မင်းဆက်"

ဆေးရုံမှ ပြန်ရောက်လာသော နေမင်းဆက်ကို . . ပိုင်ဦးက လှမ်းပြီးမေးလိုက်ခြင်း ဖြစ်သည်-

"ဟိုကောင်တော့ . . မသေဘူး၊ အခြေအနေကောင်းတယ်"

"ဒါဆို . . သဲလွန်စ ရပြီပေါ့"

"မလွယ်ဘူး . . ပိုင်ဦးရေ"

"ဘာလို့လဲ . . ."

"ဒီကောင်က စကားလုံး၀ မပြောတတ်ဘူး . . ."

"ဒီကောင်က . . အ, နေတာလား"





"ဆရာဝန်ကြီး ပြောပြချက်အရတော့ ဒီကောင့်အာသီးမှာ စကားမပြောနိုင်အောင် လုပ်ထားတာလို့ ပြောတယ် . . ဒါကို ခွဲစိတ်ပြီးတော့ လုပ်ရင် အဖြေတစ်ခုတော့ ထွက်နိုင် တယ် . . ပြောတာပဲ"

"ဒီကောင်တွေဘက်က . . ကြိုပြီးပြင်ဆင်တဲ့ သဘောပေါ့ . . ."

"ဟုတ်တယ်ကွ . . ဒီကောင့် လက်မောင်းမှာ စောနိုင်လို့တော့ ဆေးမင်ကြောင်ထိုးထားတာရယ် . . ဒီကောင့်ရုပ်ကိုကြည့်ရတာ ကရင်လူမျိုးတစ်ဦး ဖြစ်နိုင်တယ် . . ဒါနဲ့ ရဲချုပ်ကြီးတို့ သွားကြပြီလား . . ."

"အေး . . သွားကြပြီ၊ စိန်ကြီးကိုလည်း . . သယ်သွားတယ်"

"မင်းနဲ့ငါ ကပ်နေတာတောင် . . . ခုကိစ္စ မသိတာ အံ့ရောပဲ"

"ရဲချုပ်ကြီးက . . ငါကလွဲပြီး ဘယ်သူမှ မသိစေရဘူးဆိုပြီး ပြောထားလို့ပါကွာ"

"ငါသဘောပေါက်ပါတယ်. . တချို့တာဝန်ပိုင်းတွေမှာ ခုလိုပဲသီးခြားလုပ်ဆောင်ရတာ မဟုတ်လား. . ဘာပဲဖြစ်ဖြစ် ငါတို့ဘက်က စိန်ကြီးကို ဟိုကောင်တွေ လက်ထဲရောက်မသွားအောင် လုပ်နိုင်တာပဲ. . တာဝန်ကျေပါပြီ"

"ဆရာမင်းဆက်ရေ. . ထိုင်းဘက်က သတင်းပို့တယ်"

"ဘာများလဲ. . ဆရာအောင်မင်း"

"အခန်းထဲကို လိုက်ခဲ့ကြဗျာ. . ."

နိုင်ငံတကာ ဆက်သွယ်ရေးဌာနမှ အခန်းထဲသို့ နေမင်းဆက်တို့ လိုက်ပြီးဝင်လိုက် ကြသည်။

ကွန်ပျူတာဖြင့် ထုတ်ထားသော ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကို ဆရာအောင်မင်းက ပေးလိုက်သည်။

"ဒီကောင့်နာမည်က နာဂီ. . ထိုင်းနဲ့ စပ်တဲ့ကောင်ပဲ၊ လူသတ်မှု၊ ဓားပြမှု၊ မုဒိန်းမှုတွေများစွာကို ကျူးလွန်ပြီး ထိုင်းတရားရုံးကနေ သေဒဏ်ပေးပြီး တရုတ်ပြည်ကို အပို့မှာ လွတ်မြောက်သွားတာ. . ."





"ဩော်. . ."

"ဒီကောင်လွတ်မြောက်သွားတဲ့. . နေရာက၊ မြန်မာနဲ့ ထိုင်းနယ်စပ်ဘက်မှာ ဖြစ်နေတယ်. . ဒါကြောင့် သတင်းပို့ထားတာ. . ."

"နယ်စပ်မှာဆို. . သူပုန်စခန်းတွေမှာ ခိုအောင်းနေမှာပေါ့. . ."

"ဒီလိုပဲ. . ယူဆရတယ်၊ ဒါပေမယ့် ဒီကောင်က မြို့မှာ လှုပ်ရှားနေတဲ့ မူးယစ်ဆေးဝါးအဖွဲ့တွေနဲ့ အဆက်အသွယ် ရှိတော့ မြို့ပေါ်တက်လာနိုင်တယ်. . ဒါ့ကြောင့် ကိုယ့်ဘက်က စောင့်ကြည့်ရမယ့် တာဝန်ဖြစ်လာတာပေါ့"

"အင်း တစ်မှုက မပြတ်သေးဘူး၊ နောက်တစ်မှုက ထပ်ပြီး တိုးလာပြန်ပြီ. . မင်းဆက်ရေ"

"ကောင်းတာပေါ့ကွာ. . လှုပ်ရှားမှုရှိနေမှ အရည်အချင်း တိုးတက်မှာလေ"

"မင်းလို. . သေနတ်တစ်လက်နဲ့ ပျော်နေတဲ့ကောင်ကတော့ ဟုတ်မှာပေါ့၊ ဒါနဲ့မင်း ဒီနှစ်သေနတ်ပစ် ပြိုင်ပွဲဝင်ဦး

မှာလား. . ."

"ရဲချုပ်ကြီးကတော့ သွားရမယ်လို့တော့. . ပြောတာပဲ၊ ခုတောင် လေ့ကျင့်ရေးကွင်း သွားရဦးမယ်. . မင်းလိုက်မှာလား. . ."

"မလိုက်တော့ဘူး. . အိပ်ရေးပျက်တာများလို့ အားမွေးလိုက်ဦးမယ်"

"ဒါဆို. . ငါသွားလိုက်ဦးမယ်၊ ပြိုင်ပွဲက ရှေ့လထဲမှာဆိုတော့ ကြိုတင်ပြီး ပြင်ဆင်ရဦးမယ်"

"မင်းအတွက်. . ရွှေတံဆိပ်က ဆီးကြိုနေဦးမှာပါ၊ ငါယုံတယ် မင်းဆက်ရေ. . ."

မင်းဆက်. . ကားလေးမောင်းပြီး ထွက်လာစဉ်-

"ဟင်. . ."

ကားလမ်း ပလက်ဖောင်းတွင် သစ်ပင်ကို ကိုင်ပြီး လဲမလိုဖြစ်နေသည့် အဖွားအိုတစ်ယောက်ကို တွေ့လိုက်ရတော့. . ကားကို ထိုးရပ်ပြီး-

"အဖွား. . အဖွား"





"ဝေ. . ."

"ဘာဖြစ်လို့လဲ. . ဟင်"

"ရင်ထဲမှာ. . မောလာပြီး၊ ခေါင်းတွေ မူးနေတယ်ကောင်လေး. . ."

အဖွားအိုသည်. . ကရင်လူမျိုးတစ်ဦး ဖြစ်နေသည်။

"အဖွား. . လာလာ ကျွန်တော့်ကားပေါ်တက်၊ ဆေးခန်းတစ်ခုခုကို သွားရအောင်နော်. . ."

"ကျေးဇူးတင်တယ်. . ကောင်လေးရေ"

အဖွားအိုကို တွဲပြီး ကားပေါ်သို့တင်ကာ သူငယ်ချင်း ဒေါက်တာမင်းသူ ဆေးခန်းကို ပို့ပေးလိုက်သည်။

"မင်းဆက် ဘာမှမစိုးရိမ်ရပါဘူး. . နှလုံးအားနည်းတဲ့ သဘောပါ၊ ဆေးထိုးပေးလိုက်တယ်. . ကောင်းသွားမှာပါ"

"ကျေးဇူးပဲ. . မင်းသူရာ"

"မလိုအပ်တဲ့. . စကားတွေ ပြောမနေနဲ့ မင်းပြိုင်ပွဲသွားရမယ်ဆို. . ."

"ဟုတ်တယ်. . ခုလေ့ကျင့်ရေး စခန်းကိုသွားရင်း လမ်းမှာတွေ့ခဲ့ရလို့ မင်းဆီကို ခေါ်လာတာ. . ."

"ခေါ်သွားလို့ ရပြီ၊ မင်းအားရင်. . လာခဲ့ဦးကွာ"

"အေး. . ."

အဖွားအိုကို ခေါ်လာပြီး. . အပြင်ကို ရောက်တော့-

"အဖွားက ဘယ်ကို ပြန်မှာလဲ. . ."

"လာဟူရွာလေးကိုကွဲ့. . ရပါတယ် ကောင်လေး၊ အမိုး. . ပြန်လို့ရပါပြီ"

"ကဲပါ. . အမိုးရယ်၊ ပို့မယ့်ပို့ အိမ်ရောက်အောင်ပဲ ပို့ပေးတော့မယ်. ."

ကရင်အဖွားအို ပြောသည့်ရွာလေးဆီသို့ ကားမောင်းပြီးပို့ခဲ့သည်။

"ကောင်လေး. . အိမ်ထဲ ခဏလောက်ဝင်ပြီးမှ ပြန်ပါကွယ်၊ အများကြီး ကျေးဇူးမဆပ်နိုင်ပေမယ့်. . အကြမ်းရေ တစ်ခွက်လောက်နဲ့တော့ ကျေးဇူးပြုပါရစေ. . ."

နေမင်းဆက်. . မငြင်းသင့်သောကြောင့် အိမ်ထဲသို့





ဝင်ခဲ့သည်။

"လုံမလေး. . ဟေ့ လုံမလေး"

"ရှင်. . . အမိုး"

"ဒီမှာဧည့်သည် ပါလာတယ်၊ အကြမ်းအိုးလေး ယူခဲ့"

"ဟုတ်ကဲ့. . . အမိုး"

ကရင်မလေးတစ်ဦး. . အကြမ်းအိုးလေးနဲ့ ထွက်လာပြီး. . နေမင်းဆက်ရှေ့တွင် ချပေးသည်။

"သူက. . ငါ့ကို ကယ်ခဲ့တဲ့ကောင်လေးကွဲ့"

"သြော်. . ကျေးဇူးတင်ပါတယ် အစ်ကို"

"ရပါတယ်ကွာ. . ဟင်"

နေမင်းဆက် အခန်းနံရံတွင် ချိတ်ထားသော ဓာတ်ပုံလေးဆီသို့ မျက်လုံးရောက်သွားသည်။

"အမိုး. . ."

"ဘာလဲ. . ကောင်လေး"

"သူက. . အမိုးနဲ့ ဘာတော်သလဲ"

"သူက. . အမိုး သားလေးပါ"

"အခု ဘယ်မှာနေလဲ. . ."

"ဘယ်မှာနေလဲဆိုတာ. . မပြောတတ်ပါဘူးကွယ်၊ တစ်လတစ်ခါတော့ ပြန်လာပြီး. . ငွေပေးတာပဲကွဲ့"

"သူစကား. . ပြောတတ်လား"

"ပြောတတ်ပါတယ်. . ."

"ဟင်. . ."

"ဘာဖြစ်လို့လဲ. . ကောင်လေး"

"ဘာမှ. . မဟုတ်ပါဘူး၊ ကျွန်တော် သူငယ်ချင်းတစ်ယောက်နဲ့တူနေလို့ပါ. . ."

"ဟော့. . . စောမူ. . စောမူ"

အိမ်ရှေ့မှ. . ကရင် အမျိုးသမီးကြီးတစ်ယောက် ခေါ်သံကြောင့် ကရင်မလေး အပြင်သို့ထွက်သွားပြီး. . ပြန်ဝင်လာကာ-

"စောမူ. . . ဘာလဲ"

"အမိုးရေ. . အစ်ကို့အလုပ်ရှင်က တွေ့ချင်လို့ ခေါ် ခိုင်းလိုက်တာ၊ သမီးလိုက်သွားဦးမယ်. . ."





"အေး. . အေး လိုက်သွားလိုက်"

နေမင်းဆက်အတွက် အဖြေတစ်ခုကို ထုတ်ရမည် ဖြစ်သောကြောင့်. . အမိုးကို နှုတ်ဆက်ပြီး၊ စောမူနောက်သို့ ထွက်လိုက်ခဲ့သည်။

စောမူနှင့် လာခေါ်သော အမျိုးသမီးက ရှေ့ကနေ ခပ်သုတ်သုတ် သွားနေသောကြောင့် ကားကို ဖြည်းဖြည်းချင်း မောင်းပြီး လိုက်လာခဲ့သည်။

လမ်းကွေ့တစ်ခုသို့ ဝင်သွားသဖြင့်. . ကားကိုရပ်ပြီး၊ မယောင်မလည်နှင့် ဆက်လိုက်ခဲ့သည်။

"ဟင်. . ."

အဝေးတစ်နေရာတွင် အနက်ရောင် ကားတစ်စီးဖြင့် လူကြီးတစ်ယောက်ရပ်ကာ. . စောမူကို ပြောနေသည်ကို လှမ်းတွေ့ရပြီး အခြေအနေကို ကြည့်ကာ အပြင်သို့ပြန်ထွက် ခဲ့သည်။

အပြင်ရောက်သည်နှင့် ကားပျက်ချင်ယောင်ဆောင်ကာ လမ်းကြားမှ ထွက်လာမည့်ကားကို စောင့်နေသည်။

"အစ်ကို. . . ကားဘာဖြစ်လို့လဲ"

"မသိပါဘူးကွာ. . ခုမှကြည့်နေတာ"

"စောမူတို့. . ဘာကူညီပေးရမလဲ"

"ရပါတယ်. . အမိုးကို နောက်နေ့မှ လာခဲ့မယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့. . သွားမယ်နော်"

နေမင်းဆက် ခေါင်းကိုသာ ညိတ်ပြပြီး. . တစ်ဖက်ကားကို နားစွင့်နေသည်၊ သိပ်မကြာ တစ်ဖက်ကားမှာ မောင်းထွက်လာသည်နှင့်. . ခပ်လှမ်းလှမ်းမှ လိုက်ခဲ့သည်။

ဆရာဝန်ကြီး ခေါ်ထားသောကြောင့် ဆေးရုံသို့. . နေမင်းဆက်နှင့် ပိုင်ဦးတို့ လာခဲ့ကြသည်။

ဆရာဝန်ကြီး ရုံးခန်းသို့ရောက်တော့. . ဖမ်းမိထားသောသူနှင့် ပတ်သက်ပြီး၊ ရှင်းလင်းပြောပြလေသည်။

"မနေ့က ဖမ်းမိတဲ့ တရားခံစာတ်မှန် အဖြေရလာပြီ"

"ဘာတဲ့လဲ. . ဒေါက်တာ"

"ဒီလူငယ်ရဲ့အာသီးကို ဆေးတစ်မျိုးနဲ့ လုပ်ထားတာ၊ ဒီဆေးကိုတော့ အမည်ဖော်လို့ မရသေးဘူး. . ဆေးအာနိသင်ကို သိရတာတော့. . ဒီဆေးသောက်ပြီးတာနဲ့ ဒီလူဟာ စကားလုံးဝ မပြောနိုင်တော့ဘူး. . ."

"တစ်သက်လုံးလား. . ဒေါက်တာ"

"ဒီလိုတော့. . မဟုတ်ဘူးလို့ ယူဆတယ်၊ ဒီဆေးကို ဖြေတဲ့ဆေးတစ်မျိုးတော့ ရှိမယ်. . ဆရာမင်းဆက် ဒီဆေးမျိုးဟာ ဒုတိယကမ္ဘာစစ်တုန်းက နာဇီသူလျှိုတွေ သုံးတဲ့ဆေးတစ်မျိုးပဲ နောက်တော့. . ဒီဆေးနည်းပညာကို အစဖျောက်ခဲ့ပစ်လိုက်တယ်. . ခုမှပြန်ပြီး ပေါ်လာတာပါ"

စိန်ဖောက်ထွင်း ခိုးယူသည့်အဖွဲ့သည် နည်းပညာဆိုင်ရာရော ဆေးပညာဆိုင်ရာ အပိုင်းမှာပါ. . ကျွမ်းကျင်မှုတွေ ရှိနေသည်ကို သိလိုက်ရသည်။

"ဒီဆေးနဲ့ ပတ်သက်ပြီး. . နာဇီသူလျှိုတွေရဲ့ မှတ်တမ်းအရဆိုရင် ဒီဆေးသောက်ပြီး (၅)နာရီအတွင်း ဖြေဆေးကို မသောက်နိုင်ဘူးဆိုရင်၊ ဒီလူဟာ တစ်သက်လုံးစကားမပြောနိုင်အောင် အာသီး ပျက်စီးသွားမှာကို သိခဲ့ရတယ်၊ ခုလဲ. . ဒီပုံစံအတိုင်းဆိုရင် ဒီလူဟာ အာသီးပျက်စီးနေလောက်ပြီ. . တွေ့ရှိထားတဲ့ အချက်ထဲမှာလည်း အာသီးဟာ လုံးလုံးသုံးစားလို့ မရတော့ဘူး"





"ဒီလူ့ဆီက သဲလွန်စသိဖို့တော့ လမ်းစ ဖြတ်သလိုဖြစ်နေပြီ. . "

"ဖြစ်နိုင်တာ. . တစ်ခုတော့ ရှိတယ်"

"ဘာများလဲ. . ဒေါက်တာ"

"ဒီလူဖွင့်ဟမယ်ဆိုရင်. . စာရေးပြီး ဝန်ခံချက် ပေးလို့ရတယ်"

"ဟုတ်တယ်. . ဒေါက်တာ ဒီနည်းနဲ့ရအောင် ယူရမှာပဲ. . "

နေမင်းဆက်တို့. . ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။

"မင်းဆက်. . မနေ့က အခြေအနေကို ဆက်ပါဦး၊ ခု ငါတို့ဖမ်းမိတဲ့ကောင်ရဲ့ ခတ်ပုံကို တွေ့ခဲ့တယ်ဆို"

"ဟုတ်တယ်. . လွဲကို မလွဲနိုင်ဘူး၊ ဒီကောင်မှ ဒီကောင်အစစ်ပဲ. . ပြီးတော့ ဒီကောင့်အလုပ်ရှင်ဆိုတဲ့ လူကလည်း တခြားသူ မဟုတ်ဘူး၊ လည်ချောင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာ အိုက်ပန်. . . "

"အင်း . . ကွင်းဆက်တွေကတော့ တွေ့နေပေမယ့်၊ လိုက်ဆက်လို့ မရဘူးဖြစ်နေတယ် . . ဒီတော့ မင်းဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ . . ."

"ကရင်အဖွားကြီးနဲ့ စောမူဆိုတဲ့ မိန်းကလေးကို ရင်းနှီးအောင်လုပ်ပြီး၊ အဖြေတစ်ခုကို ရှာရမယ် . . ."

"မင်းဆက် . . ဒါဟာ မင်းကိုအမှုအတွက် ဘုရားသခင်က လက်ဆောင်ပေးတာပဲ"

"ဟုတ်တယ် . . . စေတနာရဲ့တူသော အကျိုးပေးတာပဲလေ"

"ဩော် . . မင်းကို ပြောရဦးမယ်"

"ဘာလဲ . . ပိုင်ဦး"

"နယ်စပ်မှာ တာဝန်ကျနေတဲ့အဖွဲ့က ဓာတ်ပုံသတင်းတစ်ခုပေးပို့လိုက်တယ် . . ဟိုကောင် နာဂီ ဘိန်းမှောင်ခိုခေါင်းဆောင်နဲ့အတူ စခန်းတစ်ခုမှာ အတူတူရှိနေတဲ့ ပုံကွ"

"ဒီကောင် မြန်မာပိုင်နက်ထဲမှာ ရှိနေတာ သေချာတဲ့သဘောပေါ့ . . မြို့ဘက်ကို ဖောက်ဝင်လာနိုင်တယ်"





"သေချာတယ် . . သတင်းထဲမှာ ဒီကောင်က မြို့ကို မဖြစ်မနေလာနိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကောင် . . ဒဏ်ရာရထားတယ်၊ ရထားတဲ့ဒဏ်ရာကလည်း တောထဲမှာ ကုသလို့ မရနိုင်တဲ့ လည်ချောင်းဒဏ်ရာ တစ်ခုပဲ . . မြို့ဆေးခန်းတစ်ခုခုမှာ ခွဲစိတ်နိုင်တယ်လို့ သတင်းရထားတယ် . . ."

"ဒါဆိုရင်တော့ . . မြို့ဝင်လမ်းကြောင်းတွေကို ကြပ်ကြပ်မတ်မတ် စစ်ဆေးမှုတွေ ပြုလုပ်ခိုင်းရမယ်"

"မင်း . . ဘယ်ကို ခရီးဆက်မလဲ"

"အဖွားကြီးအိမ်ကို သွားမယ်၊ မင်းလိုက်ခဲ့ ဦးလေး . ."

"ကောင်းပြီ . . ."

ကရင်အဖွားကြီး အမည်မှာ နော်အယ်လာဆိုသည်ကိုတော့ နေမင်းဆက် သိခဲ့ပေမယ့် . . ပြည့်ပြည့်စုံစုံကိုတော့ မသိရသေးပေ၊ နေမင်းဆက်တို့ကားလေးကို လမ်းချိုးတစ်နေရာတွင် ထားခဲ့ပြီး လမ်းလျှောက်ဝင်လာခဲ့သည်။

"ဟော . . အစ်ကိုတို့ လာကြ"

အိမ်ရှေ့တွင် အဝတ်လျှော်နေသော စောမူက . .

လှမ်းပြီးနှုတ်ဆက်လိုက်ပြီး ထလာခဲ့သည်။

"အမိုးတစ်ယောက် ရှိလား. . ."

"ဟင့်အင်း. . မရှိဘူး အစ်ကို၊ ရွာနောက်ဘက်ကို အကြွေးသွားတောင်းတယ်. . ပြန်လာခါနီးပါပြီ၊ အမိုးက တောင် ပြောသေးတယ်. . အစ်ကိုတစ်ယောက် လာမှာ မဟုတ်တော့ဘူးတဲ့"

"စောမူရယ်. . ကူညီပြီးမှတော့ ဆက်ပြီးကူညီရမှာ ပေါ့၊ အမိုးသောက်ဖို့ ဆေးလာပို့တာ. . ."

အိမ်လေးပေါ်သို့ တက်ခဲ့ပြီး. . ဓာတ်ပုံကို ပိုင်ဦးအား ပြလိုက်သည်။

"စောမူ. . ."

"ရှင်. . အစ်ကို"

"စောမူအစ်ကို နာမည်. . ဘယ်လိုခေါ်လဲ"

"ကိုစောနိုင်ပါ. . အစ်ကို၊ ရွာထဲမှာတော့ ဖိုးသားလို့ ခေါ်ကြတယ်. . ."

နေမင်းဆက်. . အဖမ်းခံထားရသူ၏ လက်မောင်း





တွင် ရေးထိုးထားသော နာမည်ကလေးကို သတိရမိလိုက်ပြီး။

စောနိုင်ဟာ စောမူ၏အစ်ကိုဆိုတာ လုံးလုံးသေချာ သလောက် ဖြစ်သွားသည်။

"စောမူကို အစ်ကို ပွင့်ပွင့်လင်းလင်း စကားပြောချင် တယ်. . ."

"ပြောနိုင်ပါတယ်. . ."

"အစ်ကိုတို့ နှစ်ယောက်က ထောက်လှမ်းရေးတပ်ဖွဲ့ ကပါ. . ."

"ဟင်. . ."

"အမိုးကို ကူညီခဲ့တာက အစ်ကိုရဲ့ စေတနာသန့်သန့် ပါ. . ဒီကိုရောက်မှ စောမူအစ်ကို စောနိုင်နဲ့ ပတ်သက်တာကို သိခဲ့ရတာ. . ."

"အစ်ကို စောနိုင်ဟာ. . ဘာတွေလုပ်နေလို့လဲဟင်"

"သူ လုပ်ကိုင်ခဲ့တာကတော့. . သိပ်အပြစ်ကြီး မ ဟုတ်ပါဘူး"

"ခု. . သူ ဘယ်မှာလဲ"

"အစ်ကိုတို့. . ခဏထိန်းသိမ်းထားတယ်"

"ရှင်. . ."

"စောမူဆီက စောနိုင်နဲ့ ပတ်သက်တာလေးတွေကို သိချင်တယ်. . အစ်ကိုတို့ကို ပြန့်ပြီးကူညီ ပေးပါလား"

"ဟုတ်ကဲ့. . စောမူသိတာကို ပြောပြပါ့မယ်၊ အစ်ကို စောနိုင် ဘာလုပ်သလဲဆိုတာတော့ စောမူတို့သားအမိ တကယ်မသိပါဘူးအစ်ကို. . လွန်ခဲ့တဲ့ တစ်နှစ်လောက်က နယ်စပ်မှာ အလုပ်တစ်ခုရမယ်ဆိုပြီး သွားလုပ်နေတာပဲ၊ အစ်ကို တစ်လတစ်ခေါက် တစ်ခါတစ်လေ(၃)လလောက် ကြာမှ ပြန်ပြီးရောက်တတ်ပါတယ်. . သူ ဘာတွေလုပ်နေတယ် ဆိုတာ တကယ်မသိတာပါ. . အစ်ကိုရယ်"

"စောမူတို့ မသိနိုင်ဘူးဆိုတာ. . အစ်ကို ယုံပါတယ်၊ အစ်ကို သိချင်တာက ဟိုနေ့က စောနိုင်အလုပ်ရှင်က ဘာတွေလာပြီး ပြောသလဲဆိုတာပဲ သိချင်တာ. . ပြောပြပါလား"

"အစ်ကိုစောနိုင် အလုပ်ရှင်ဆိုတာကို စောမူ ခုမှပဲ တွေ့ဘူးတာပါ. . နာမည်ဘယ်သူလဲဆိုတာတောင် မသိဘူး၊





သူက မေးတယ်. . စောမူတို့အိမ်ကို ဘယ်သူတွေလာသေးလဲ တဲ့. . အိမ်ရှေ့မှာ ရပ်ထားတဲ့ကားက ဘာလာလုပ်တာလဲလို့ မေးတယ်၊ စောမူက အိမ်ကို ဘယ်သူမှမလာပါဘူး. . အိမ်ရှေ့ က ကားက အမိုးလမ်းမှာမူးလဲလို့ လိုက်ပြီးပို့တာလို့ ပြော လိုက်ပါတယ်. . ."

"နောက်သူက. . ဘာဆက်ပြီး ပြောသေးလဲ စောမူ"

"စောမူအစ်ကို ခရီးတစ်ခုသွားနေလို့ (၃)လလောက် ကြာမယ်. . ဒီအတွက် စိတ်မပူဖို့ လာပြီးပြောတာပါ။ နောက် ပြီး ငွေတစ်သိန်းကိုပါ ပေးသွားတာပဲ အစ်ကို. . ."

"ဒါဆိုရင်. . ရပါပြီ စောမူ၊ ကျေးဇူးတင်ပါတယ်. . ."

"အစ်ကိုစောနိုင်က. . ထောင်ကျနိုင်သလား- ဟင်"

"ဒါက. . သူ့အပေါ်မှာ မူတည်တယ် စောမူ၊ သူ့ဆီက အစ်ကိုတို့အတွက် သိချင်တာတွေကို ထွက်ဆိုပေးရင် အစ် ကိုတို့ ကူညီနိုင်မှာပါ. . ."

"သူက. . ဘာမှ မပြောဘူးလား"

"မပြောတာမဟုတ်ဘူး. . မပြောနိုင်တာ. . စောမူ၊

ဒါနဲ့ စောနိုင် ကျောင်းဘယ်နှစ်တန်းထိ နေခဲ့ဘူးလဲ. . . "

"(၈)တန်းအထိ နေခဲ့ဘူးပါတယ်. . အစ်ကို"

"စောမူတို့သားအမိ ဆက်ပြီးကူညီမယ်ဆိုရင်. . . စောနိုင်အတွက် သက်သာရာ သက်သာကြောင်း တစ်ခုကို ဖြစ်စေနိုင်မယ်. . . "

"စောမူတို့ ဘယ်လို ကူညီရမှာလဲ ဟင်. . . "

"စောနိုင်ကို သူသိတာတွေကို ပါးစပ်နဲ့ပြောလို့မရရင် စာနဲ့ ပြောခိုင်းစေချင်တယ်. . ဒါကို စောမူနဲ့ အမိုးတို့က နားသွင်းပေးပါလား"

"စောမူ. . ပြောပေးပါ့မယ်၊ အစ်ကိုစောနိုင်က စောမူကို သိပ်ချစ်တာ. . စောမူစကားကို နားထောင်မှာပါ"

"ဒါဆို. . မနက်ဖြန်ကျရင် အစ်ကိုလာပြီး ခေါ်မယ်လေ. . . "

"စောမူ. . စောင့်နေပါ့မယ်"

"အမိုးကိုတော့. . အသိမပေးနဲ့ဦး၊ နောက်မှ ဖြည်းဖြည်းချင်း ပြောတာပေါ့. . . "





"စောမူလည်း. . မပြောရဲဘူးအစ်ကို၊ အမိုးရောဂါက စိတ်ထိခိုက်လို့ မရဘူး. . . "

"ကျန်းမာရေးကောင်းမှ ပြောတာပေါ့. . အစ်ကိုတို့ကို ပြန်ခွင့်ပြုဦးနော်. . အမိုးဆီကို မကြာခဏ လာနေမှာပါ"

"ဟုတ် - ဟုတ်ကဲ့. . . "

"ဩော်. . စောမူ ခုကိစ္စကို ဘယ်သူမှ မသိစေနဲ့နော်၊ စောနိုင် အလုပ်ရှင်လာခဲ့ရင်လည်း အစ်ကိုတို့ကို ပြောပြဦး"

"စိတ်ချပါ. . အစ်ကို"

နေမင်းဆက်တို့ ပြန်ပြီး ထွက်လာကြရင်း. . လမ်းတွင် မှန်လုံပိတ်ပြီး မောင်းလာသောကားကြောင့် ကားကိုလမ်းဘေးသို့ ကပ်ပေးလိုက်ရသည်။

"ဒီလမ်းကျဉ်းကျဉ်းလေးကို စွတ်မောင်းရတယ်လို့ကွာ. . . "

"ပိုင်ဦး. . ဒီကား မောင်းသွားပုံက မရိုးသားဘူး၊ နောက်က အမီလိုက်ကြည့်ရအောင်. . . "

"အေး. . . ကောင်းတယ်"

ရှေ့ကားမှာ . . မြို့ထဲသို့ မောင်းဝင်နေခြင်း ဖြစ်သည်။

"တီ. . . တီ. . . "

အရေးပေါ်စက်မှ လှမ်းပြီးခေါ်သောကြောင့် ပိုင်ဦး နားထောင်ကြည့်လိုက်သည်။

"ပိုင်ဦး. . . ဘာတဲ့လဲ"

"မြို့ထဲကို မသင်္ကာတဲ့သူ (၃)ယောက် နယ်စပ်လမ်းက နေ ဝင်သွားတယ်တဲ့. . နောက်ယောင်ခံလိုက်ခဲ့ရင်း မျက်ခြည် ပြတ်သွားတယ်လို့ ပြောတယ်"

"ဝင်သွားတဲ့သူတွေက. . ကားနဲ့လား"

"ဟုတ်တယ်. . . "

"ဒါဆို. . ရှေ့က ကားများ ဖြစ်နေမလား၊ ဘယ်လို ကားမျိုးလဲဆိုတာ စက်နဲ့မေးကြည့်စမ်း. . ပိုင်ဦး"

"ဒီ. . ဒီ. . တီ. . တီ"

ပိုင်ဦး. . စက်ဖြင့် လှမ်းပြီး၊ ခေါ်ကာ မေးလိုက်သည်။

"သူတို့ ပြောတဲ့အမျိုးအစားနဲ့ ကားအရောင်ဆိုရင် ရှေ့က ကားပဲ. . မင်းဆက်"





နေမင်းဆက်. . ကားစက်ရှိန်ကို ထပ်ပြီး မြှင့်ကာ ရှေ့ကကားနောက်ကို လိုက်ခဲ့ကြသည်။

နေမင်းဆက်တို့. . လိုက်လာသည်ကို သဘော ပေါက်သွားပြီး၊ ကားကို ပြတ်ကျန်ခဲ့အောင် မောင်းတော့၏။

မြို့အဝင်လမ်း၏တစ်ဖက်. . တောလမ်းဘက်ကို ကားကို ဦးတည်ပြီးမောင်းတော့သည်။

"ပိုင်ဦး. . သေနတ်တော့ထုတ်ထား. . ဒီလမ်းက ရှေ့ ဆက်ပြီး သွားလို့ရမှာ မဟုတ်ဘူး၊ ရှေ့မှာ ရှိတဲ့တံတားက ကားမပြောနဲ့ လူတောင်တစ်ယောက်ချင်း ကူးနေရတာ. . . "

"ဒိုင်း. . . "

"ပိုင်ဦး. . . သတိထား"

နေမင်းဆက်တို့ကား ရပ်သည်နှင့် သေနတ်နှင့်လှမ်း ပြီး ပစ်ခတ်လေသည်။

"ဒိုင်း. . . ဒိုင်း"

"ပိုင်ဦး. . ပိုင်မှပစ်မယ်၊ မင်းနဲ့ငါ. . လူခွဲပြီး သွားမယ် ဒီကောင်တွေ. . လမ်းကို မကျွမ်းကျင်ဘူး"

"အော်. . ."

နေမင်းဆက်. . ဒီနေရာကို မကြာခဏရောက်ခဲ့သဖြင့် နယ်မြေကို ကျွမ်းကျင်နေလေပြီ။

ကားပေါ်မှာ စုစုပေါင်း လူ(၄)ယောက် ပါလာလေသည်. . နေမင်းဆက်တို့ကို ပစ်ခတ်ရင်း ချောင်းထဲသို့ ဆင်းသည်နှင့် နေမင်းဆက်အနီးကပ် ပစ်ချလိုက်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

"အား. . အီး. . ."

ချောင်းထဲသို့ ဆင်းရန်ပြင်နေသော နှစ်ယောက်. . ပေါင်ကို ထိမှန်ပြီး၊ ခွေကျသွားလေသည်. . ကျန်နှစ်ယောက်ကတော့ ချောင်းကို ဖြတ်ကူးပြီး၊ တောထဲသို့ ပြေးဝင်သွားလေသည်။

"ပိုင်ဦးဆက်ပြီး. . မလိုက်နဲ့တော့၊ မီမှာမဟုတ်ဘူး. . ဒီနှစ်ကောင်ကိုပဲ ခေါ်သွားတာပေါ့"

"ဟော့ကောင်. . . ထစမ်း"

"အား. . ထလို့မရဘူးဆရာ၊ ပေါင် - ပေါင်မှာ. .





သေနတ်မှန်ထားတယ်"

"ချောက်. . ."

ပိုင်ဦး ထိုနှစ်ယောက်ကို လက်ထိပ်ခတ်ပြီး၊ ကားဆီသို့ ခေါ်လာခဲ့သည်။

"နယ်မြေစခန်းကို အကြောင်းကြားပြီး. . ကားနဲ့သယ်ခိုင်းလိုက်တော့. . ."

"ငါ့အထင်ကတော့ ကားက နံပါတ်အတုကြီးနဲ့ ကားပဲဖြစ်မယ်ထင်တယ်. . မင်းဆက်"

"သေချာတယ်. . မှောင်ခိုလမ်းကြောင်းက ဝင်လာတဲ့ကားကို အသုံးပြုကြမှာပေါ့. . ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်. . ဆရာ၊ ဟိုတလောကမှ နယ်စပ်ဘက်က ခိုးသွင်း လာတဲ့ကားပါ. ."

"မင်းတို့နှစ်ယောက်. . အမှန်အတိုင်းပြောရင် မင်းတို့အတွက် အခွင့်အရေးရှိမယ်"

"ပြော. . ပြော ပါ့မယ်ဆရာ"

နေမင်းဆက်. . စစ်ကြောရေးစခန်းထဲမှ အပြင်သို့ ပြန်ပြီး ထွက်လာခဲ့သည်၊ အပြင်တွင် ပိုင်ဦးက စောင့်နေသည်။

"မင်းဆက်. . ဘာထူးလဲ"

"ဒီကောင် နှစ်ကောင်ဆီကတော့ အကုန်သိခဲ့ရပြီ. . ဒါပေမယ့် သိပ်ပြီးမပြည့်စုံဘူး. . ."

"ဘယ်လိုကြောင့်လဲ. . . မင်းဆက်"

"ဒီကောင်တွေ အဆင့်က ကြေးစားအဆင့်လောက်ပဲ ရှိတာ. . တကယ့်ထိပ်တန်းကိစ္စတွေကို သူတို့ မသိနိုင်ဘူး"

"သူတို့ ခိုင်းတဲ့လူရော. . ."

"ဒေါက်တာအိုက်ပန်. . ."





"ဟင်. . ."

"လွတ်သွားတာက နာဂီနဲ့ ဂျင်နောင်ဆိုတဲ့ကောင်. . နာဂီက ဆေးကုဖို့ မြို့ထဲကိုအတင်း ဖောက်ဝင်တာတဲ့၊ ခက်တာက နာဂီနဲ့ အိုက်ပန်ဆက်နွယ်နေပေမယ့်. . တစ်ဖွဲ့တည်းလို့ ပြောလို့မရဘူး ဖြစ်နေတယ်"

"ဘာလို့လဲ. . ."

"နာဂီဆေးကုဖို့အတွက် လာခဲ့တာကို လက်ခံရုံအဆင့်လောက်ပဲဆိုရင် အဖြေက တစ်မျိုးဖြစ်နေမယ်. . ."

"မင်းက. . ဘယ်လိုအနေအထားမျိုး မြင်ထားလို့လဲ မင်းဆက်. . ."

"ငါက. . ဒေါက်တာအိုက်ပန်ဟာ အဖွဲ့ကြီးတစ်ခုနဲ့ ပတ်သက်နေတဲ့ လူတစ်ဦးဖြစ်နိုင်တယ်. . စိန်ခိုးတဲ့ အဖွဲ့ကြီးလိုမျိုးအဖွဲ့လေ. . ."

"ဒါဆို. . မင်းအိုက်ပန်ကို မဖမ်းသေးဘူးပေါ့"

"အေး. . ဟုတ်တယ်၊ ခုနေ ဖမ်းလည်း သူ့ဘက်က ရှောင်ထွက်လို့ ရနိုင်သေးတယ်. . . နာဂီကို သူမသိဘူး၊ ဆေးကုချင်တဲ့ လူနာတစ်ယောက်ကို ဆရာဝန်အနေနဲ့

လတ်ခံတာပဲ ရှိတယ်ဆိုရင်၊ အပြစ်က သိပ်ပြီးထိရောက်မှာ မဟုတ် ဘူး. . ."

"သူတပည့်နှစ်ယောက်ကိစ္စနဲ့ ချုပ်ကိုင်ရင်ရော. . ."

"သူတပည့်ဆိုတာလည်း. . တရားဝင် မှတ်ပုံတင်ထားတဲ့ကိစ္စ မဟုတ်ဘူးလေ၊ သူက ငြောင်ငြင်းရင် ခက်မယ်"

"အင်း. . မင်းပြောတာလဲ ဟုတ်နေတာပဲ၊ ဒါဖြင့် မင်း ဘာဆက်ပြီး လုပ်မလဲ. . ."

"စောနိုင်ဆီက အဖြေက. . ဒေါက်တာအိုက်ပန်ကို ဖမ်းနိုင်တဲ့ သက်သေတစ်ခု ဖြစ်လာနိုင်တယ်"

"စောမူနဲ့. . ပေးတွေ့ပြီးပြီလား"

"သွားပြီး. . ခေါ်မယ်လေ"

နေမင်းဆက်. . ဌာနချုပ်အပြင်ဘက်သို့ ထွက်လာပြီး ကားပေါ်တက်ကာ စောမူဆီကို ထွက်လာခဲ့တော့၏။

စောမူအိမ်ကို ရောက်တော့. . .

"အစ်ကို. . . အစ်ကို ကယ်ပါဦး"

"ဟင်. . ဘာဖြစ်လို့လဲ စောမူ. . ."

"ဒီ. . ဒီမှာစာ. . . အမိုးကို ဖမ်းသွားကြပြီ"





"ဘာ. . ."

နေမင်းဆက်. . စောမူ ပေးလိုက်သောစာကို ယူပြီး ဖတ်လိုက်သည်. . .

"စောမူ. . .

နင့်ဆီကို ထောက်လှမ်းရေးက လူတွေလာနေတာကို ငါတို့သိတယ်. . နင့်အစ်ကို အဖမ်းခံထားရတာကို နင်သိနေမှာပါ၊ နင့်အစ်ကို နင့်ကို ပေးထားတဲ့ ဒီဂျစ်တယ်ကင်မရာနဲ့ နင်အမေကို လာပြီးလဲပါ. . ထောက်လှမ်းရေးတွေကို အသိပေးရင် နင့်အမေအသက်ရှင်လျက် မမြင်စေရဘူးဆိုတာကို မှတ်ထားပါ. . .။

နင့်ဘက်က အသင့်ပြင်ပြီး စောင့်နေ ငါတို့ထပ်ပြီး ဆက်သွယ်မယ်. . ."

(မှုန်တိုင်း)

"ဟင်. . ."

နေမင်းဆက်. . စာကိုဖတ်ပြီးသည်နှင့်-

"စောနိုင်ပေးထားတဲ့ ကင်မရာ ဘယ်မှာလဲ. . ."

"ရှိတယ်အစ်ကို. . စောမူသိမ်းထားပါတယ်၊ ဘယ်

လိုလုပ်ရမလဲ. . .”

“စောမူ. . . ကင်မရာကို သွားယူ”

စောမူအပြင်သို့ ထွက်သွားပြီး. . ကရင်ရိုးရာနတ်စင်ထဲမှ အဝတ်နှင့်ပတ်ထားသော ကင်မရာလေးကို ထုတ်ယူလာခဲ့သည်။ နေမင်းဆက်. . ကင်မရာမှ ရိုက်ယူထားသော ပုံတွေကို ပြန်ပြီးဖွင့်ကြည့် လိုက်တော့၊ ဒေါက်တာအိုက်ပန်နှင့် နိုင်ငံခြားသားတချို့ ဓာတ်ပုံတွေရယ်၊ စက်ကိရိယာအခန်းနှင့် ဓာတ်ခွဲ ခန်း ဓာတ်ပုံတွေကို တွေ့လိုက်ရသည်။

“ဒီကင်မရာကို အစ်ကို စောနိုင်ကပေးထားတာ ကြာပြီအစ်ကို. . .”

“ဘယ်သူမှ မသိစေနဲ့. . လုံခြုံအောင်သိမ်းထားလို့ မှာတာနဲ့ စောမူလည်း သိမ်းထားတာ. . .”

“အမိုးကို ဘယ်လိုလုပ်ပြီး. . . ခေါ် သွားတာလဲ”

“စောမူမသိလိုက်ဘူး. . အိမ်ကို ရောက်တာနဲ့ အိမ်တံခါးဝမှာ ဒီစာကို တွေ့ရတာ. . စောမူဘယ်လိုလုပ်ရမလဲ အစ်ကို. . .”

နေမင်းဆက်. . အိမ်ထဲမှ အပြင်ကို ကြည့်လိုက်တော့





အရိပ်အခြည်ကို စောင့်ကြည့်နေသော လူနှစ်ဦးကို တွေ့လိုက်ရသည်။

နေမင်းဆက် ဝင်လာသည်ကို တွေ့မှာသေချာသလောက် ဖြစ်သည်။ နေမင်းဆက်. . ကင်မရာကို အိပ်ကပ်ထဲထည့်လိုက်ပြီး. . .

“စောမူ. . မင်း ဒီမှာ နေခဲ့ဦး”

“ဟုတ်ကဲ့. . .”

နေမင်းဆက်. . ဘာမှ မဖြစ်သလိုနှင့် အိမ်ထဲမှပြန်ထွက်လာကာ မယောင်မလည်လုပ်နေသော နှစ်ယောက်နားသို့ ကပ်သွားပြီး. . .

“ဟိုး. . ဆရာ၊ မီးခြစ်လေးများ ပါလားမသိဘူး”

“ပါတယ်. . ရော့”

နေမင်းဆက်. . စီးကရက်ကို မီးညှိသလို ပြုပြီး-

“ဖြောင်း. . .”

“ဟင်. . .”

“ချောက်. . .”

“ဟာ. . .”

နေမင်းဆက်. . အလျင်မြန်ဆုံး လှုပ်ရှားလိုက်ပြီး လက်ထိပ်ပါ ခတ်လိုက်သည်။

"ကျုပ်တို့. . ဘာလုပ်လို့လဲ"

"မင်းတို့ဘာလုပ်သလဲဆိုတာ. . မင်းတို့ သိမှာပေါ့။ မင်းတို့ဆရာ အိုက်ပန်ကို ခုလောက်ဆိုဖမ်းမိလောက်ပြီ. . ."

"ဗျာ. . ."

"ဟင်. . ."

နေမင်းဆက် ခပ်တည်တည်နှင့် ပြောလိုက်သည်နှင့် နှစ်ယောက်လုံး မျက်နှာပျက်သွားသည်။

"ဒါဆို. . သဘောပေါက်ပေါ့"

"ကဲ. . . ကားပေါ်တက်"

"ဟုတ် - ဟုတ်ကဲ့"

နေမင်းဆက်. . စောမူကို လှမ်းပြီးခေါ်လိုက်ပြီး၊ ဖမ်းထားတဲ့နှစ်ယောက်ကို ကားတံခါးနှင့် ထပ်ပြီးလက်ထိပ်တွဲ ခတ်ထားကာ ကားကို အမြန် မောင်းထွက်လာခဲ့သည်။

"မင်းတို့ နှစ်ယောက်အပြင်. . ဘယ်သူစောင့်ကြည့်သေးလဲ. . ."





"ဘယ်သူမှ. . မရှိပါဘူး ဆရာ၊ ကျွန်တော်တို့ နှစ်ယောက်ကိုပဲ တာဝန်ပေးထားတာပါ"

"ဒေါ်နော်အယ်လာကို ဘယ်မှာ. . ဖမ်းထားတာလဲ"

"ဟို မြို့ပြင်က ဘုရားကျောင်း အပျက်ကြီးထဲမှာပါ"

"သေချာလား. . ."

"သေချာပါတယ်. . ဆရာ၊ ကျွန်တော်ကိုယ်တိုင် သွားပို့ပြီး ဒီမှာပြန်ပြီး စောင့်နေရတာပါ. . ."

"ဟိုမှာ. . လူဘယ်နှစ်ယောက် ရှိသလဲ"

"အားလုံး(၅)ယောက်ပါ. . ."

"လက်နက်. . အပြည့်ပေါ့"

"ဟုတ်ကဲ့. . ပစ္စတို(၃)လက် ပြောင်းရှည်(၂)လက်"

နေမင်းဆက်. . ဌာနချုပ်ထဲသို့ ကားကို မောင်းဝင်ပြီးသည်နှင့်-

"မင်းဆက်. . ဘယ်လိုဖြစ်တာလဲ"

"ဖြစ်တာကို နောက်မှပြော. . ဆရာမင်းကြည်တို့ တပ်ဖွဲ့ကို ဒေါက်တာအိုက်ပန်ကို အမြန်ဆုံးသွားပြီး ဖမ်းခိုင်းတော့. . မင်းငါနဲ့ လိုက်ခဲ့၊ ရဲဘော်(၅)ဦးလောက်ပါ ခေါ်ခဲ့ကွာ၊

မြို့ပြင်က ဘုရားကျောင်းကို အမြန်ဆုံးသွားရမယ်. . ဆရာအောင်မင်းက ဒီလူနှစ်ယောက်ကို ခဏထိန်းထားလိုက်ဝါ. . စောမူ အစ်ကိုနဲ့ လိုက်ခဲ့ဦး. .

ဟုတ်ကဲ့. . .

အားလုံးပြင်ဆင်ပြီးသည်နှင့် ထွက်လာခဲ့ကြတော့သည်။

“စောမူ. . ကင်မရာကို ကိုင်ပြီး ခပ်တည်တည်နဲ့ ဝင်သွား အစ်ကိုတို့ ကပ်ပြီးလိုက်ခဲ့မယ်”

“ဟုတ်ကဲ့. . .”

ကားလေးမှာ. . မြို့ပြင်ဘက်ဆီသို့ ရောက်သည်နှင့် ဘုရားကျောင်းပျက်နှင့် အလှမ်းဝေးသော နေရာတွင်ရပ်ကာ. . .

“ပိုင်ဦး မင်းနဲ့ရဲဘော်တွေက. . ပြေးလမ်းကြောင်းပိတ်ပြီး. . အနီးဆုံးကို ရောက်အောင်သွား၊ ငါက စောမူနဲ့အနီးကပ်လိုက်သွားမယ်. . စောမူ ဘာမှ မကြောက်နဲ့နော်”

ဟုတ်ကဲ့. . အစ်ကို

နေမင်းဆက်သည် အစီအစဉ်ချပြီး စောမူကိုလမ်းအ





တိုင်းသွားခိုင်းကာ နေမင်းဆက်ဘေးမှာ ရှိသောတောလမ်းကလေးကနေ လိုက်ပါသွားခဲ့သည်။

ဘုရားကျောင်းဝင်း အရောက်တွင်. .

“ဟေ့. . ဘယ်သူလဲ”

“ရှင်တို့ ဆရာကြီးလွှတ်လိုက်လို့. . .”

“ဘာကိစ္စလဲ. . .”

“ကင်မရာကို ဒီမှာလာပြီး. . ပို့ခိုင်းတာပဲ”

“မင်း တစ်ယောက်တည်းလား. . .”

“ဟုတ်တယ်. . .”

“ဆရာကြီးပြောထားတော့. . မင်းနဲ့ ငါတို့ဆီကို လူနှစ်ယောက်ပါလာမယ်ဆို ခုတော့ ဘယ်လိုဖြစ်တာလဲ. . .”

“ဒါတော့. . မပြောတတ်ဘူး၊ ရှင့်ဆရာကြီး ဒေါက်တာအိုက်ပန် ခိုင်းတာပဲ. . .”

ဒေါက်တာအိုက်ပန် နာမည်ကို အသုံးပြုမှ ယုံကြည်သွားသည်။

“ပေး. . . ကင်မရာ”

“ဒါမျိုးရမလား. . ရှင် ကျွန်မအမေကို အရင်လွှတ်

ပေး. . ."

"မော်ကြီး. . ."

"ဘာလဲ. . ."

"မင်းဆရာကြီးဆီကို ဖုန်းဆက်ကြည့်ဦး. . တစ်ခုခု လွဲချော်နေတယ်၊ ဆရာကြီးဆီက ဘာမှအကြောင်း မကြားဘူး. . ."

"မင်း. . နေဦး၊ ငါ ဖုန်းဆက်ပြီး မေးမယ်"

"ဟင်. . ."

စောမူရင်ထဲတွင် ထိတ်သွားသည်. . ဒေါက်တာ အိုက်ပန်ဆီကို ဖုန်းဝင်ရင် အလိမ်ပေါ်သွားနိုင်သည်။

"တောက်. . အရေးထဲ ဖုန်းက ဘတ္တရီကုန်နေပြီ"

"ဟူး. . ."

စောမူ မသိမသာ သက်ပြင်းချလိုက်သည်-

"အံ့ကြီး. . ရာ မထူးပါဘူး၊ ငါတို့ ဒီမှာ အဖွားကြီးကို ခေါ်ထားတာ ငါတို့လူကလွဲပြီး ဘယ်သူမှ သိတာမှမဟုတ်တာ. . သူပြောတာဖြစ်နိုင်ပါတယ်၊ ကင်မရာလည်း ပါနေတာ ပဲဟာ. . ."





"ဒါဆို. . မင်းသဘောပဲ"

"အဖွားကြီး သွားပြီးခေါ်ခဲ့တော့. . ."

"ဟိုကောင်တွေ. . အဖွားကြီးကို ခေါ်ခဲ့"

ဒေါ်နော်အယ်လာကို လူဆိုး(၃)ဦး ခေါ်လာသည်။

"သမီး. . ."

"အမိုး. . ."

"မင်းလက်ထဲက. . ကင်မရာကိုပေးတော့"

"ရော့. . ."

"အဖွားကြီးကို လွှတ်ပေးလိုက်. . ."

မော်ကြီး. . ကင်မ်ရာကို လှမ်းပြီးသူ့အိပ်ကပ်ထဲသို့ ထည့်လိုက်သည်နှင့်. . .

"ဟော့. . ကောင်တွေ၊ ရပ်နေနော်. . ."

"ဟင်. . ."

"ဟာ. . ."

"ပြေး. . . ပြေး"

မော်ကြီး. . အသံပြုပြီး အပြေးမှာ. . .

"ဒိုင်း. . ."

"အာ့း. . ."

မျော့ကြီး အရှေ့သို့ မှောက်ကျသွားသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံတွေက အဲဟန့်သဖွယ် ပစ်ခတ်ပြလိုက်သောကြောင့်. . ကျန်(၄)ယောက်လုံး သေနတ်တွေကို ချကာ လက်မြှောက်ထားကြလေသည်။



ဒေါက်တာအိုက်မှန်ကို. . ဆရာမင်းကြည်တို့ မမိလိုက်ပေ။

"ဘယ်လိုလွတ်မြောက်သွားတာလဲ ဆရာမင်းကြည်"

"ဒါကို ဘယ်လိုမှ စဉ်းစားမရဘူး. . ဖြစ်နေတာ၊ အိမ်ထဲမှာ ရှိနေတာကို သေသေချာချာတွေ့လိုက်ပြီး ဝင်ဖမ်းတော့ ဘယ်လိုမှ. . ရှာမတွေ့ဘူး"

"ဟုတ်. . ."

"ကျွန်တော်တို့လည်း. . တစ်အိမ်လုံး အနှံ့ရှာတာပဲ၊ မတွေ့ဘူး"

"သူ့အိမ်မှာ ဘယ်သူမှ မရှိဘူးလား"

"သူဇနီးက ရန်ကုန်သွားနေတယ်. . ကျန်တာ ဘယ်သူမှ မနေဘူး"

နေမင်းဆက် ဆရာမင်းကြည် စကားကြောင့် စဉ်းစားရကျပ်သွားပြီး. . .

"ခု ဆရာမင်းကြည်တို့ ဘာလုပ်ထားခဲ့လဲ. . ."

"အိမ်ကြီးမှာ တပ်ဖွဲ့ဝင်တွေကို စောင့်ကြည့်ခိုင်းထားတယ်. . လမ်းကြောင်းတွေလည်း ပိတ်ဆို့ထားပါတယ်"

"သူ့ဆေးခန်းရော. . ရှာခဲ့လား"

"ရှာခဲ့တယ်. . ဆေးခန်းမှာက ဘီရိုတစ်လုံးကလွဲပြီး ဘာမှ မရှိပါဘူး. . လူနာ ဆေးကုတဲ့ခုတင် လောက်ပဲရှိတာ"

မင်းဆက်. . ကားပေါ် တက်ပြီး၊ ဒေါက်တာအိုက်ပန် အိမ်ဆီသို့ မောင်းထွက်ခဲ့သည်. . နေမင်းဆက်နှင့်အတူ ပိုင်ဦးပါ လိုက်ပါလာခဲ့သည်။

"ဒီအိမ်ကြီးမှာ. . လျှို့ဝှက်ချက်တစ်ခုတော့ ရှိနေပြီ၊ ပိုင်ဦး. . ."

"မင်းဆိုလိုတာက. . မြေအောက်ခန်း ရှိနေတယ်ပေါ့"

"ဟုတ်တယ်. . ."





"သူ့ကောင်တွေဆီက ဘာမှမသိရဘူးလား. . ."

"ဒီကောင်တွေ သိနိုင်တဲ့ အနေအထားမျိုး မရှိဘူး. . ဒေါက်တာအိုက်ပန်က ဒီကောင်တွေကို အတွင်းကိစ္စတွေကို အသိပေးနိုင်အောင်အထိ ယုံကြည်မှာ မဟုတ်ဘူး. . လူမိုက်သဖွယ်လောက်ပဲ ပိုက်ဆံနဲ့ ခိုင်းတဲ့အဆင့်ပဲ ရှိတယ်"

ဒေါက်တာအိုက်ပန် အိမ်သို့ရောက်တော့. . . နေမင်းဆက်. . တိုက်၏နံရံတွေကို လေ့လာပေမယ့်၊ သိပ်ပြီး ထူးခြားချက်ကို မတွေ့ရပေ-

"ဟူး. . ."

သက်ပြင်းမှုတ်ထုတ်ပြီး. . အောက်ထပ်တွင် ဖွင့်ထားသော ဆေးခန်းဆီသို့ ဝင်လာခဲ့သည်။

ဆေးခန်းထဲတွင် ပစ္စည်းပစ္စယက ဘာမှ မရှိပေ. .

နေမင်းဆက်. . စားပွဲပေါ် မှ ပစ္စည်းတွေကို တစ်ခုချင်းကိုင်ကြည့်ပြီး. . .

ကုလားထိုင်တွင်. . ထိုင်ချလိုက်သည်။

ကုလားထိုင်ကို နေရာရွှေ့ကြည့်တော့. . မရ

"ဟင်. . ."

". . . ထိုအချိန်မှ ကုလားထိုင်အောက်ခြေကို" သေသေချာချာကြည့်မိတော့ . . ကြမ်းပြင်နှင့် စိုက်သွင်းထားသည်ကို တွေ့ရပြီး [illegible] . . ကုလားထိုင်ကို အညွှန်မျိုးစုံနှင့် ရိုမ်ကြည့်ရင်း [illegible]

"ယ်ကျို [illegible]" [illegible]

. . . "မကြာမီ" [illegible]

[illegible] သီရိရှေ့မှာ . . အရုပ်တော်ကြီးချပ်ကြီး မွှင့်သွားရသေ့ သည်။ [illegible]

"ပိုင်ဦး . . သေနတ်ကို ပြင်ထားတော့ . . အောက်ကို ဆင်းမှာ [illegible] လား" [illegible]

နေမင်းဆက်ကြီး [illegible] ပိုင်ဦး နေ့ညက် မှလိုက်ခဲ့သည်။ [illegible]

"[illegible] မင်းဆက် ဖွင့်ကြည့်လိုက် ရမလား . . ."

"မဖွင့်နဲ့ဦး [illegible]" [illegible]

နေမင်းဆက်ကို [illegible] နားစွင့်လိုက် တော့ . . တိတ်ဆိတ်ပြီး ထူးခြားမှုမရှိတော့မှ [illegible]"





[illegible] "မွင့်တော့ . . ပိုင်ဦး" [illegible]

[illegible] "မြောက်" [illegible]

[illegible] "ထွက်မြို့" [illegible]

"ဟာ . . ." [illegible]

[illegible] မြေအောက်ခန်း တစ်ခုလုံးမီးလင်းသွားသည်နှင့် . . မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်သွားကြသည်။ [illegible] ကော်တာအိုက်မှန် [illegible] သေ့အိုင်ထဲတွင် လဲနေလေ သည်။ [illegible]

". . . ကိုယ့်ကိုယ်ကို သတ်သေတာလား . . ." [illegible]

နေမင်းဆက် [illegible] အနေအထားကို လှော့လာလိုက် တော့ [illegible]

"မဟုတ်ဘူး . . . တစ်ယောက်ယောက် သတ်သွား တာကွ" [illegible]

[illegible] နေမင်းဆက် မြေအောက်ခန်းထဲမှ အနေအထားကို လှော့လာတော့ [illegible] စက်ခန်းစစ်ဆည်းများနှင့် ခုတင်တစ်လုံးကို တွေ့လိုက်ရသည် . . ထိုအပြင်တခြားသော အဝတ်အစားနှင့် [illegible] တွေ့လိုက်ရသောကြောင့် [illegible]

"ဒီမှာ ဒေါက်တာအိုက်ပန် တစ်ယောက်ယောက်ကို ဆေးကုနေတာ ဖြစ်မယ်ကွ. . ဒီအဝတ်အစားတွေက အိုက်ပန် အဝတ်အစားတွေ မဖြစ်နိုင်ဘူး၊ ပြီးတော့ လူနာကို ခွဲစိတ်ကုသထားတဲ့ပုံပဲ. . ."

သွေးစွန်းနေသော အဝတ်တွေနှင့် ပတ်တီးတွေပါ တွေ့နေရသည်။

"သတ်တဲ့သူက. . ဒီအခန်းထဲမှာ အရင်ရှိနေပြီး၊ ဖြစ်ရမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ပြန်ထွက်မလဲ. . ငါတို့တပ်ဖွဲ့တွေက ပိတ်ဆို့ထားတော့ ထွက်စရာဒီတစ်ပေါက်ပဲ ရှိတာ. . ."

"ငါလည်း. . ဒါကိုစဉ်းစားနေတာပဲ"

"ပိုင်ဦး. . နားထောင်စမ်း၊ ရေစီးသံလိုလို ကြားနေရတယ်. . ."

"ဟုတ်တယ်. . ဟိုရှေ့ဘက်ကကွ"

နေမင်းဆက် မြေအောက်ခန်း အရှေ့ဘက်နံရံနားသို့ ကပ်ပြီးနားထောင်တော့. . ရေသံကို အတိုင်းသား ကြားနေရသည်။

နေမင်းဆက်နံရံကို စေ့စေ့စပ်စပ်ကြည့်ပြီး. . တွန်း





ကြည့်လိုက်တော့မှ. . .

"ကျွီ. . . ."

နံရံချပ်ကြီး လည်ထွက်သွားကာ. . လှိုဏ်စမ်းချောင်း တစ်ခုကို တွေ့ရသဖြင့်. . .

"သေချာပြီ. . ဒီကနေ လစ်ထွက်သွားတာပဲ ဖြစ်မယ်"

"လိုက်ကြည့်မလား. . ."

"လိုက်ကြည့်လည်း ခုလောက်ဆို လွတ်သွားပြီပေါ့။ ဘယ်နေရာ ရောက်လဲဆိုတာပဲသိမယ်၊ ဆရာအောင်မင်းကို ခေါ်ပြီး. . ဒေါက်တာအိုက်ပန်ကိစ္စကို စီစဉ်ခိုင်းတော့ မင်းနဲ့ငါ လှိုဏ်စမ်းချောင်းအတိုင်း ထွက်ကြရအောင်. ."

"အေး. . ."

ဒေါက်တာအိုက်ပန်ကိစ္စကို လွှဲခဲ့ပြီး၊ လှိုဏ်စမ်းချောင်း အတိုင်း ထွက်ခဲ့ကြသည်။

စမ်းချောင်းလေးဆုံးတော့. . သဲချောင်းဆီသို့ ရောက်ခဲ့သည်။

"ဒါ. . တောထဲကို ရောက်သွားတာပဲ. . ပိုင်ဦး"

"ဟုတ်တယ်. . ဒီကနေဆက်သွားရင်၊ သဲဖြူရွာကို

ရောက်မယ်ကွ. . .”

“ဒီရွာထိသွားပြီး. . သဲလွန်စ ရှာကြတာပေါ့၊ လူသတ်သမားဟာ ဒီရွာထဲကတော့ ထွက်မှာမဟုတ်ဘူး၊ သဲဖြူရွာကနေ ထွက်နိုင်တယ်”

“ဒါဆိုလည်းသွားကြစို့”

နာရီဝက်လောက် လျှောက်လာခဲ့ကြတော့ သဲဖြူရွာလေးဆီကို ရောက်ခဲ့ကြသည်။

ရွာလူကြီးအိမ်သို့ ဝင်ရောက်ပြီး

“ခုရက်ပိုင်းအတွင်း ဒီရွာမှာ လူစိမ်းဝင်တာ ရှိလား၊ ဦးကြီး. . .”

“လူစိမ်းတော့. . မဟုတ်ဘူး၊ ဒေါက်တာအိုက်ပန်ဇနီးနဲ့ အမျိုးသားတစ်ယောက်တော့ မနေ့က ရွာကနေထွက်သွားတယ်. . .”

“ဟုတ်လား”

“ဟာ. . ဒေါက်တာအိုက်ပန်ဇနီး ဟုတ်လားဦးကြီး၊ သေချာရဲ့လား”

“သေချာပေါ့ဗျာ၊ မနေ့မနက်ကိုတောင် ဆေးတွေပေးခဲ့





သေးတယ်၊ သူ့ယောကျာ်း ဆေးခန်းမှာ ကျပ်ကလည်ချောင်းရောင်လို့ ပြရင်း. . ရင်းနှီးခဲ့ကြတာ၊ နန်းကြာညိုမှ နန်းကြာညိုစစ်စစ်ပါ. . .”

“သူ့ဘေးက. . လူပုံစံက ဘယ်လိုလဲ. . .”

“တိုင်းရင်းသားထဲက မဟုတ်ဘူး၊ လူမျိုးခြားတစ်ဦးပဲ လည်ပင်းမှာလည်း ပတ်တီးကြီးနဲ့. . .”

“ဟင်. . .”

“သူတို့. . ဘာနဲ့ထွက်သွားတာလဲ၊ အတူတူ လာကြတာလား ဦးကြီး. . .”

“အတူလာကြတာတော့. . မဟုတ်ဘူး၊ နန်းကြာညိုက ကားနဲ့အရင်လာပြီး. . သဲဖြူချောင်းဘက်ကို သွားတယ်၊ နောက်. . ဒီလူမျိုးခြားပါလာတာပဲ၊ ပြန်သွားကြတော့ လည်းကားနဲ့ပဲကွ. . .”

“ကျေးဇူးပဲဗျာ. . .”

နေမင်းဆက်တို့ ရွာလူကြီးကို နှုတ်ဆက်ပြီး၊ ရွာမှဆိုင်ကယ်တစ်စင်း ငှားပြီး. . ပြန်ခဲ့ကြတော့သည်။

“မင်း. . ဘယ်လိုယူဆလဲ”

"ရှုပ်တာတော့. . ရှုပ်ကုန်ပြီ၊ ဒဏ်ရာနဲ့ကောင်ဆိုတာ နာဂီ. . ဖြစ်ဖို့များတယ်၊ ဒေါက်တာအိုက်ပန်ကို သတ်တာ အကြောင်း နှစ်မျိုးနဲ့သတ်ခဲ့တာလို့ ယူဆလို့ရတယ်. . ."

"ဘယ်လို. . နှစ်မျိုးလဲ"

"ပထမ အကြောင်းက. . . နှုတ်ပိတ်ခြင်း၊ ဒုတိယ အကြောင်းကတော့ နန်းကြာညိုရဲ့ ဖောက်ပြန်မှုတစ်ခုကြောင့် အပြတ်ရှင်းတဲ့. . သဘောပဲ. . ."

"တော်သေးတာပေါ့. . မင်းဆက်ရာ၊ ငါက. . . ဒေါက်တာအိုက်ပန် သေပြီဆိုတော့. . အမှုကွင်းဆက်က ပြတ်ပြီ လို့ထင်ထားတာ. . ခုတော့ နန်းကြာညိုနဲ့ နာဂီတို့က အမှုအတွက် ကွင်းဆက်တစ်ခု ဖြစ်လာလို့. . ဒါနဲ့ ဒီအဖွဲ့ အမည်က မုန်တိုင်းလို့ ပေးထားတယ်နော်. . ."

"ဟုတ်တယ်. . အရှေ့တောင် အာရှတဝိုက်မှာ ဒီအမည်နဲ့ လှုပ်ရှားနေတာပဲ. . . ပိုင်ဦး"

"နာဂီနဲ့ နန်းကြာညို တရုတ်ပြည်ဘက်ကို ထွက်နိုင်လား. . ."

"တိတိကျကျ. . ပြောလို့မရသေးဘူး၊ မုန်တိုင်းအဖွဲ့





နဲ့ ပတ်သက်ပြီး. . နောက်ထပ်သဲလွန်စ တစ်ခုတော့ ရနိုင်ပါသေးတယ်"

"ဘယ်သူဆီကလဲ. . ."

"စောနိုင် ဆီကပေါ့. . ."

"သူ့ညီမ. . စောမူနဲ့ ပေးတွေ့ ခိုင်းလိုက်ပြီလား"

"တွေ့ခိုင်းလိုက်ပြီ. . ဌာနချုပ်ရောက်ရင်တော့ သိရမှာပဲ. . ."

"အင်း. . မုန်တိုင်းအဖွဲ့နဲ့တော့ ဇာတ်လမ်းက စပြီ၊ မင်းဆက်ရေ. . ."

"ကျွန်တော်နဲ့ စတင်ပြီး ဆုံခဲ့တာ. . နန်းကြာညိုပါ"

စောနိုင်. . စာရွက်ပေါ်တွင် ထွက်ဆိုချက်တွေကို တစ်ရက်နဲ့ တစ်ညာရေးပြီး. . နေမင်းဆက်တို့ထံ ပေးလိုက်ပြီဖြစ်သည်။

"ကျွန်တော် တောထဲကအပြန် တောင်ကြားအကွေ့မှာ နန်းကြာညိုရဲ့ကားက သစ်ပင်နဲ့ဝင်တိုက်မိပြီး. . သတိလစ်နေတာကို တွေ့လို့ ကူညီပေးရင်း ရင်းနှီးခဲ့ပါတယ်၊ နောက်တော့ ကျွန်တော်လုပ်ကိုင်နေတဲ့ အလုပ်ကို မလုပ်ဘဲ သူနဲ့အတူ လုပ်ကိုင်ဖို့ ဖိတ်ခေါ်ခဲ့တယ်"





"ဒီတုန်းက ဘာအလုပ်လဲဆိုတာကို တိတိကျကျ မသိခဲ့ရပါဘူး၊ နယ်စပ်ဒေသမှာ မှောင်ခိုလုပ်ငန်းတစ်ခုပဲလို့ ထင်ခဲ့ပါတယ်. . နန်းကြာညို ခေါ်သွားတဲ့ စခန်းတစ်ခုမှာ တစ်လလောက် ဘာမှမလုပ်ရဘဲ နေခဲ့ရတယ်၊ စခန်းဆိုပေမယ့် သူပုန်စခန်းတစ်ခုတော့ မဟုတ်ဘူး. . ထိုင်းအခြေစိုက် လူမှုရေးအဖွဲ့တစ်ခုရဲ့နေရာပါ. . ."

နယ်စပ်ဒေသက ဒုက္ခရောက်နေသူတွေကို ကူညီပံ့ပိုးမှုတွေ လုပ်ပေးနေတာ တွေ့ခဲ့ရတယ်၊ သိပ်ပြီးတော့ မသိခဲ့ပါဘူး. . ကျွန်တော့်ကို အထူးသည့်သည်လို ထားပြီး၊ ဘန်ကောက်ထိ သွားရောက်ပြီး လည်ပတ်ခွင့်ရခဲ့တယ်"

"တစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊ ယောကျ်ားတစ်ယောက်တော့ ပါလာတတ်တယ်. . တစ်လပြည့်တဲ့ ညဘက်မှာ. . ကားနက်ကြီးတစ်စီးနဲ့ လာပြီးခေါ်တယ်"

"ကားထဲမှာ. . ကျွန်တော်နဲ့ရွယ်တူ တိုင်းရင်းသား လူငယ်(၅)ဦးကိုပါ ပေါင်းပြီးတွေ့လိုက်ရတယ်. . ခုထိသူတို့ အဖွဲ့ထဲမှာ ရှိနေကြပါတယ်"

"ကားနက်ကြီးနဲ့. . ခေါ်သွားခဲ့တာ တစ်ရက်လောက်

ကြာခဲ့ပါတယ်၊ ဘယ်ကို ခေါ်သွားတယ်ဆိုတာ မသိခဲ့ရဘူး. . အပေါ့အပါးသွားချင်ရင် ကားရပ်ပေးတယ်၊ ထမင်းစားချိန်ကျရင် စားသောက်ဆိုင်တစ်ခုမှာ ရပ်ပေးတော့မှ ကားကိုကြည့်မိတယ်. . လူမှုကယ်ဆယ်ရေးတံဆိပ်ကြီး တပ်ထားတဲ့ကား တစ်စီးဖြစ်နေတယ်"

"မြို့တွင်းနားရောက်တော့. . ကျွန်တော်တို့ (၆) ယောက်ကို အဝတ်အစားတွေ လဲခိုင်းတယ်၊ သူတို့ပေးတဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးဝတ်စုံတွေကို ဝတ်ခဲ့ရတယ်. . ပြီးတော့ ကျွန်တော်တို့ ဓာတ်ပုံနဲ့ကဒ်လေးတွေကို ဆွဲခိုင်းပြီးမှ မြို့တွင်း တံတားဆီကို မောင်းခဲ့ကြတယ်. . ."

"ထိုင်းလုံခြုံရေးဂိတ်က အရာရှိကို ကျွန်တော်တို့ကား ခေါင်းက လူကြီးက ဘာတွေပြောလဲမသိဘူး. . ကျွန်တော်တို့ (၆)ယောက်ကို အဖြစ်သဘောကြည့်ပြီး ကားကို မောင်းခိုင်းခဲ့တယ်. . ဒီနောက်တော့ ပင်လယ်ကမ်းခြေတစ်ခုကို ရောက်ခဲ့ပြီး. . စက်လှေနဲ့ ခရီးဆက်ခဲ့ကြရတယ်"

"ကမ်းခြေကနေ. . (၅)နာရီ နီးပါးလောက်သွားတော့ မြို့လိုဖြစ်နေတဲ့ ကျွန်းတစ်ခုကို ရောက်ခဲ့တယ်. . ထိုင်းနဲ့





မလေးရှား ဘယ်သူပိုင်လဲဆိုတာကို မသိခဲ့ပါဘူး"

"ကျွန်းပေါ်မှာတော့ လူမျိုးပေါင်းစုံ အလုပ်လုပ်ကိုင်နေကြတာတော့ တွေ့ရတယ်. . ဒီကျွန်းမှာ တစ်ပတ်လောက်ဆက်ပြီး နေရပြန်တယ်၊ အဲဒီအချိန်ထိ ကျွန်တော်တို့ (၆)ယောက်ကို ဘယ်ကို ခေါ်သွားပြီး. . ဘာတွေခိုင်းမယ် ဆိုတာကို မသိရသေးပါဘူး"

"ကျွန်းပေါ်မှာလည်း. . ဘာမှမလုပ်ရဘဲ၊ စားလိုက် သောက်လိုက် အိပ်လိုက်နဲ့ နေခဲ့ရတယ်. . ဘာတစ်ခုမှ လိုအပ်တာမရှိစေခဲ့ရဘူး၊ တစ်ပတ်ပြည့်တော့မှ မော်တော်တစ်စီးနဲ့ တင်ခေါ်သွားပြီး နိုင်ငံခြားပင်လယ်ကူး သင်္ဘောကြီးတစ်စီးပေါ်ကို ပို့ပေးခဲ့ကြတယ်. . သင်္ဘောကြီးက တရုတ်ပြည်က ပုဂ္ဂလိကပိုင် သင်္ဘောကြီးတစ်စီးပါ. . ဒီသင်္ဘောကြီးနဲ့ လိုက်ခဲ့ရင်း ကျွန်းတစ်ကျွန်းကို ရောက်ခဲ့တယ်. ."

"ဒီကျွန်းဟာ. . သမုဒ္ဒရာထဲက ကျွန်းကြီးတစ်ခုလို့ ထင်မှတ်တယ်၊ သိပ်ပြီးကျယ်တဲ့ ကျွန်းမဟုတ်ပေမယ့်. . ကျွန်းပေါ်မှာ ခေတ်မီကိရိယာတွေက အံ့ဩဖို့ကောင်းလောက်အောင်တွေ့ခဲ့ရတယ်. . လက်နက်ကိုင်တပ်ဖွဲ့တွေက အ

ယောက်(၂၀၀)ဝန်းကျင်လောက် ရှိမယ်၊ အစိုးရတပ်ဖွဲ့တွေတော့ မဖြစ်နိုင်ဘူး. . လူမျိုးစုံနဲ့ ပေါင်းစည်းထားတဲ့ တပ်ဖွဲ့တစ်ခုပါ. . ."

"ကျွန်တော်တို့ (၆)ယောက်ကို မြေအောက်တွင် လုပ်ထားတဲ့ အခန်းကြီးမှာထားပြီး. . နည်းပညာတွေကို သင်ယူရတာပဲ. . ပို့ချတဲ့သူက တရုတ်လူမျိုးဖြစ်ပေမယ့်. . မြန်မာစကားနဲ့ အင်္ဂလိပ်စကားကို အရမ်းကျွမ်းကျင်တယ်. . ."

"ကျွန်တော်တို့ သင်ယူရတာ. . ကွန်ပျူတာနဲ့ လုပ်ဆောင်ရတဲ့ပညာတွေနဲ့ ခေတ်မီဖောက်ထွင်းရေး ပစ္စည်းတွေ သုံးစွဲနည်းတွေပဲ ဖြစ်တယ်. . ဒီကျွန်းမှာ တစ်နှစ်နီးပါး နေခဲ့ရပြီး၊ ပထမဦးဆုံး ဗီယက်နမ်မှာ ပြုလုပ်တဲ့ စိန်ပြပွဲတစ်ခုမှာ ကျွန် တော်တို့နဲ့အတူ နာဂီဆိုတဲ့လူက ဦးဆောင်ပြီး. . စိန်ကို ရ အောင်ယူခဲ့တယ်"

"နာဂီဟာ. . တကယ်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဆိုတာကို သူနဲ့အတူတူနေတဲ့ ကာလတွေမှာ သိခဲ့ရတယ်. . ."

"လူသတ်ရမှာ ဝန်မလေးသလို မိန်းမကိစ္စမှာလည်း





ဘီလူးတစ်ကောင်လို လူစားမျိုးဖြစ်တယ်. . နောက်ပိုင်းထိုင်းမှာ အဖမ်းခံရပြီး. . ပြန်ပြီးလွတ်ခဲ့တယ်လို့ သိရပေမယ့်ခုထိ သူနဲ့အဆက်အသွယ် မရခဲ့ပါဘူး"

"မြန်မာပြည်က ကမ္ဘာ့အကြီးဆုံးစိန်ကြီးကို ယူနိုင်ဖို့ မြန်မာပြည်ကို ရောက်ခဲ့ရင်း ခုလိုအဖမ်းခံရတာပါ. . ."

"မြန်မာပြည်ရဲ့ အထူးတာဝန်ခံက နန်းကြာညိုပါ. . ဒေါက်တာအိုက်ပန်ဟာ နန်းကြာညို ခိုင်းစေတာကို လုပ်ကိုင်ရတဲ့ လူတစ်ယောက်သာ ဖြစ်ပါတယ်. . ."

"နန်းကြာညိုနဲ့ နာဂီဟာ တရုတ်ပြည်မကြီးမှာ အတူတူနေခဲ့ကြပြီး. . ငြိစွန်းဘူးသူတွေ ဖြစ်တယ်. . ."

"ကျွန်တော်သိတာကတော့ ဒါအကုန်ပါ. . ."

နေမင်းဆက် စာရွက်ကို ဖိုင်ထဲမှာ သေချာစွာသိမ်းပြီး-

"ကျေးဇူးတင်ပါတယ်. . ကိုစောနိုင်၊ ခုမင်းပြောပြချက်တွေက တော်တော်လေးပြည့်စုံပါပြီ၊ ထပ်ပြီး သိချင်တာလေး (၃)ချက်ရှိတယ်. . ဒါကတော့ မင်းတို့ကို ခိုင်းစေတဲ့ ခေါင်းဆောင်ကို တွေ့ဘူးလား. . ."

စောနိုင်က စာရွက်လွတ်တစ်ခုပေါ်တွင် ပြန်ပြီးရေး

ဖြလိုက်သည်။

"တစ်ခါမှ မတွေ့ဖူးပါဘူး. . အာရှနိုင်ငံတစ်ခုခုမှာ လုပ်ဆောင်ရတော့မယ်ဆိုရင် နာဂီက ခေါ်သွားပြီး. . သူ့နိုင်ငံထဲက လူတွေနဲ့ပေါင်းစည်းပြီး လုပ်ကိုင်ပါတယ်. . နာဂီမရှိတဲ့ နောက်ပိုင်းမှာတော့ နန်းကြာညိုက. . ဦးဆောင်မှု လုပ်တယ်"

"မင်းတို့ကို ဘယ်လိုလုပ်ပြီး ဆက်သွယ်လဲ. . ."

"ကျွန်တော်တို့ဆီမှာ. . ဖုန်းတစ်လုံးစီရှိတယ်၊ ဂြိုဟ်တုဖုန်းလို့ပဲ ပြောရမှာပေါ့. . ဘယ်နိုင်ငံမှာ ရောက်ရောက်ဆက်သွယ်ပြီး ဆုံမယ့်နေရာကို ပြောပါတယ်. . ."

"သူတို့က စိန်ကလွဲပြီး. . တခြားဟာတွေကို မယူဘူးလား. . ."

"သူတို့က. . စိန်ကိုပဲ ယူတယ်၊ တစ်ခါတစ်လေကျရင် မှောင်ခိုလက်နက်တွေ သယ်ဆောင်တဲ့ သင်္ဘောတွေကို ဝင်စီးပြီး လက်နက်တွေ ယူတာမျိုးတော့ ရှိတယ်. . ဒီကျွန်းကြီးထဲမှာ ကိုယ်ပိုင်ရဟတ်ယာဉ်နဲ့ တင့်ကားတွေလည်း ရှိတယ်. . ကျွန်တော်တို့ သွားခွင့်မရတဲ့ နေရာတစ်ခုတော့ရှိတယ်. . . စက်ရုံ ဝင်းကြီးပဲ. . ဘာတွေ ထုတ်လုပ်နေတယ်ဆိုတာတော့





မသိခဲ့ ရဘူး. . ."

"မင်း. . ကင်မရာက ပုံတွေက ကျွန်းကပုံတွေလား"

"ဟုတ်ပါတယ်. . ကျွန်တော်ရိုက်ခဲ့တာ မဟုတ်ဘူး၊ မြန်မာပြည်ကို ပြန်တဲ့ ခရီးတစ်ခုမှာ ထိုင်းလူမျိုးကျွန်တော်တို့ အဖွဲ့ဝင်တစ်ဦးက ကျွန်တော့်ကို ပေးခဲ့တာ. . ဒီကောင်က ထိုင်းထောက်လှမ်းရေး အဖွဲ့ကဆိုပြီး ရှင်းပစ်လိုက်တယ်လို့ ကြားပါတယ်. . ကျွန်တော်လည်း ပထမဖျောက်ပစ်ဖို့ ကြိုးစားပြီး. . နောက်ညီမလေး စောမူကို သိမ်းထားဖို့ ပေးခဲ့တာပါ. . ."

"ကဲ. . မင်းလည်း ပင်ပန်းသွားပြီ၊ အနားယူပါဦးကွာ. . ပိုင်ဦးရေ စောနိုင်ကို ခေါ်သွားပါကွာ၊ နားပါစေတော့. . ."

ပိုင်ဦး. . ခေါ်သွားပြီး၊ နေမင်းဆက် ရဲချုပ်ကြီးရုံးခန်းဆီသို့ ထွက်ခဲ့တော့သည်။

စောနိုင်ထွက်ဆိုချက်တွေနှင့် ပတ်သက်ပြီး ရဲချုပ်ကြီးကို တင်ပြပြီး လုပ်ဆောင်ရမည့် အချက်များကို နားထောင်ရတော့မည် ဖြစ်သည်။

ခုဖြစ်ပေါ်နေသော မုန်တိုင်း စိန်နီးအဖွဲ့ကြီးသည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းနှင့် ပတ်သက်နေသော အဖွဲ့ကြီး မဟုတ်တော့ပေ. . .။

နေမင်းဆက်နှင့် ပိုင်ဦးတို့ ဘိန်းခင်းများကို ဖျက်ဆီးရေးကိစ္စအတွက် ရှမ်းပြည်နယ်မြောက်ပိုင်းဘက်သို့ တာဝန်နှင့် လာခဲ့ကြသည်။

"မင်းဆက်. . ရဲချုပ်ကြီးက စိန်သူခိုးအဖွဲ့နဲ့ ပတ်သက်ပြီး. . ဘာညွှန်ကြားသေးလဲ"

"ခုထိတော့. . ဘာမှညွှန်ကြားမှု မရှိသေးဘူးကွ၊ အာရှက တာဝန်ရှိတဲ့ခေါင်းဆောင်တွေနဲ့ ညှိနှိုင်းနေကြတယ်၊ ဒီက အပြန်ကိုတော့ သိရမယ်ထင်တာပဲ. . . "

"နန်းကြာညိုနဲ့ နာဂီဘယ်မှာ ခိုအောင်းနိုင်မလဲလို့. . မင်း ထင်ထားလဲ"

"တရုတ်ပြည်နဲ့ ထိုင်းမှာ ခိုအောင်းဖို့ မလွယ်ဘူး. . နယ်စပ် လမ်းကြောင်းတွေမှာ သူတို့နှစ်ယောက်ကို စောင့်ကြည့်နေကြတယ်"

"ဒါဆို မြန်မာ့ပိုင်နက်ထဲမှာ ရှိနေမှာပေ့ါ. . ."

"ရှိနိုင်တယ်. . ."

"နယ်စပ်. . သူပုန်စခန်းတွေမှာပေ့ါ"

"နယ်စပ်ဘက်မှာ. . ဒီကောင်တွေ ခိုအောင်းလို့ မရတော့ဘူး၊ (N.G.O) အဖွဲ့အမည်ခံပြီး လုပ်ဆောင်နေတာကို သိသွားပြီ. . တချို့တွေတောင် ထိုင်းဘက်က ဖမ်းဆီးနေပြီ၊ သူပုန်စခန်းနဲ့ ပတ်သက်ပြီး. . နာဂီဆိုတဲ့ကောင် မိန်းမရှုပ်တာကြောင့် သူပုန်တွေကတောင် နာဂီကို သတ်ချင်နေကြတယ်၊ ဒါဆို ဒီကောင် ထွက်လမ်းက လောလောဆယ်ထွက်လို့ မရနိုင်သေးဘူး. . ပြည်တွင်းမှာ ခိုအောင်းနေမှာပဲ"

"တကယ့် ဂြိုဟ်ဆိုးနှစ်ကောင်. . တို့ပိုင်နက်ထဲမှာ ရောက်နေတာ မင်းနဲ့ငါတို့အတွက် အလုပ်ရှုပ်စေတာပဲပေ့ါ"

"သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို အရှင်မိရင် မှန်တိုင်းအဖွဲ့ကြီးကို ခြေရာခံနိုင်ပြီ. . ."





"စောနိုင်ပြောတဲ့ ကျွန်းက ဘယ်နိုင်ငံပိုင်နက်မှာ ရှိနိုင်မလဲ. . ."

"အာရှတိုက်ထဲမှာပဲ ဖြစ်နိုင်တယ်. . ."

"အေး. . စောနိုင်ပြောတော့၊ တရုတ်ပြည်ပိုင် ကျွန်းတစ်ခုတဲ့. . ."

"ဒါက. . စောနိုင်စိတ်အထင်နဲ့ ပြောတာ၊ ကင်မရာထဲက ဓာတ်ပုံတွေကို လေ့လာတော့. . တရုတ်ပြည်မှာ မဟုတ်ဘဲ. . ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းတစ်ခုထဲမှာလို့ ယူဆခဲ့ကြတယ်၊ အများဆုံးဖြစ်နိုင်တာက ဩစတြေးလျက ကျွန်းတစ်ခု ဖြစ်နိုင်တယ်လို့ ပြောတာပဲ. . သိပ်ရေရေရာရာ တော့ မဟုတ်ပါဘူး. . နန်းကြာညိုနဲ့ နာဂီကို မိမှ ဘယ်နေရာ က ကျွန်းလဲဆိုတာ ပြောနိုင်မှာပါ"

"ဒါနဲ့. . နန်းကြာညို နောက်ကြောင်းကို သိရပြီလား"

"မနေ့ကတော့ ပီကင်းကနေ ဌာနချုပ်ကို နန်းကြာညိုရဲ့ ကိုယ်ရေးမှတ်တမ်းပို့လိုက်တယ်. . နန်းကြာညိုဟာ ရှမ်းတရုတ်စပ်ဆိုတာ မှန်တယ်၊ သူ့အဖေက တရုတ်. . အမေက ရှမ်းလူမျိုး၊ တရုတ်ပြည်မှာ မွေးပြီး. . (၁၀)နှစ်သမီးကျမှ မြန်မာ

ပြည်ကို ပြန်ပြီးခေါ် လာခဲ့တာ၊ တရုတ်ပြည်မကြီးကို တစ်လ
တစ်ခေါက်လောက်တော့ သွားတယ်. . သူတို့ လုပ်ကိုင်တာ
က ကားစက်ပစ္စည်းတွေကို တရားဝင်ကုမ္ပဏီထောင်ပြီး လုပ်
တာပဲ. . ဒီလိုနဲ့ ဒေါက်တာအိုက်ပန်နဲ့ သမီးလေးတစ်ယောက်
ရခဲ့တယ်. . ."

"သူ့သမီးက. . ဘယ်မှာလဲ"

"ရန်ကုန်က ကားပစ္စည်းကုမ္ပဏီကို ဦးစီးပြီးလုပ်ကိုင်
နေတယ်. . နန်းဇူစီနိုက်လို့ ခေါ်တယ်"

"အိမ်ထောင်ရှိလား. . ."

"မရှိသေးဘူး၊ မကြာခင်လက်ထပ်မယ့် လူတော့ ရှိ
တယ်. . ဒေါက်တာ ခေါင်ထွင့်ဆိုတဲ့သူ ဂျာမဏီမှာ ဒေါက်
တာဘွဲ့ယူပြီး၊ မြန်မာပြည်မှာ လာနေတာ. . ."

"ဆေးမကုဘူးလား"

"ဆေးကုတယ်ဆိုတဲ့ သတင်းတော့ မရဘူး. . .
နန်းဇူစီနိုက် နဲ့အတူ ကုမ္ပဏီမှာပဲ လုပ်ကိုင်နေတာ"

"အံ့ဩစရာပဲ ဒေါက်တာဘွဲ့ယူပြီး. . ကုမ္ပဏီမှာ လုပ်
ကိုင်နေတယ်လို့"





"ငါ. . . ဒါကို စိတ်ဝင်စားနေတာ၊ ဒေါက်တာ
ခေါင်ထွင့်ရဲ့ နောက်ကြောင်းကို လိုက်ရမယ်. . ."

"မြန်မာနိုင်ငံသား. . . မဟုတ်လား"

"ဟုတ်တယ်. . ."

"ဒါဆို. . သိပ်ပြီး မခက်ခဲပါဘူး၊ ဟာ. . ရှေ့မှာ"

"ဟင်. . ."

အဝေးဆီမှ လာနေသော လူတစ်ယောက်. . .
နေမင်းဆက်တို့ကားနှင့် သိပ်ပြီး မဝေးသောနေရာ အရောက်
တွင် ပစ်လဲသွားသည်။

"ပိုင်ဦး. . . ဆင်းရအောင်"

ကားကိုရပ်ပြီး. . နှစ်ယောက်သားပြေးပြီး အဆင်း
တွင်. . .

"ဟာ. . . ပိုင်ဦး. . ဂပ်"

"ဒိုင်း. . ."

"ချွင်. . ."

နေမင်းဆက် ဘေးမှကျောက်တုံးကို ကျည်ဆံထိမှန်
သွားသည်. . နေမင်းဆက်သေနတ်ကို ထုတ်ပြီး ပစ်ခတ်သည့်

နေရာဆီသို့ ပြန်ပြီး ပစ်ခတ်ပေမယ့် . . မထိခဲ့ပေ။

တစ်ဖက်မှ မပစ်တော့ဘဲ . . တောလျှိုကြားထဲသို့ ပြေးဝင်သွားလေသည်။

"ပိုင်ဦး . . ငါဆက်ပြီးလိုက်မယ်၊ မင်းသူ့ကို ကြည့်ထား . . ."

နေမင်းဆက် . . ဆက်ပြီးလိုက်ခဲ့တော့ သေနတ်သမား ပြေးရင်း . .

"ဝုန်း . . ."

"အား . . ."

"ဟင် . . ."

သားကောင်ကြီးတွေကို မုဆိုးတွေထောင်ထားသော တွင်းကြီးထဲသို့ ပြုတ်ကျသွားလေသည်။

နေမင်းဆက် ခေါင်းကို ငုံ့ကြည့်တော့ . . အသက်ရှင်လမ်း မရှိတော့ပေ၊ စိုက်ထားသော ဝါးချွန်ကြီးများပေါ်တွင် ယုတ်ချင်းပေါက် ဝင်နေလေပြီ . . .

"ဟူး . . ."

နေမင်းဆက် . . နောက်ကြောင်းကို ပြန်ပြီး လှမ်းလာ





ခဲ့သည်။

"အခြေအနေ . . ဘယ်လိုလဲ ပိုင်ဦး"

"ဆေးရုံကို အမြန်ပို့မှ ရမယ် . . သွေးထွက်များနေပြီ"

ကားပေါ်သို့ ပွေ့တင်ပြီး . . ဆေးရုံသို့မောင်းလာစဉ်-

"ဒါ . . ဒါ . . လေးကို . . . ယူပါ"

သွေးစွန်းနေသော လက်နှင့် ကျွန်ပျူတာဆော့(ဖ်)ဝဲလ်တစ်ခုကို ပေးလိုက်ပြီး ခေါင်းကိုင်းကျသွားသည်။

"ဟာ . . . သွားပြီ၊ မင်းဆက် . . ."

ဆေးရုံသို့ မရောက်ခင် သေဆုံးသွားပြီ ဖြစ်သည်။

သွေးများပေကျံနေသော ကွန်ပျူတာဆော့(ဖ်)ဝဲလ်လေးကို နေမင်းဆက်ကိုင်ပြီး . . ဆေးရုံဆီသို့ မောင်းဝင်ခဲ့သည်။

"ပိုင်ဦး . . နယ်မြေစခန်းကို အရင်ဝင်မယ်ကွာ၊ ဟိုမှာလည်း တစ်ယောက်ရှိသေးတယ် . . ."

"ဒါ . . ဘာပြားလေးလဲ"

"ဒါလျှို့ဝှက်အချက်အလက် တွေကို စုဆောင်းထားတဲ့ အဆင့်မြင့်စီဒီပြားတစ်ခု ဖြစ်နိုင်တယ်ကွ . . ."

နေမင်းဆက်သည် မိမိအိမ်သို့ဝင်၍ မိမိအိမ်ရှိ ကွန်ပျူတာတွင် ဆော့(ဖ်)ဝဲလ်ပြားကို ထည့်၍ ကွန်ပျူတာတွင် အဖြေရှာတော့. . .

"ဟာ. . ပိုင်ဦးရေ ဒီမှာကြည့်စမ်း. . ညွှန်ကြားချက်တစ်ခုကွ"

"ပြစမ်း. . ."

ပိုင်ဦး. . လှမ်းယူကြည့်ပြီး. . ဖတ်လိုက်တော့ မြန်မာနိုင်ငံတွင် လုပ်ဆောင်ဖို့အတွက် ညွှန်ကြားချက်တွေ ဖြစ်နေသည်။

"မန္တလေး. . စိန်အရောင်းပြပွဲမှာ လှုပ်ရှားဖို့ ဖြစ်မယ်၊ အချက်အလက်တွေအရ ဒီသဘောကို ဆောင်တယ်. . ."

"ဒါဆို မန္တလေးဌာနချုပ်ကို မေးကြည့်ရအောင်. . မန္တလေးမှာ စိန်ရောင်းပြပွဲ ရှိ-မရှိ. . ."

"မေးကြည့် ကြတာပေါ့. . ."

ထိုနောက်နေမင်းဆက်နှင့် ပိုင်ဦးတို့နှစ်ယောက်သည် ကားဖြင့် ထွက်လာခဲ့ကြသည်။

ရဲစခန်းထဲသို့မောင်းဝင်လာပြီး. . နယ်မြေခံစခန်းမှူး





ကို အကြောင်းစုံ ပြောပြခဲ့သည်။

"သေဆုံးသွားတဲ့ လူနှစ်ယောက်က ဘယ်ကလဲ. . ဘယ်သူလဲဆိုတာတော့ မပြောနိုင်ပေမယ့်၊ ရာဇဝတ်မှုမကင်းတဲ့ အဖွဲ့ကြီးနဲ့ ဆက်နွယ်နေတာတော့ သေချာတယ်. . စခန်းမှူး'

"ဆေးရုံကို သွားပြီးကြည့်လိုက်ပါမယ်. . . ဆရာနေမင်းဆက်တို့က ဘယ်နေ့ပြန်မှာလဲ"

"မနက်ဖြန်. . ကုလသမဂ္ဂ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တာဝန်ရှိသူတွေ ခရီးစဉ်ပြီးတာနဲ့ ပြန်မယ်. . ."

"ဒါဆိုရင်. . သေဆုံးသူတွေနဲ့ ပတ်သက်ပြီး ဒီနယ်မြေက ဆိုရင်သိသွားရမှာပါ. . ."

ဘိန်းခင်းများ ဖျက်ဆီးရေး ကိစ္စတွေပြီးလို့ . . . နေမင်းဆက်နှင့် ပိုင်ဦးတို့ ကားဆီသို့ ထွက်လာစဉ်-

"ဆရာ နေမင်းဆက်. . ."

"ဟာ. . စခန်းမှူးကြီး၊ အခြေအနေ ဘာထူးလဲ. . ဘယ်သူတွေလဲ ဆိုတာရော သိပြီးပြီလား"

"သိပြီ. . ဆရာမင်းဆက်၊ ကားပေါ်မှာ ပြောကြတာပေါ့. . ."

"ကောင်းပြီ. . ."

ကားလေး. . . မောင်းထွက်လာခဲ့ကြရင်း-

"သေဆုံးသွားတဲ့ ကောင်နာမည်က စိုင်းဆေးထူ လို့





ခေါ်တယ်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က နိုင်ငံခြားမှာလိုလို နယ်စပ်မှာလိုလို အလုပ်သွားလုပ်ပြီး ပြန်ရောက်တာ မကြာသေးဘူး. . ဒီကောင်လေးက တက္ကသိုလ်ကျောင်းသားတစ်ဦး ဘာစိတ်ကူးပေါက်ပြီး. . ကျောင်းဆက်မတက်ဘဲ ထွက်သွားလဲ မသိပါဘူး၊ ပြီးတော့ တောထဲမှာ သေဆုံးတဲ့ကောင်နာမည်က. . အိုက်ကောလို့ ခေါ်တယ်၊ ဘယ်လို အချိတ်အဆက်တွေလဲ ဆိုတာတော့ မသိဘူး. . ."

"စိုင်းဆေးထူ သေရတာ. . အဖွဲ့တစ်ခုပေါ်မှာ သစ္စာဖောက်လို့ နှုတ်ပိတ်တဲ့သဘောလား. . . မသိနိုင်ဘူးလေ၊ သူ့မိဘ တွေဆီကို သွားသေးလား. . ."

"သွားခဲ့တယ်. . အဲဒီမှာ စိုင်းဆေးထူနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ စိုင်းဆေးမျှ ဆိုတဲ့ကောင်တောင် တွေ့ခဲ့တယ်၊ ဒီကောင်ကတော့ တောင်ယာအလုပ်ပဲ လုပ်ပါတယ်"

"ဟင်. . ."

နေမင်းဆက်. . ခေါင်းထဲတွင် အတွေးတစ်ခုဝင်သွားခဲ့သည်။

"စခန်းမှူးကြီးတစ်ခုလောက်. . ကူညီပါဦး"

"ဟုတ်ကဲ့. . ပြောပါ"

"စိုင်းဆေးမှူးကို ကျွန်တော်တို့ ခေါ်သွားချင်တယ်. . ဖမ်းတဲ့သဘောတော့ မဟုတ်ပါဘူး၊ သူ့ဆီက အကူအညီတောင်းချင်လို့. . ."

"ရပါတယ်. . ."

"တစ်ခါတည်း. . ခေါ်သွားကြတာပေါ့"

"ကောင်းတယ်ဗျာ. . . သူ့ကိုနားလည်အောင် ပြောပြရမှာပဲ. . ."

နေမင်းဆက်. . စခန်းမှူးလမ်းပြသော နေရာသို့ ကားကိုမောင်းလာခဲ့တော့သည်။

မန္တလေးတွင်. . ပြုလုပ်မည့် စိန်ရောင်းပွဲတော်ကြီးတွင် နေမင်းဆက်တို့ဘက်မှ စိုင်းဆေးမှူးကို အသုံးချရတော့မည်ဖြစ်သည်။



စိုင်းဆေးထူကို မုန်တိုင်းအဖွဲ့မှ နှုတ်ပိတ်ခဲ့ခြင်း မဟုတ်ဘူးဆိုသည်ကို စိုင်းဆေးမှူး ပြောမှသိခဲ့ရသည်။

စိုင်းဆေးထူနှင့် သူပုန်အဖွဲ့ခေါင်းဆောင် သမီးနှင့်ချစ်ကြိုက်နေသည်ကို သဘောမတူသောကြောင့် အပြတ်ရှင်းပစ်သည့် သဘောပင် ဖြစ်သည်။

"ဒါဆိုရင်. . စိုင်းဆေးမှူးကိုဝင်ပြီး သရုပ်ဆောင်ခိုင်းခိုင်းတော့ သူတို့ဘက်က သိပ်ရိပ်မိမှာ မဟုတ်ဘူး. . ."

"ငါတော့. . ကွန်ပျူတာထဲက ဆက်သွယ်ရမယ့်နေရာတွေ လှုပ်ရှားရမယ့်ကိစ္စတွေတော့ ပြောထားတယ်. . ကိုယ့်ဘက်က စိုင်းဆေးမှူးနဲ့ အဆက်အသွယ်မပြတ်အောင်

လည်း လုပ်ထားရမယ်. . . ”

“ခုသွားပြီလား. . . ”

“သွားပြီ. . . သူ့နောက်ကနေ တပ်ဖွဲ့ဝင်တစ်ဦးကို အနီးကပ်စောင့်ကြပ်ဖို့ပါ ထည့်လိုက်တယ်. . မင်းနဲ့ငါက မန္တလေးက ပြင်ဆင်စရာတွေကို ပြင်ဆင်ပြီး စောင့်ရမယ်”

“ဒီအဖွဲ့ကို နာဂီမဟုတ်ရင်. . နန်းကြာညို ဦးဆောင်ဖို့ တော့များတယ်. . . ”

“ဘယ်သူဦးဆောင်ဆောင် လက်ရဖမ်းမိဖို့တော့ လိုအပ်တယ်. . . ”

“ရဲချုပ်ကြီး. . မင်းကို ခေါ်ပြောတာ ဘာလဲ”

“မုန်တိုင်းစစ်ဆင်ရေးကို အာရှနိုင်ငံတွေ ပူးပေါင်းလုပ်ဖို့အတွက် မင်းနဲ့ငါ့ကို အာရှအထူး သွားလာလှုပ်ရှားခွင့်ရပြီ ဆိုတာ ခေါ်ပြောတာပါ. . . ”

“ဒါဆို. . မင်းနဲ့ငါက အာရှထောက်လှမ်းရေးတွေ ဖြစ်ပြီပေါ့. . . ”

“မုန်တိုင်းစစ်ဆင်ရေး တစ်ခုအတွက်တော့ ဟုတ်မှာ ပေါ့ကွာ. . . ”





“ဒီ. . . ဒီ”

“ဟာ. . ဆက်သွယ်ရေးသတင်း ဝင်လာပြီ”

နေမင်းဆက် ခါးကြားမှ စက်ကိုဖြုတ်ပြီး နားထောင်သည်။

“ဒီည(၁၁း၀၀)နာရီကို စပြီးလှုပ်ရှားမယ်၊ လှုပ်ရှားမှုကို အနီးကပ်မှ ပြောမယ်လို့ ပြောတယ်. . . ”

“မင်းတို့. . ခုဘယ်မှာ ရှိနေလဲ”

“(×-× × ×)က ဟိုတယ်မှာ. . . ”

“အားလုံး. . ဘယ်နှစ်ယောက်လဲ”

“(၃)ယောက်. . . ဒီကောင်တွေက စိုင်းဆေးထူလို့ပဲ ထင်နေကြတယ်. . . ”

“ခေါင်းဆောင်မယ့်. . . သူက”

“နန်းကြာညို. . . ”

“ရပြီ. . . ”

ဆက်သွယ်ရေးစက်ကို ပြန်ပြီး ခါးကြားမှာ ထိုးလိုက်သည်။

“ဒီတစ်ခါ. . နန်းကြာညိုကို လက်ရဖမ်းနိုင်မှာပါ”

"ဘယ်လိုပုံစံနဲ့ ဝင်မယ်ဆိုတာကို မသိရသေးဘူးပေါ့"

"ဟုတ်တယ်. . အနီးကပ်ကျမှ သိရမှာပဲ"

"စိန်ရောင်းပြပွဲက . . မနက်ဖြန်မှစမှာ မဟုတ်လား"

"အင်း. . . နိုင်ငံတကာစိန်တွေပါ ရောင်းမှာလို့ သိထားတယ်၊ ဒါကြောင့်. . ဒီကောင်တွေ မျက်စိကျနေတာ ဖြစ်မယ်"

"ဘာလို့. . စိန်တွေကို ခိုးယူနေတာလဲ မသိဘူး"

"ငါ့စိတ်ထင်တော့. . စိန်တွေနဲ့ ပတ်သက်ပြီး လက်နက်စွမ်းအင်တစ်ခုကို ထုတ်လုပ်ဖို့ လုပ်နေတာ ဖြစ်မယ်"

"ဟာ. . မင်းပြောသလိုဆိုရင်၊ တကယ့်ကို အန္တရာယ်ကြီးမားတဲ့ကိစ္စပဲ. . ."

"ဟုတ်တယ်. . ဒါကြောင့် အာရှနိုင်ငံတွေပူးပေါင်းပြီး ဒီအဖွဲ့ကို ဖော်ထုတ်ဖို့ စစ်ဆင်ရေးလုပ်ကြတာပေါ့. . ."

မန္တလေးကို ရောက်တော့ မှောင်စပြုနေလေပြီ. . စိန်အရောင်းခန်းမကြီးနှင့် အဆောက်အဦး ပတ်ဝန်းကျင်တွင် လုံခြုံရေးကို ထူထပ်စွာချထားကြသည်။

နေမင်းဆက်တို့နှစ်ယောက်က စိန်အရောင်းခန်းမကြီး





ထဲတွင် အနီးကပ် နေရာယူပြီး နေသည်။

"ဒီ. . . ဒီ"

နေမင်းဆက်. . ဆက်သွယ်ရေးစက်ကို နားထောင်လိုက်၏။

"အေး. . မင်းဘက်က နန်းကြာညိုကို အလစ်မပေးဘဲ အနီးကပ်စောင့်ကြည့်ပေးထား. . ."

နေမင်းဆက်. . စက်ကို ခါးကြားတွင်ထိုးပြီး-

"ဘာတဲ့လဲ. . မင်းဆက်"

"ဒီကောင်တွေ. . လျှပ်စစ်လိုင်းထဲကို သူတို့နည်းပညာနဲ့ အဆောက်အအုံကို မီးလောင်အောင်လုပ်လိမ့်မယ်"

"ဟင်. . ."

"ပြီးတာနဲ့. . ဒါကို အခွင့်ကောင်းယူပြီး၊ မေ့ဆေးမိုင်းတွေကို ဖောက်ခွဲပြီး ဝင်ကြမှာ. . ."

"ဒါဖြင့် ငါတို့ဘက်က. . ဘယ်လိုပြင်ဆင်မလဲ"

"အရောင်းခန်းမထဲမှာ ရှိကြတဲ့ တပ်ဖွဲ့ဝင်တွေကို မေ့ဆေးကာကွယ်တဲ့ မျက်နှာဖုံးစွပ်တွေ တပ်ပေးထားမယ်. . သူတို့ ဝင်လာချိန်မှာ မေ့ချင်ယောင်ဆောင်ပြီး အမိဖမ်းရမှာပဲ"

"မီးလောင်မှု ကိစ္စကရော. . ."

"လောင်ပါစေ. . ဒီကောင်တွေ အပေါ်ထပ်ကို အမိက မီးလောင်အောင် လုပ်မှာ. . ."

နေမင်းဆက်. . လက်မှနာရီကို ကြည့်လိုက်တော့ လှုပ်ရှားချိန် (၁း၀၀)နာရီတော့ရသည်။

"ပိုင်ဦး. . မင်းနဲ့ဆရာမင်းကြည်တို့ မေ့ဆေးကာကွယ်ရေး မျက်နှာဖုံးတွေ အမြန်သွားယူပေတော့. . ဘယ်သူမှ မရိပ်မိပါစေနဲ့"

"စိတ်ချ. . ."

"ဝေါ. . . တီ. . . ပေါ"

အဆောက်အဦး အပေါ်ထပ်တွင်. . ဝါယာကြိုးရှော့ဖြစ်ပြီး. . မီးလောင်ကျွမ်းသည်နှင့် မီးသတ်ကားများ အရေးပေါ် ကယ်ဆယ်ရေးကားများ ဝင်လာခဲ့ပြီး၊ ရှုပ်ထွေးနေချိန်တွင်. . .

"ဝုန်း. . ."

"ဟင်. . ."

"ဟာ. . ."

အခန်းကြီး၏ အောက်ထပ်တွင် မီးခိုးငွေ့ကြီးများ. . ထွက်ပေါ်လာပြီး၊ တစ်ခန်းလုံး. . အမှောင်ကျသွားသည်။

“ပိုင်ဦး. . . သတိထားတော့”

“အေးပါ. . .”

အဆောက်အဦး ခန်းမကြီးထဲသို့ . . လူငါးဦးလောက် ပြေးပြီး ဝင်လာကာ စိန်တွေကို မှန်လှောင်အိမ်ကြီးထဲမှ ရိုက်ခွဲပြီး ထုတ်ယူကြသည်။

“ချောက်. . .”

“ဟာ. . .”

အခန်းတစ်ခုလုံး လင်းလက်သွားပြီး. . အဆောင်ထဲမှ လူတွေကို ပိတ်ဆို့ပြီး. . . ဝိုင်းထားလိုက်သည်။

“ပိုင်ဦး. . . မင်း ဒီမှာ နေနော်. . .”

နေမင်းဆက်. . အပြင်ဆီသို့ ပြေးထွက်ခဲ့ပြီး၊ ရပ်ထားသောကားတစ်စီးဆီသို့ ပြေးသွားသည်နှင့် ကားမှာမောင်းထွက်သွားဖို့ ပြင်သည်. . .

“ဒိုင်း. . . ဒိုင်း”

“ဖောင်း. . . ဖောင်း”

ကားဘီးနှစ်လုံးကို နေမင်းဆက်သေနတ်နှင့် ပစ်ဖောက်လိုက်သည်. . ကားမောင်းပြေးရန် မဖြစ်နိုင်တော့သဖြင့် ကားပေါ်မှ ဆင်းပြီးပြေးဖို့ ကြိုးစားပေမယ့် . . နောက်ကျ





သွားသည်။

“ဒေါ်နန်းကြာညို. . မလှုပ်နဲ့နော်၊ ခင်ဗျားအတွက် ပြေးလမ်းမရှိတော့ဘူး ဆိုတာယုံပါ. . .”

နန်းကြာညို. . လက်ထဲမှသေနတ်ကို လွှတ်ချလိုက်ပြီး၊ အဖမ်းခံလိုက်လေတော့သည်။

ရဲမေနှစ်ဦး ရောက်လာပြီး. . နန်းကြာညိုကို လက်ထိပ်ခတ်ပြီး ခေါ်ဆောင်သွားခဲ့သည်။

အဆောင်ခန်းမထဲမှ ဖမ်းမိတဲ့သူတွေကို ကားပေါ်သို့ တင်နေစဉ်. . .

“ပိုင်ဦး. . စိုင်းဆေးမှူးကို ခေါ်ထားဦးလေ”

“အေး. . အေး ဆောရီးကွာ၊ မေ့သွားတယ်. . .”

အုပ်စုထဲမှ စိုင်းဆေးမှူးကို ဆင်းခိုင်းလိုက်သည်။

“သူတို့ကို ရဲစခန်းမှာပဲ ထိန်းသိမ်းထားလိုက်. . . နန်းကြာညိုကိုတော့ ဌာနချုပ်ကို ခေါ်သွားရမယ်”

“ဟူး. . ခုမှသက်ပြင်း ချနိုင်တော့တယ်. . မင်းဆက်ရေ. . .”

"ဒေါ်နန်းကြာညို. . ခုလောက်ဆို၊ ခင်ဗျားအနေနဲ့ ဖြောင့်ချက်တစ်ခုကို ပေးနိုင်ပြီလို့ ထင်ပါတယ်. . ."

"ရှင်တို့. . . ဘာသိချင်တာလဲ"

"ပထမဦးဆုံး သိချင်တာက. . နာဂီဆိုတဲ့လူ ဘယ်မှာ ရှိနေမလဲ. . ."

"ရန်ကုန်မှာ. . ရှိနေတယ်"

"ခင်ဗျားသမီး. . ဆီမှာလား"

"မဟုတ်ဘူး၊ ဒေါက်တာခေါင်ထွင့်. . . ဆီမှာ"

"မုန်တိုင်းအဖွဲ့ကြီးမှာ. . ခင်ဗျားအဆင့်က ဘာလဲ"

"မြန်မာပြည်နဲ့ ပတ်သက်ပြီး. . တာဝန်ယူရတာ"





"မုန်တိုင်းရဲ့ အဓိကစခန်းရှိတဲ့ ကျွန်းက ဘယ်နိုင်ငံမှာလဲဆိုတာတော့ သိမှာပေါ့. . ."

"ရှင်တို့. . ကျွန်မပေါ်မှာ ဒီလောက်အထင်မကြီးပါနဲ့ ကျွန်မ အဆင့်က စခန်းထိကို မရောက်ဘူး. . ကျွန်မကို ခိုင်းစေတာမျိုးကို အင်တာနက်ကနေ. . ခိုင်းစေတာ၊ ခေါင်းဆောင်ဘယ်သူလဲဆိုတာတော့ မသိဘူး၊ ကျွန်မအတွက်က ငွေတစ်ခုက လွဲပြီး. . သူတို့ကို စိတ်မဝင်စားဘူး၊ ဒီလိုပဲ တခြား အာရှနိုင်ငံတွေမှာ တာဝန်ယူနေရတဲ့ သူတွေလည်း ကျွန်မလိုပဲ. . . ခိုင်းစေနေတာ"

"ဒေါ်နန်းကြာညို. . ခင်ဗျားမညာပါနဲ့၊ ခင်ဗျားနဲ့ ဒေါက်တာအိုက်ပန် ဒီကျွန်းကို ရောက်ဖူးကြောင်း ဒီမှာဓာတ်ပုံတွေ. . ."

"ဟင်. . ."

နန်းကြာညို. . ဘာပြောရမှန်းမသိ ဖြစ်သွားခဲ့သည်။

"ခင်ဗျား. . ငြင်းချင်သေးလို့လား"

ခဏမျှ. . ငြိမ်သက်သွားပြီး-

"ကျွန်မသမီးလေးကို. . ကယ်ပေးနိုင်မလား"

"ခင်ဗျား. . . အမှန်ကို ပြောရင်၊ ကယ်ပေးနိုင်မှာပါ"

"မုန်တိုင်းစခန်းကို. . ဩစတြေးလျပိုင်နက် သမုဒ္ဒရာထဲမှာ. . တည်ဆောက်ထားတာပါ၊ အပြင်ကနေကြည့်ရင် အဏ္ဏဝါဗေဒ သုတေသနအဖွဲ့ကြီးအဖြစ် ခေါင်းစဉ်တပ်ထားပြီး. . စခန်းတည်ဆောက်ထားပါတယ်၊ အဲဒီမှာ နိုင်ငံတကာက ဝရမ်းပြေးနေရတဲ့. . လူဆိုးတွေကို လက်နက်တပ်ဆင်ပေးပြီး တပ်ဖွဲ့တစ်ခု ဖွဲ့စည်းထားပါတယ်. . ."

"သူတို့ ရည်ရွယ်ချက်က. . . ဘာလဲ"

"ဒါတော့. . ကျွန်မမသိရ သေးပါဘူး၊ စခန်းကိုရောက်ခဲ့ရကာလဲ. . နာဂီအဖမ်းခံရပြီး၊ သူ့တာဝန်ကို ကျွန်မနဲ့ အိုက်ပန် ဦးဆောင်ဖို့အတွက် ခေါ်လို့သွားခဲ့ရတာပါ. . ."

"ဒေါက်တာအိုက်ပန်ကို. . ဘာလို့သတ်တာလဲ"

"ကျွန်မ. . သတ်တာမဟုတ်ပါဘူး၊ နာဂီ သတ်ခဲ့တာပါ. . ."

"ဘာကြောင့်လဲ. . ."





"ကျွန်မ. . အတွက်ကြောင့်ပါ"

"ကျုပ်သဘောပေါက်ပြီ၊ နာဂီနဲ့ ခင်ဗျားဟာ တရုတ်ပြည်မှာကတည်းက. . . ငြိစွန်းခဲ့ဘူးတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . ."

"ဒေါက်တာ ခေါင်ထွင့်ကရော. . မုန်တိုင်းအဖွဲ့နဲ့ ဘယ်လို ပတ်သက်လဲ. . ."

"သူက. . ဆေးဖက်ဆိုင်ရာ ပိုင်းမှာ တာဝန်ယူထားတယ်၊ ခေါင်းဆောင်ကြီးနဲ့ တွေ့ဖူးတာ. . သူနဲ့ နာဂီပဲ ရှိပါတယ်. . ."

"မြန်မာပြည်မှာ အဖွဲ့ဝင်တွေ ရှိသေးလား"

"နာဂီနဲ့ ခေါင်ထွင့်ကလွဲပြီး. . မရှိတော့ဘူး၊ ကလေး (၄)ယောက်လုံးလည်း ဖမ်းခံထားရပြီ မဟုတ်လား. . ကျွန်မသိတာ ဒါအကုန်ပါပဲ. . သမီးလေးကို အမြန်ဆုံး သွားပြီး ကယ်ပေးပါ၊ သူတို့ သတ်ပစ်ကြမှာ. . ."

"ဟင်. . . ဘာလို့လဲ"

"ခေါင်းဆောင်တစ်ဦး မိပြီဆိုရင်. . သူ့ရဲ့မျိုးဆက်အား

လုံးကို ရှင်းပစ်ပြီး အပြစ်ပေး တတ်တယ်၊ နာဂီဟာ. . သူ့ခေါင်းဆောင်အမိန့်က လွဲပြီး ဘာမှ ပြန်ကြည့်တတ်တဲ့ကောင် မဟုတ်ဘူး. . ."

"ခင်ဗျား. . စိတ်ချနေပါ၊ ရအောင် ကယ်ပေးပါ့မယ်"



နန်းကြာညိုသမီး နန်းဖူစီနိုက်ဆီကို ဖုန်းဆက်တော့ အဆက်အသွယ် လုံးဝမရတော့ပေ။

"ငါတို့ နောက်ကျသွားပြီ. . . ပိုင်ဦး"

"ဒီကောင်တွေ. . လက်ထဲရောက်သွားပြီပေါ့"

"သေချာတယ်. . . "

"ခေါင်ထွင်း. . အိမ်အခြေအနေ ဘယ်လိုလဲ"

"မရှိတော့ဘူး. . လစ်ပြေးကြပြီ၊ လမ်းကြောင်းတွေ ပိတ်ဆို့ပြီး ထားတာပဲ. . ဘယ်လမ်းက ထွက်မလဲဆိုတာ မသိရသေးဘူး"

"ငါ့အထင်ကတော့. . ရေလမ်းက ထွက်နိုင်တယ်"

"ဟာ. . ဟုတ်တယ်၊ ပိုင်ဦး မင်းတွက်ချက်တာ နီးစပ်တယ်. . သီလဝါဆိပ်ကမ်းကို သွားကြမယ်"

နေမင်းဆက်တို့ သီလဝါဆိပ်ကမ်းဆီသို့ ကားကို မောင်းလာခဲ့သည်။ ထိုသို့လာရင်းမှ သီလဝါဆိပ်ကမ်းမှ နိုင်ငံခြားရေကြောင်း ဆီသို့ ဖုန်းဆက်ကြည့်တော့. . မကြာခင် ထွက်တော့မည့် တရုတ်ပိုင်သင်္ဘောကြီး ရှိနေကြောင်း သိလိုက်ရပြီး. . .

သင်္ဘောကြီးကို ကမ်းမှ ထွက်ခွာခွင့်မပြုရေးကို လှမ်းပြီး ပြောလိုက်ရသည်။

"သင်္ဘောကြီးတစ်ခုလုံးကို ရှာဖို့ လွယ်ပါ့မလား. ."

"မလွယ်လည်း. . ရအောင်ရှာရမှာပဲ၊ ခက်တာက ရှိမယ် မရှိဘူးဆိုတာကို ကိုယ့်ဘက်က ခိုင်ခိုင်လုံလုံ မသိတာဘဲ. . ."

နေမင်းဆက်တို့ ကားလေး. . သီလဝါဆိပ်ကမ်းသို့ မောင်းဝင်လာခဲ့စဉ်၊ အငှားကားတစ်စီး ကားကားချင်း တိုက်ပြီး လမ်းလယ်တွင် တင်နေသောကြောင့် လူအုပ်ကြီးက ဘေးသို့ တွန်းနေသည်။





"ဘယ်လို. . ဖြစ်တာလဲဗျို့"

"ကားတစ်စီး အတင်းမောင်းပြီး ဝင်တိုက်သွားတာ"

"ဩော်. . ."

"တိုက်တဲ့ကားက ဘယ်မှာလဲ. . ."

"သီလဝါဆိပ်ကမ်းဘက်ကို မောင်းပြေးသွားတာပဲ. . ယောကျ်ားနှစ်ယောက်နဲ့ မိန်းကလေး တစ်ဦးဗျ"

"ဟင်. . ကားအမျိုးအစားက ဘာလဲ"

"မာစီဒီး အမျိုးစား. . ဘေးက လူတစ်ယောက်က တရုတ်လိုလို လူပဲ. . ."

နေမင်းဆက် ခေါင်းထဲတွင်. . နာဂီ၊ ခေါင်ထွဋ်နှင့် နန်းဇူစီနိုက်တို့ကို မြင်ယောင်ကာ ကားကို အမြန်ဆုံး မောင်းလာခဲ့တော့သည်။

သီလဝါဆိပ်ကမ်းသို့ ရောက်တော့. . တပ်ဖွဲ့ဝင်တချို့နှင့် သက်ဆိုင်ရာလူကြီးတွေကို ခေါ်ကာ သင်္ဘောပေါ်သို့ မသွားခင်. .

"မင်းဆက်. . . ဟိုမှာ၊ ကားအနက်. . ."

"သေချာသွားပြီ. . သင်္ဘောပေါ်မှာ ရှိတဲ့လူတွေ အား

လုံးကို ခဏလောက်အပြင်ကို ထွက်ခိုင်းပေးပါ. . အန်ကယ်"

"စိတ်ချ. . အန်ကယ် စီစဉ်ပေးပါ့မယ်"

သင်္ဘောသားများနှင့် မာလိန်မှူး အပါအဝင် လူတွေကို အပြင်သို့တန်းစီပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သင်္ဘောတွင် တာဝန်အရှိဆုံးဖြစ်သော ကပ္ပတိန်နှင့်အဖွဲ့က ရှာဖွေမှုတွေကို လုပ်ခဲ့ကြသည်။

"သင်္ဘောပေါ်ကို မိန်းကလေးတစ်ယောက် ခေါ်ဆောင်လာတာ မရှိဘူးလား. . ."

"မရှိပါဘူး. . သင်္ဘောမခွာခင် မနေ့ကတည်းက အပြင်လူဆို ဘယ်သူမှ တက်ခွင့် မပေးတော့ဘူး. . ."

သင်္ဘောကပ္ပတိန်က ခပ်အေးအေးပင် ပြောနေသည်။

"သေချာရဲ့လား. . ကပ္ပတိန်"

"ကျုပ်က ညာပြီး၊ ပြောစရာ မရှိပါဘူး. . ."

"ဆရာ နေမင်းဆက် ဒီမှာ. . မိန်းကလေး ဖိနပ်တစ်ဖက်. . ."

ရဲဘော်တစ်ဦးက ဖိနပ်တစ်ဖက်ကို ကောက်ယူပြီး ပြလိုက်သည်။





"ဒါမြန်မာပြည်က လုပ်တဲ့ဖိနပ်ပါ. . အမှတ်တရဝယ်သွားရအောင်လည်း ဖိနပ်က အသစ်မှမဟုတ်ဘဲ. . ကဲ ကပ္ပတိန်. . ."

"ဒါ. . ဒါ သင်္ဘောသားတွေ ညက၊ အပျော်အပါး လုပ်ရင်း ကျန်ခဲ့တာ ဖြစ်မှာပေါ့. . ."

ကပ္ပတိန်မျက်နှာ ပျက်နေသည်။

"ဟိုမှာ ရပ်ထားတဲ့ ကားက. . ဒီဝင်းထဲမှာ ရှိနေတဲ့ လူတွေရဲ့ကား မဟုတ်ဘူး. . ဒီကားနဲ့ခေါ်လာပြီး သင်္ဘောနောက်ဖက် လှေကားကနေ တက်ခဲ့တာ မဟုတ်လား"

"မ. . . မဟုတ်ပါဘူး"

"ကယ်. . ကယ်. . ကြ ပါ၊ အု. . ဝူး"

"ဟင်. . ."

"ဟာ. . ."

သင်္ဘောအောက်ခန်းဆီမှ အသံတစ်ခု ထွက်လာခြင်းကြောင့်. . .

"ကပ္ပတိန်ကြီး. . ဒီတံခါးချပ်ကြီးကို ဖွင့်ပေးပါ"

"ပိုင်ဦး. . အားလုံးကို အသင့်ပြင်ခိုင်းထား"

"ကျွိ. . ."

တံခါးချပ်ကြီးကို. . ဖွင့်ပေးလိုက်သည်နှင့်-

နာဂီက. . နန်းဇူစီနိုက်ကို သေနတ်နှင့်တေ့ပြီး၊ ဓားစာခံလုပ်ကာ ထွက်လာသလို. . ဘေးတွင် ခေါင်ထွင်နှပါလာသည်။

"မင်းတို့. . ဒီမိန်းမကို မသေစေချင်ရင်၊ ငါတို့ကို မော်တော် စီစဉ်ပေး. . ."

နေမင်းဆက်. . ခပ်အေးအေးပင် ကြည့်ကာ-

"ကောင်းပြီ. . စီစဉ်ပေးမယ်"

"သိပ်အချိန်. . မပေးနိုင်ဘူး၊ ခုလုပ်ပေး. . ."

"မော်တော်က. . အောက်မှာ အဆင်သင့်ပဲလေ"

"ဒါဆို. . ဆင်းမယ်၊ မင်းကောင်တွေကို နောက်ဆုတ်ခိုင်းလိုက်. . ."

"ရဲဘော်တို့. . နောက်ဆုတ်ပေးလိုက်"

နာဂီ နှင့် ခေါင်ထွင်နှ. . . နန်းဇူစီနိုက်ကို နှစ်ယောက်ညှပ်ပြီး အောက်သို့ဆင်းသည့် လှေကားသို့ အသွား. . .

နေမင်းဆက်. . စိတ်ကို တည်ငြိမ်စွာထားပြီး၊





သေနတ်ကို ဆုပ်ကိုင်ကာ ချိန်ဆပြီး. . . ပြီးမှ-

"ဒိုင်း. . . ဒိုင်း"

"အ. . ."

ပစ္စတိုကို နှစ်ချက်ဆင့်ပြီး ပစ်ချလိုက်သည်နှင့်. . . နန်းဇူစီနိုက်ဘေးသို့ လဲကျသွားပြီး၊ နာဂီလက်ထဲမှ သေနတ် လွင့်စင်ထွက်သွားသည်. . ခေါင်ထွင်နှကတော့ ပေါင်ကို ထိမှန်ပြီး၊ ဒူးထောက် ကျသွားသည်. . .

ပိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တွေ အပြေးကလေးသွားပြီး. . နာဂီနှင့် ခေါင်ထွင်နှကို လက်ထိပ်ခတ်လိုက်သည်။

"စိတ်မကောင်းပါဘူး. . . နာဂီ"

"မင်းသိပ်တော်တဲ့. . စုံထောက်ပါ၊ ဒါပေမယ့်. . မင်းတို့ ငါ့ကို အကြာကြီး ဖမ်းလို့မရပါဘူး၊ ဟား. . ဟား. . ဟား"

"မင်းသိပ်ပြီး. . စွမ်းတယ်လို့ ယုံကြည်ထားရင်၊ ငါ. . ဘယ်လောက် စွမ်းတယ်ဆိုတာပါ သိသွားရမှာ ပေါ့ကွာ"

"သိပ်ကောင်းတဲ့ စကားပဲ. . ထိုင်းထောင်က ထွက်လာခဲ့တဲ့သူပါကွ၊ ဟား. . ဟား. . ဟာ"

"ဒါ. . မြန်မာပြည်လေ၊ မင်း. . လွတ်အောင်ပြေး

ကြည့်ပေါ့ကွာ. . . ”

“နာဂီ့ရာဇဝင်မှာ. . . ခုလိုမျိုးခံရတာ ရာဇဝင်ရှိုင်းတယ်”

“ပိုင်ဦး. . ခေါ်သွားတော့”

နေမင်းဆက်. . သဘော်ကြီး၏ ကပ္ပတိန်ဆီသို့ လျှောက်သွားပြီး-

“ကျုပ်တကယ်. . မသိပါဘူး”

“အင်းလေ. . နောက်တော့ ဖြေရှင်းပါ၊ ခုတော့ လိုက်ခဲ့ပါဦး. . . ”

“ချောက်. . . ”

နေမင်းဆက်. . သဘော်ကပ္ပတိန်ကို လက်ထိပ်ခတ်ပြီး၊ အောက်သို့ဆင်းခဲ့ ကြတော့သည်။

နာဂီလက်တွင် ရရှိထားသော ဒဏ်ရာမှ သွေးတွေကို လျှာဖြင့် လျက်ပြီး. . နန်းဇူစီနိုက်နားသို့ကပ်ကာ နမ်းဘို့ လုပ်သဖြင့်. . .

“ဖြောင်း. . . ”

“အင့်. . . ”





ပိုင်ဦး. . လက်ပြန်ရိုက်ချ လိုက်လေသည်။

“တောက်. . . ”

“ပိုင်ဦး. . . မလုပ်နဲ့”

“လက်ထိပ်ခတ်ပြီး. . . ထိုးရဲတာကိုကွာ”

“ဒီကောင်တော့လား. . . ”

“ပိုင်ဦး. . သည်းခံလိုက်စမ်းပါ၊ မင်းဘယ်လောက် လက်ရည်ကောင်းသလဲဆိုတာကို စမ်းသပ်ရမှာပေါ့ကွာ. . . ”

“ဟေ့ကောင်နာဂီ. . မင်းလို မိုက်ရိုင်းတဲ့အလုပ်ကို လုပ်ရတာ သိပ်ပြီး မခဲယဉ်းဘူးကွ၊ မင်းရက်စက်တာထက် ဆယ်ဆလောက် ရက်စက် တတ်တယ်. . မြန်မာလူမျိုး မင်းတွေ့ဘူးတဲ့သူနဲ့ မတူဘူး. . . ”

ပိုင်ဦးမှာ ဒေါသကို ချုပ်တည်းနေရလေသည်။

“လက်ထိပ်ဖြုတ်ပြီး ချဲလိုက်ချင်တယ်. . ကိုယ်က ဝန်ထမ်းဖြစ်နေလို့ပေါ့ကွာ၊ အပြင်အရပ်သားဆိုရင် မင်းလိုကောင်မျိုးက သွေးပဲအစိမ်းလျက်ရဲတာ. . ငါက အသားပါ ဝါးစားပြလိုက်မယ်”

နာဂီ. . ငြိမ်သွားလေသည်။

"ဒေါက်တာခေါင်ထွင်း. . ခင်ဗျားဆီက ကျုပ်တို့ရဲ့ မျှော်လင့်မှုတွေ ရှိနေတယ်"

"ကျွန်တော်. . . နာဂီကို ကြောက်လို့ ပါလာတာပါ"

"ဟုတ်မှာပေါ့လေ. . ဒီအကြောင်းတွေနောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့"

"ချောက်. . ."

"ဟင်. . ."

"ဟာ. . ."

နာဂီကို ခတ်ထားသော လက်ထိပ်က ကားပေါ်သို့ တက်နေစဉ် ပြုတ်ထွက်သွားပြီး. . ဘေးမှ ပိုင်ဦးကို လှမ်းကာရိုက်ချလိုက်ပေမယ့်၊ ပိုင်ဦးငုံ့ရှောင်ကာ. . နာဂီအရှိုက်ဆီသို့ လက်သီးပစ်သွင်းလိုက်သည်။

"အွတ်. . ."

ဒါတောင်. . . နာဂီဆိုသည့် ကောင်ကဟန်ချက်မပျက်ဘဲ၊ ပိုင်ဦးကို ပြေးဝင်ပြီး. . ပူးသောကြောင့် ဂျူဒိုကွက်နှင့် ကိုင်ပေါက် ချလိုက်သည်။

"ဘုတ်. . ."





မြေပြင်ရောက်သွားသည်နှင့် ပိုင်ဦးမှ နာဂီရင်ညွန့်ဆီသို့ ခြေဖြင့် ဖိထားကာ. . .

"ပိုင်ဦး. . . ရပြီ"

နေမင်းဆက်. . လက်ထိပ်ပြုတ်ထွက်သည့် နေရာကို ပြန်ကြည့်လိုက်တော့ နာဂီလက်မှ လက်ပတ်နာရီ၏ ရောင်ခြည်တန်းတစ်ခုကြောင့် ပြတ်ထွက်သွားခြင်း ဖြစ်သည်။

နေမင်းဆက်. . နာရီအပါအဝင် လက်စွပ်၊ လက်ပတ်နှင့် စီးထားသောဖိနပ်ကိုပါ ချွတ်လိုက်သည်နှင့်. .

ရှူးဖိနပ်ထဲမှ. . ဖောက်ခွဲရေးပစ္စည်း အသေးစားလေးတွေနှင့် ဆက်သွယ်ရေးစက်ကလေးပါ တွေ့လိုက်ရသည်။

"နာဂီ. . မင်း ကောင်းကောင်းမွန်မွန် မလိုက်ရင်၊ ငါတို့အပြစ် မပြောနဲ့နော်. . မင်း သဘောပေါက်ပါပြီ၊ နာဂီ. . ပိုင်ဦးလက်သံကို လက်တွေ့ တွေ့သွားပြီး ထပ်ပြီးမယှဉ်ဝံ့တော့ပေ။

ဒေါက်တာ ခေါင်ထွင်နှ . . စစ်ဆေးရေးအခန်းထဲတွင် စိတ်ခာတ်များစွာ ကျနေလေပြီ။

"ခင်ဗျားတတ်ခဲ့တဲ့ ပညာတွေ၊ ခင်ဗျား သင်ယူခဲ့တဲ့ ပညာတွေကို အရမ်းနှမြောတယ် . . ဒေါက်တာ၊ ကဲ ကော်ဖီ သောက်လိုက်ဦးလေ . . ပြီးတော့မှ အေးအေးဆေးဆေး ပြောပေါ့"

"ကျွန်တော်အပြစ်ကျမှာကို ဝမ်းမနည်းပါဘူး . . ကိုယ် ကျူးလွန်ခဲ့တဲ့ အပြစ်အပေါ် မှာ ပြန်ပြီးပေးဆပ်ရတာ ဓမ္မတာ ပါ . . ကျွန်တော် နောင်တရနေတာက ကျွန်တော့်ပညာ နဲ့ ကိုယ့်တိုင်းပြည်အတွက် ဘာတစ်ခုမှကို တာဝန်မကျေခဲ့





တာပဲ . . ကိုနေမင်းဆက်"

"ခင်ဗျားရင်ထဲမှာ . . တိုင်းပြည်အတွက်ဆိုတဲ့ အသိ လေးရှိနေရင် အပြစ်ဒဏ်ပေးဆပ်ရင်း တာဝန်ကျေလို့ ရပါ တယ် . . ဒေါက်တာမှာ မိဘအသိုင်းအဝိုင်းတွေ ရှိသေးလား"

"မရှိကြတော့ပါဘူး . . မိဘနှစ်ပါးက ကျွန်တော်တစ် ယောက်တည်းကိုပဲ မွေးခဲ့တာပါ၊ ဒက်ဒီက အီတလီမှာ ဆုံးပါး ခဲ့တယ် . . မာမီကတော့ မြန်မာပြည်မှာ ဆုံးခဲ့တာပါ၊ ဆွေမျိုး သားချင်းတွေကတော့ မန္တလေးမှာ ရှိကြပါတယ် . . အဆက် အသွယ်တော့ သိပ်ပြီး မရှိပါဘူး"

"ဒေါက်တာ . . မုန်တိုင်းအဖွဲ့နဲ့ ဘယ်လိုပတ်သက် သလဲဆိုတာ စပြီးပြောပြပါ . . ."

"ကျွန်တော်မုန်တိုင်းအဖွဲ့ကို စတင်ရောက်ခဲ့ရတာ . . ဒေါင်းနင်းဆိုတဲ့ အင်္ဂလိပ်လူမျိုးတစ်ဦးကြောင့် ဆိုရမှာပေါ့။ ဒေါင်းနင်းဆိုတဲ့လူက အင်္ဂလန်မြင်းလောင်းဒိုင် တစ်ခုရဲ့ သူဌေးတစ်ယောက်ပါ . . . ကျွန်တော်အီတလီက အပြန် အင်္ဂလန်မှာရှိတဲ့ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ဆီမှာ နေရင်း မြင်းပြိုင်ပွဲတစ်ခုမှာ အပျော်ဝင်ပြီး လောင်းရင်းက . .

နောက်ဆုံး ပါလာတဲ့ငွေတွေ ကုန်တဲ့အပြင် ဘဏ်မှာရှိတဲ့ ငွေတွေပါကုန်တဲ့အထိ ဖြစ်လာတယ်. . နောက်ဆုံး ပေါင်(၃) သန်းလောက် အကြွေးတင်တဲ့ အခြေအနေကနေ အဖမ်းခံရတော့မယ့်အခြေအနေမှာ. . . ဒေါင်းနင်းက ကျွန်တော့်ကို ကားတစ်စီးနဲ့ ခေါ်သွားပြီး၊ မုန်တိုင်းအဖွဲ့ထဲကို ဝင်မယ်ဆိုရင်. . အကြွေးတွေအပြင် ဒါထက်မက ချမ်းသာစွာနေရမယ်လို့ ပြောပြီး. . စည်းရုံးခဲ့တယ်၊ နောက်ဆုံးပြောရရင် မဖြစ်မနေပြဿနာ တစ်ခုကို ဖြေရှင်းရမယ့်ဘဝကို ရောက်နေပြီဆိုတော့ မုန်တိုင်း အဖွဲ့ထဲကို ဝင်ခဲ့ရတယ်ပဲ ဆိုရမှာပေါ့. . . ”

“မုန်တိုင်းအဖွဲ့ထဲကို ရောက်ခဲ့ပေမယ့်. . တစ်လလောက်အင်္ဂလန်မှာ ဘာမှမလုပ်ရဘဲ. . အိမ်တစ်လုံးနဲ့ နေစားရတဲ့ အပြင် မြင်းပွဲကို စိတ်ကြိုက်လောင်းကြေး လုပ်နိုင်ခဲ့တယ်. . အကြွေးတွေလည်း ဆပ်နိုင်ခဲ့တယ်”

“တစ်လပြည့်တဲ့ နေ့မှာတော့ ကျွန်တော့်ကို သမုဒ္ဒရာထဲက ကျွန်းတစ်ခုကို ရဟတ်ယာဉ်နဲ့ ခေါ်သွားခဲ့တယ်၊ ကျွန်းကို အပြင်ကကြည့်ရင် ရေအောက် အဏ္ဏဝါသုတေသန အဖွဲ့လို့ပဲ မြင်ကြတယ်. . ဒါပေမယ့် ကျွန်းရဲ့ တစ်နေရာမှာတော့





ဓာတ်ပေါင်းဖိုကြီး တစ်ခုရှိတယ်. . အဲဒီမှာ ဆေးဝါးတွေလုပ်တဲ့ ပညာရှင်(၁၀)ဦးထက်မနည်း ရှိသလို၊ ဓာတုဗေဒပညာရှင်ကြီးတွေလည်း တွေ့ရတယ်၊ ကျွန်တော့်ကို ကျွန်းပေါ်ရောက်ပြီး. . ညဘက်မှ ခေါ်သွားတာ၊ သူတို့ခေါ်တဲ့ကားပေါ်ကို ရောက်တာနဲ့ အိပ်ငွေ့ပေးပြီး. . ခေါ်ဆောင်သွားတာ၊ ဘယ်ကနေ ဘယ်ကိုသွားသလဲဆိုတာတောင် မသိရဘူး. . ကျွန်တော်သတိရလာတော့ ဓာတ်ပေါင်းဖိုစက်ရုံကြီး တစ်ခုကို ရောက်နေတာကို သိခဲ့ရတယ်. . . ”

“အဲဒီမှာ. . ဆေးဝါးထုတ်လုပ်မှုဘက်မှာ အဆင့်မြင့်မေ့ဆေးအဆိပ်ငွေ့တွေနဲ့ လူတစ်ယောက်ကို ကြောက်စရာပြောင်းလဲစေတဲ့ အာရုံပိုင်းဆိုင်ရာ ဆေးဝါးတွေကို ထုတ်လုပ်တယ်. . ဒီဆေးဟာ ဟီရိုးအင်းနံပါတ်ဖိုးထက် အဆပေါင်းများစွာ ပြင်းပြီး၊ လူတစ်ယောက်သုံးစွဲမိတာနဲ့ စိတ်အာရုံတွေဟာ ခိုင်းစေသလို ရနိုင်တယ်. . ဒါတွေကို များစွာထုတ်လုပ်နေကြတယ်၊ ဘာကြောင့်လဲလို့ စုံစမ်းဖို့ကတော့ မလွယ်ဘူး၊ မေးပိုင်ခွင့်လည်း မရှိဘူး. . ကျွန်တော်နဲ့အတူ လုပ်ကိုင်နေတဲ့ အိန္ဒိယဒေါက်တာက ပြောပြလို့ သိရတာကတော့ ကမ္ဘာ့

နိုင်ငံတွေကို ဒီဆေးတွေ ကျယ်ကျယ်ပြန့်ပြန့် ရောက်အောင် လုပ်ပြီး. . ကမ္ဘာကြီးကို ခြိမ်းခြောက်မယ်ဆိုတာတော့ သိခဲ့ရတယ်. . ."

"ကျွန်တော်ကျွန်းမှာ (၃)နှစ်လောက် နေခဲ့ရပြီး၊ မြန်မာနိုင်ငံကို ဒီဆေးတွေ. . ဖြန့်ဝေဖို့အတွက် တာဝန်ပေးလို့ ပြန်ရောက်ခဲ့တာပါ. . ."

"ဟင်. . ဒါဆို၊ ဒီဆေးတွေ ဖြန့်နေပြီလား"

"မဖြန့်ရသေးဘူး. . ."

"ဘယ်လိုပုံစံမျိုးနဲ့. . သွင်းမှာလဲ"

"(-x-x-)ဘီယာဗူး အမည်နဲ့ သွင်းမှာပါ၊ ဒီမှာရှိကြတဲ့ ကုမ္ပဏီတွေက ဒါတွေကို သိမှာမဟုတ်ပါဘူး"

"တခြား နိုင်ငံတွေကိုရော. . သွင်းပြီလား"

"မသွင်းသေးဘူး. . သူတို့ ခါတ်ပေါင်းဖိုက တီထွင်မှုနဲ့ ချိန်ကိုက်ပြီး လုပ်မယ်လို့ထင်တယ်. . နောက်ဆုံးသတင်း ရကာတော့ သူတို့တီထွင်တဲ့ လက်နက်ဆန်းက ပြီးလုလု ဖြစ်နေပြီတဲ့. . ဒါကိုတော့ ကျွန်တော် မသိခဲ့ရဘူးဆိုတာ သိပါ. . ."





"ဒေါက်တာကို ခေါ်သွားတဲ့ကျွန်းက ဩစတြေးလျ ပိုင်နက်ထဲမှာ ဖြစ်ဖို့များလား. . ."

"ဒီကျွန်းရဲ့ အနေအထားကို ပြောရရင်. . ဘယ်သူမှ ပိုင်တယ်လို့ ပြောလို့ရမှာ မဟုတ်ဘူး၊ သမုဒ္ဒရာထဲက ကျွန်း မျောကြီးတစ်ခု ဖြစ်နေပြီး. . ဆယ်နှစ်လောက်မှ တစ်ခါမျော တယ်လို့ ပြောတယ်"

"ရေအောက် အဏ္ဏဝါသုတေသန အဖွဲ့ကို ဘယ်နိုင်ငံက ဦးစီးလုပ်ကိုင်နေလဲ. . ဒေါက်တာ"

"နိုင်ငံက စုံတယ်. . အားလုံးက အယောင်ဆောင် တွေပါပဲ"

"ဒေါက်တာ. . ခေါင်းဆောင်ကို မတွေ့ဖူးခဲ့ဘူးပေါ့"

"တစ်ခါတော့ တွေ့ဘူးတယ်. . ကျွန်တော်တို့ ထုတ်လုပ်တဲ့ ဆေးဝါးတွေ အောင်မြင်တဲ့ရလဒ်ကို ရတုန်းက ဂုဏ်ပြုပွဲတစ်ခု ကျွန်းမှာ လုပ်ခဲ့တယ်. . ဒီတုန်းက တွေ့ခဲ့ရတာ"

"ဘာလူမျိုးလဲ. . ."

"ရုရှလူမျိုး ဖြစ်မယ်လို့ ယူဆတယ်. . ဘာကြောင့်လဲ ဆိုတော့ သူ့အသံက ရုရှသံပေါက်နေလို့၊ အင်္ဂလိပ်စကား

ပြောပေမယ့်. . အသံက ရုရှသံလို ဝဲနေတယ်၊ ကျွန်တော်က ကျောင်းမှာ ရုရှသူငယ်ချင်းတွေနဲ့ နေခဲ့တော့ သူတို့ပြောဆိုဟန်ကို သဘောပေါက်နေတာပေါ့. . . ”

“ဒါနဲ့. . ဒေါင်းနင်းနဲ့ ဆုံဖြစ်သေးလား”

“ဒေါင်းနင်းနဲ့ ကျွန်တော်ဆုံနိုင်စရာ မရှိတော့ပါဘူး။ ဒေါင်းနင်းကို သစ္စာဖောက်လို့ ရှင်းပစ်လိုက်ကြတယ်. . သတ်တဲ့သူက နာဂီပဲ သူကမုန်တိုင်းအဖွဲ့ကြီးရဲ့ ရှင်းလင်းရေးသမားတစ်ယောက်ပဲ. . မုန်တိုင်းခေါင်းဆောင်ကြီးရဲ့ လက်ရုံးဆိုရင် မမှားဘူး၊ နာဂီကို ဖမ်းမိတာဟာ မုန်တိုင်းအဖွဲ့ကြီးကို ဖမ်းနိုင်ဖို့ အကောင်းဆုံးလူ တစ်ယောက်ပါ. . ကိုနေမင်းဆက်”

“မြန်မာပြည်ရောက်မှ. . နန်းဇူစီနိုက်နဲ့ ဆုံခဲ့တာပေါ့”

“ဟုတ်ပါတယ်. . ဒေါ်နန်းကြာညိုနဲ့ ပတ်သက်ပြီး၊ ဆုံခဲ့ကြရတာပါ. . . ”

“နန်းဇူစီနိုက်ဟာ. . မုန်တိုင်းအဖွဲ့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး”

“ကျွန်တော်တို့ သိထားပြီးပါပြီ. . ခုလိုပြောပေးတာကို ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဥပဒေရဲ့ အောက်မှာ





ပြစ်မှုကြွေးတွေကို ပေးဆပ်ရင်း. . ဒေါက်တာ့ဘဝသစ်ကို စနိုင်ပါစေ. . . ”

“ကျွန်တော်လည်း. . ဒီလိုပဲ ဆုံးဖြတ်ထားပါတယ်”

“နောက်ဆုံးတစ်ခု. . မေးချင်သေးတယ်”

“မေးပါ. . ကိုနေမင်းဆက်”

“(-x-x-x) အမည်နဲ့ဘီယာတွေကို ဘယ်လမ်းကြောင်းနဲ့ ပို့မှာလဲ. . . ”

“ထိုင်းနဲ့ တရုတ်ဘက်က ဝင်မယ်. . . ”

“တရားဝင်. . . လမ်းကြောင်းကပေါ့”

“ဟုတ်ပါတယ်. . သူတို့ ဓာတုဗေဒနည်းနဲ့ ဓာတ်ခွဲပြီး ရှာဖွေဖို့ခက်တယ်၊ သူ့ရဲ့အမိကကျတဲ့ ဖော်မြူလာကို သိမှ စစ်ဆေးလို့ ရမှာ. . . ”

“ဒေါက်တာ. . ရှာဖွေပေးနိုင်မလား”

“ကျွန်တော် ကူညီပါ့မယ်. . . ”

“ဒေါက်တာရဲ့ ကူညီမှုဟာ ကမ္ဘာကြီး ဘေးအန္တရာယ်ကို ကာကွယ်ပေးသလို ဖြစ်မှာပါ. . ကဲ ဒေါက်တာ နားနားနေနေ အနားယူလိုက်ပါ”

"ကောင်းပါပြီ. . ကိုနေမင်းဆက်"

ပိုင်ဦး. . . ဒေါက်တာခေါင်ထွင့် ထွက်ဆိုချက်မှတ်တမ်းကို ယူပြီး၊ ရဲချုပ်ကြီး အခန်းဆီသို့ ထွက်လာခဲ့တော့သည်။

"ဘာ. . နာဂီကို ခေါ်လို့ မရတော့ဘူး၊ ဟုတ်လား. . ပိုင်ဦး"

"ဟုတ်တယ်. . အံ့ဩစရာပဲ မင်းဆက်၊ ဒီကောင်တရားထိုင်သလို ထိုင်ပြီး ခေါ်လို့မရဘူး ဖြစ်သွားတာ. . . အသက်တော့ရှိတယ်"

"ငါလိုက်ခဲ့မယ်. . . "

နေမင်းဆက်. . ပိုင်ဦးနဲ့အတူ နာဂီကိုထားသောအခန်းဆီသို့ လာခဲ့ကြသည်။

အခန်းဆီသို့ ရောက်တော့ အခန်းထောင့်တွင် တရားကျင့်ကြံတဲ့ လူတစ်ယောက်လိုထိုင်ပြီး မလှုပ်ရှားတော့ပေ။

ဆရာဝန်ကြီး ဦးမင်းကျော်စိုးမှ နာဂီကို စမ်းသပ်ပြီး. . ပြန်ထွက်လာသည်။

"ဆရာ. . ဘယ်လိုလဲ"

"အားလုံးကောင်းမွန်တယ်. . နှလုံး ခုန်နှုန်းကလည်း ပုံမှန်ပဲ ဆရာနေမင်းဆက်၊ သတိလစ်နေတဲ့ အသွင်မျိုးတော့ မဟုတ်ဘူး. . ဆေးတစ်ခုခုကို သောက်ထားတဲ့လက္ခဏာတော့ရှိတယ်. ."

"ဟင်. . ."

နာဂီကို သီးသန့် သေသေချာချာ ရှာဖွေပြီးမှ အခန်းထဲတွင် အဝတ်အစားအသစ်ဖြင့် ထားခဲ့ခြင်းဖြစ်သည်။

ဆေးဝါးတွေကို သယ်သွားဖို့ကို မဖြစ်နိုင်သဖြင့် စဉ်းစားရ ကျပ်သွားသည်။

နေမင်းဆက်. . အခန်းထဲသို့ ဝင်လိုက်ပြီး၊ နာဂီကို ထိုင်နေရာမှ ဆွဲမပေမယ့်. . မရ။

"ဆရာနေမင်းဆက်. . မရနိုင်ဘူး၊ အကြောအားလုံး က တင်းနေတယ်"

နေမင်းဆက်. . နာဂီတစ်ကိုယ်လုံးကို သေသေချာ





ချာကြည့်ပြီး-

"ဟင်. . ."

ခြေအောက်ပိုင်းကို အကြည့်ရောက်သွားတော့မှ. . ခြေသန်းလေးတစ်ဖက်သည် မသိမသာလေး ပို၍ရှည်နေသည်ကို တွေ့လိုက်ရသည်. . နေမင်းဆက် ခြေသန်းကို ဆွဲကြည့်လိုက်တော့. . .

"ဟာ. . . ငါတို့ ခံလိုက်ရပြီ"

"ဟုတ်ပါ့ကွာ"

ခြေသည်းအတုထဲမှ. . . အနီရောင် ဆေးလုံးလေးတွေကို တွေ့လိုက်ရသည်၊ စုစုပေါင်း (၂)လုံးပင် ဖြစ်သည်။

ဆရာဝန်ကြီးလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီဆေးမျိုးကို တစ်ခါမှ မတွေ့ဘူးဖူး. . ."

"မင်းဆက်. . ဒေါက်တာခေါင်ထွင့်ကို ပြကြည့်ရင် ကောင်းမလား၊ သူတို့ဆီက ထုတ်တဲ့ဆေး ဖြစ်နိုင်တယ်"

ဆရာဝန်ကြီးကို တစ်လုံးပေးလိုက်ပြီး. . ကျန်တစ်လုံးကို ယူလာကာ ဒေါက်တာခေါင်ထွင့်ဆီ လာခဲ့တော့သည်။

ဒေါက်တာခေါင်ထွင့်ကတော့ သူ့အပြစ်ဒဏ်မကျခင် ဆေးသုတေသန စာတန်းတစ်ခုကို ကြိုးစားပြီး ပြုစုနေလေသည်. . .

"ဒေါက်တာ. . ."

"ဟာ. . ကိုနေမင်းဆက်"

အခန်းတံခါးကို ဖွင့်ပြီး ဝင်လာခဲ့ကြသည်။

"သူတို့ လုပ်တဲ့ဖော်မြူလာကို စဉ်းစားပြီး. . ပြန်ရေးနေတာပါ၊ အဆုံးသတ်ခါနီးပါပြီ. . ကိစ္စပေါ်လာပြန်ပြီလား"

"ဟုတ်ပါတယ်. . ဒေါက်တာ၊ ဒီဆေးကို သိလား"

"သိတာပေါ့. . အကြောနဲ့ အာရုံကြောကို အထူးထိန်းချုပ်တဲ့ ဆေးလုံးပဲ. . ဒီဆေးကို သောက်ထားရင် အနည်းဆုံး (၁၀)ရက်လောက် မလှုပ်မရှားဘဲ. . . နေလို့ရတယ်၊ ဒုတိယ တစ်လုံးကို ဆက်ပြီးသောက်ရင် နှလုံးတွေကို ရပ်ပစ်လိုက်ပြီး သေဆုံးတဲ့ လူတစ်ယောက်လို နေလို့ရတယ်၊ တတိယလုံး ကတော့. . ရက်ပေါင်း (၃၀)လောက်ထိ နေလို့ရတယ်၊ ဘာလဲ နာဂီသောက်ပြီ မဟုတ်လား. . ."

"ဟုတ်တယ်. . ဖြေဆေး မရှိဘူးလား"





"မရှိဘူး. . ကိုနေမင်းဆက်၊ သူ့ကို (၁၀)ရက်အထိ စောင့်ကြည့်ပြီး သတိရလာတာနဲ့ နောက်ထပ် ဆေးတစ်လုံး မသောက်နိုင်ရင် ဘာမှဆက်ပြီး မဖြစ်တော့ပါဘူး. . ဒီဆေးကို ဘယ်ကရလဲ. . ."

"သူ့ ခြေသည်းအတုထဲက ရတာပါ. . ဒေါက်တာ မသိဘူးလား"

"ကိုနေမင်းဆက်. . ပြောမှပဲ သိရတာ၊ ဒါဆို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့တော့ လိုပြီနော်"

"ဒေါက်တာ ပြောသလို (၁၀)ရက် မပြည့်မချင်းတော့ အနီးကပ်စောင့်ကြည့် နေရမှာပေါ့နော်. . ."

"စောင့်ကြည့်ထား. . ကိုနေမင်းဆက်၊ နာဂီဆိုတဲ့ ကောင်က အရမ်းကို ဉာဏ်နီဉာဏ်နက်များတယ်. . သူ့ကို ထောင်ထဲပို့တာတောင် ရအောင်ပြန်ပြီး ထွက်နိုင်တဲ့ကောင်"

နေမင်းဆက်. . ဒေါက်တာခေါင်ထွင့်ကို နှုတ်ဆက်ပြီး. . အခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။

"ပိုင်ဦး. . ဒီနေ့ကစပြီး ရဲဘော်တွေကို အလှည့်ကျ စနစ်နဲ့ ဒီကောင့်ကို စောင့်ကြည့်ရမယ်။ မင်းတာဝန်ယူကွာ. .

ငါရဲချုပ်ကြီး ခေါ်ထားလို့ သွားတွေ့လိုက်ဦးမယ်"

"အေး. . ."

ရဲချုပ်ကြီးအခန်းဘက်သို့ ထွက်လာခဲ့သည်။

"လာ. . ဆရာနေမင်းဆက် ထိုင်ကွာ"

"ဟုတ်ကဲ့. . ."

"နာဂီသတင်းတော့ ကြားပြီးပြီ. . . ဘယ်လိုစီစဉ်ထားလဲ"

"နာဂီကို (၁၀)ရက်လောက်တော့ အနီးကပ် စောင့်ကြည့်ရမှာပါ. . . သူသောက်ထားတဲ့ ဆေးက အကြောနဲ့ အာရုံကြောတွေ ကို ထိန်းချုပ်တဲ့ ဆေးတစ်မျိုးပါ. . ဒီဆေးက သူတို့ကိုယ်ပိုင် ထုတ်လုပ်နေတဲ့ ဆေးတစ်မျိုးပါ. . . ရဲချုပ်ကြီး"

"နာဂီကို နိုင်ငံခြား သံတမန်တွေနဲ့ သတင်းထောက်တွေက တွေ့ခွင့်တောင်းနေကြတယ်. . ."

"ဟင်. . ."

"ငါတို့က ထိုင်းထောက်လှမ်းရေးအဖွဲ့ကို ပြန်ပြီး လွှဲပေးရမယ်၊ အဲဒီကမှ တစ်ဆင့် တရုတ်အာဏာပိုင် လက်ထဲကို





ထပ်ပြီးလွှဲမယ်. . ."

"ရဲချုပ်ကြီး. . ဘယ်လိုစီစဉ်ထားပါလဲ"

"ငါကတော့. . နာဂီဆီက ဖြောင့်ချက်တစ်ခု မရမချင်း ပြန်ပြီး မလွှဲနိုင်သေးဘူး၊ သူနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံသားတွေ ပူးတွဲပါနေတာဆိုတော့ ပြစ်မှုဆိုင်ရာကို ဆောင်ရွက်ပြီးမှ လွှဲပေးနိုင်မယ်လို့ ပြောထားတယ်"

"သံတမန်နဲ့ သတင်းဌာနတွေ အတွက်ရော. . ."

"သတင်းဌာနတွေတော့ ပေးမတွေ့သေးဘူး. . . သံတမန်တွေတော့ လက်ရှိအခြေအနေအတိုင်း ပေးတွေ့ပြီး ရှင်းလင်းပေးရမှာပဲ. . ဒါကြောင့် ဒေါက်တာခေါင်ထွန့်ကို ရှင်းလင်းပေးဖို့ ဆရာနေမင်းဆက်. . စီစဉ်ထားပါ"

"ကောင်းပါပြီ. . ရဲချုပ်ကြီး"

နေမင်းဆက် သံအရာရှိများနှင့် နာဂီကို တွေ့ဆုံပေးမှု ရှင်းလင်းမှုအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် ပြန်ပြီးထွက်လာခဲ့တော့သည်။

နာဂီနှင့် မုန်တိုင်းအဖွဲ့ကြီး ဇာတ်သိမ်းတဲ့အထိကို . . နေမင်းဆက် ဖော်ထုတ်ချင်သော ဆန္ဒတွေက အပြည့်ရှိနေ

လေသည်။

**ထိန်းသိမ်းထား**သော. . ဒေါ်နန်းကြာညို၊ စောနိုင်နှင့် **ဒေါက်တာခေါင်**ထွင့်ရုတို့ကို ရှင်းလင်းပွဲတွင် ဖော်ထုတ်ရဦးမည် **ဖြစ်**သည်။

## မှန်တိုင်း ခစ်ဆင်ရေး

ပစိဖိတ် သမုဒ္ဒရာထဲရှိ ကျွန်းစုကြီးဆီသို့ နိုင်ငံတကာ တပ်ဖွဲ့ဝင်တွေရဲ့ ရေတပ်သင်္ဘောတွေ၊ ရဟတ်ယာဉ်တွေ ဝဲပျံ သွားနေကြသည်။

ကျွန်းကြီး၏ ဘေးပတ်လည် တစ်ခုလုံးကို ဝိုင်းဝန်း ပိတ်ဆို့ထားပြီးမှ ထောက်လှမ်းရေးတပ်ဖွဲ့တွေနှင့် ကွန်မန်ဒို စစ်သားများ ကျွန်းဆီသို့ သွားခဲ့ကြသည်။

ထိုထဲတွင်. . နေမင်းဆက်နှင့် ပိုင်ဦး လိုက်ပါသွားခဲ့ သည်။

"မင်းဆက်. . စခန်းကို တွေ့နိုင်ပါ့မလား"

"ငါတော့. . မထင်ဘူး"

"ပိုင်ဦး. . ဒီကောင်တွေ စခန်းကို လွယ်လွယ်နဲ့တော့ တွေ့ဖို့ ဆိုတာမဖြစ်နိုင်ဘူး. . ."

"အမှန်က နာဂီဆီမှ ထွက်ချက်တစ်ခုကို ရပြီးမှလာသင့်တယ်. . ."

"ငါလည်း. . ဒီလိုတင်ပြပေမယ့် မရဘူး၊ နိုင်ငံတကာကို တင်သွင်းမယ့် ဆေးဝါးတွေကို လက်ဦးမှု ရယူချင်လို့ ခုလို စစ်ဆင်ရေး တစ်ရပ်ကို လုပ်တာပဲ. . ."

ကမ်းဆီသို့ ရောက်သည်နှင့် တက်ခဲ့ကြပြီး၊ သုတေသန အဆောက်အဦးကို အရင်စတင်ပြီး တပ်ဖွဲ့ဝင်တွေ စီးနင်းကာ ဝန်ထမ်းများကို ထိန်းသိမ်းလိုက်သည်။

ကွန်မန်ဒိုတပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီး ဝေါစလင်းမှ သူ့တပ်ဖွဲ့တွေကို ကျွန်းကြီးထဲသို့ ဝင်ရန်အမိန့်ပေးကာ စတင်ပြီး ဝင်ခဲ့ကြသည်။

ခေတ်မီလက်နက်၊ ခေတ်မီ စက်ကိရိယာတွေဖြင့် ရှာဖွေပြီး ဝင်ခဲ့ကြခြင်း ဖြစ်သည်။

"ဂြိုဟ်တုကနေ. . ရိုက်ကူးတဲ့ဓာတ်ပုံကို တွက်ချက်ပြီး





ကြည့်ရတာ. . ကျွန်းရဲ့ ကျယ်ဝန်းမှုက တို့ဟိုင်းကြီးကျွန်းလောက်တောင် မကျယ်ဘူး. . ပိုင်ဦး"

"ဂြိုဟ်တု ထောက်လှမ်းရေးဓာတ်ပုံထဲမှာ ထူးခြားချက် မပါဘူးလား. . ."

"ဘာမှ. . မတွေ့ဘူး၊ သာမန်ကျွန်းကလေး တစ်ခုပဲ၊ ထူးခြားတာဆိုလို့ ကျွန်းရဲ့အလယ်မှာ ရေကန်တစ်ခုပဲရှိတယ်"

"ဒေါက်တာခေါင်ထွင်ရဲ့ ထွက်ချက်အရဆိုရင်. . ဓာတ်ပေါင်းဖိုကြီးတောင် ရှိတယ်ဆိုတော့၊ ဘယ်လိုမှ ဖျောက်ဖျက်လို့ မရနိုင်ဘူး. . ."

"ဒါကြောင့် စဉ်းစားစရာတွေ ဖြစ်နေတာ၊ နန်းကြာညိုထွက်ဆိုချက်အရရော. . စောနိုင်ထွက်ချက်တွေနဲ့ ပေါင်းပြီးမှ အတည်ပြုခဲ့တဲ့ ကျွန်းဖြစ်လျက်နဲ့ ဘာကြောင့်ရှာမတွေ့နိုင်တာလဲဆိုတာ အံ့သြစရာ ဖြစ်နေတယ်. . ."

ကျွန်းကြီးထဲသို့ ဝင်လာခဲ့သည်မှာ. . (၅)နာရီနီးပါးရှိနေပြီး၊ ညနေပင် ရောက်နေပြီ ဘာသဲလွန်စမှ မတွေ့ရသေးပေ. . .

"အားလုံး. . . နားကြမယ်"

**ဗိုလ်မှူးကြီး** ဝေါစလင်း. . သူ၏တပ်ဖွဲ့တွေကို အနားယူခိုင်းလိုက်ပြီး. . စခန်းတစ်ခုကို ယာယီတည်ဆောက်လိုက်သည်။

**နေမင်းဆက်**. . ပိုင်ဦးနှင့် ထိုင်းထောက်လှမ်းရေးမှ အရာရှိ **နှစ်ဦးတို့က** ရွက်ဖျင်တဲတစ်ခုတွင် နေကြသည်။

"**ကျုပ်တို့တော့**. . လှည့်စားမှုတစ်ခုကို ခံနေရပြီ၊ ထင်တယ်ကွာ. . မင်းဆက်"

"ဟုတ်တယ်. . ကျွန်းကြီးကို ဒီလောက်နာရီများစွာ ရှာဖွေတာ တွေ့ကိုတွေ့နိုင်ရမယ်၊ ခုဟာက ကျွန်းထဲကသစ်စေ့ ရှာရသလို ဖြစ်နေပြီဗျ. . ."

"ဟို သုတေသနအဖွဲ့တွေကို စစ်ရင် အဖြေတစ်ခု တော့ ထွက်မှာသေချာတယ်"

"**စောနိုင်**. . ပြောသလို တင့်ကားတွေ၊ ရဟတ်ယာဉ်တွေ **ရှိတဲ့**နေရာဆိုရင် ဒီကျွန်းကြီးထဲမှာ ရှာတွေ့ဖို့က ဘာမှ မခက်ခဲဘူး. . ."





"သူတို့ထွက်ချက်တွေက လုပ်ကြံပြောတာ **မဖြစ်နိုင်**ဘူးလား. . ."

"အင်းလေ. . **စောင့်ကြည့်**ကြတာပေါ့၊ အဖြေတစ်ခုတော့ ရမှာပေါ့. . ."

မှောင်စပြုလာပြီ ဖြစ်ခြင်းကြောင့် အပြင်ဘက်သို့ ထွက်ပြီး. . ဗိုလ်မှူးကြီး ဝေါစလင်းနှင့် စကားထိုင်ပြောနေမိသည်။

"ဗိုလ်မှူးကြီး. . ဘယ်လိုသဘောရသလဲ"

"ကျုပ်တို့. . ဝက်ဘာတစ်ခုထဲကို ရောက်နေပြီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"ကျုပ်တို့ရဲ့. . ရှာဖွေရေးကိရိယာတွေ ပျက်သွားပြီ"

"ဟာ. . ."

"ဒါဟာ. . ရိုးရိုးသားသား ပျက်သွားတာ မဟုတ်ဘူး၊ အဆင့်မြင့်တဲ့ နည်းပညာတွေနဲ့ ပျက်အောင်လုပ်လိုက်တာ. . ပြီးတော့ ခုရောက်နေတဲ့ နေရာကလည်း အစစ်မဟုတ်ဘူး"

"**ဘာကြောင့်**. . . ပြောနိုင်တာလဲ"

“ခုကျုပ်တို့ . . ပတ်ဝန်းကျင်မှာ ရှိနေတဲ့ သစ်ပင်တွေ အားလုံးဟာ အတုတွေပဲ. . . ”

နေမင်းဆက် . . ဘေးမှသစ်ရွက်တွေကို ခူးပြီးကြည့်တော့၊ ထူးခြားတာက ဘာမှမတွေ့ရပေ။

“မစ္စတာ နေမင်းဆက် . . ခူးလိုက်တဲ့သစ်ရွက်က အစစ်ပါ၊ လွဲနေတာက ဒီသစ်ရွက်ရဲ့ အပင်ပဲ. . ကျုပ်က တက္ကသိုလ်မှာ ရုက္ခဗေဒပညာရပ်ကို သင်ယူခဲ့ရသလို အရမ်းလည်း ဝါသနာပါခဲ့တာ. . ဗီယက်နမ်စစ်ပွဲမှာ ကျုပ်ဖခင် ကျဆုံးပြီးနောက် စစ်ထဲကို ရောက်လာခဲ့တာ. . အပင်အမျိုးအစားနဲ့ အရွက် အမျိုးအစားဟာ လွဲချော်နေတယ်၊ ဒီသစ်ပင်ကြီးတွေလည်း ဒီလိုပဲ. . အပင်တွေနဲ့ အရွက်တွေက ကွဲလွဲနေတယ်. . ဒီနည်းဟာ တီထွင်မှုတစ်ခုကို ပြုလုပ်ပြီး တော့ အသွင်ဖန်ဆင်းထားတာ၊ ဟိုမှာတွေ့တဲ့ စမ်းချောင်း လေးကို သွားကြည့်ရင် ပိုပြီးသိလိမ့်မယ်. . . ”

ဗိုလ်မှူးကြီးဝေါစလင်း ခေါ်ဆောင်သည့် စမ်းချောင်း လေးဆီကို ထွက်လာခဲ့ကြသည်။





နေမင်းဆက် . . ကြည့်တော့ ဘာမှ မထူးခြား-

“ဒီစမ်းချောင်း ရေစီးမှုဟာ ကျွန်းရဲ့တောင်နဲ့ မြောက်ကို စီးဆင်းနေတယ် . . ဒါဟာ လွဲချော်မှုတစ်ရပ်ပဲ၊ သမုဒ္ဒရာ ရေစီးကြောင်းက အရှေ့ကနေ အနောက် ဖြစ်ရမယ် . . ဒါဟာ ပထမသံသယ အချက်၊ ဒုတိယသံသယ အချက်ကတော့ ရေပဲ ကျုပ် စမ်းရေပေါင်းများစွာကို သောက်ခဲ့ဘူးတယ် . . ဒီရေဟာ စမ်းရေ မဟုတ်ဘဲ၊ တွင်းထဲကနေ စက်နဲ့ထုတ်ယူပြီး . . ဟိုတောင်ကုန်းမြင့်ကနေ လွှတ်နေတာ၊ သွားပြီးကြည့်ရင် ရေကြည်တွေ ချောင်းထဲက ထွက်နေတယ်လို့ ထင်ရတယ် . . ရေရဲ့ အနံ့အသက်က မြေဆီလွှာအနက်ပေ(၃၀၀)က လာတဲ့ရေတွေ. . . ”

ဗိုလ်မှူးကြီး ဝေါစလင်း၏ အသေးစိတ်တွက်ချက်မှုကို ချီးကျူးမိသည်။

“ကျုပ်တို့ ရန်သူရဲ့ အန္တရာယ်ထောင်ချောက်ထဲကို ရောက်နေပြီ . . ဘယ်လိုရင်ဆိုင်ရမယ် ဆိုတာကို စောင့်ကြဖို့ပဲရှိတယ် . . ဒီအဖွဲ့ဟာ အရမ်းကိုတော်တဲ့ ပညာရှင်တွေနဲ့

ဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ဖွဲ့ပါ. . လျှော့တွက်ခဲ့ကြတာက အကြီးမားဆုံးအမှားပဲ. . မစ္စတာနေမင်းဆက် ပြောသလို အချိန်တစ်ခုကို စောင့်သင့်တယ်၊ ခုတော့ အသက်ရှင်ရက်နဲ့ အိမ်ကို ပြန်ဖို့ဆိုတာတော်တော်ကို မလွယ်တော့ဘူး၊ နောက်တန်းကို ဆက်သွယ်လို့ လုံးဝမရတော့ဘူး၊ ဒီနယ် မြေထဲမှာ အသံလှိုင်းတွေကို ဖမ်းယူနိုင်သလို ဖျက်ဆီးနိုင်တဲ့ လျှပ်စစ်ဓာတ်ရောင်ခြည်တွေ ရှိနေတယ်. . .”

“နောက်ကြောင်း. . ပြန်ပြီးဆုတ်ရင်ရော”

“လမ်းပျောက်သွားပြီ. . မစ္စတာနေမင်းဆက် ကျုပ်ပြန်ပြီးထွက်ဖို့ ကြိုးစားပေမယ့် မရတော့ဘူး. . အားလုံးအသင့်အနေအထားနဲ့ ရင်ဆိုင်ဖို့ပဲ ရှိတော့တယ်”

နေမင်းဆက်တို့ ထောက်လှမ်းရေးတပ်ဖွဲ့တွေလည်း လက်နက်တွေကို အသင့်ပြင်ပြီး. . ရောက်လာမယ့် **အန္တရာယ်**ကို စောင့်နေကြတော့သည်။

**“မင်းဆက်. . .”**

**“ဘာလဲ. . ပိုင်ဦး”**





“နာရီတွေပါ. . ရပ်ကုန်ပြီ-ကွ”

“ဟုတ်တယ်. . ပြီးတော့ အအေးဓာတ်ကြီးက သဘာဝ အေးတာမျိုးမဟုတ်ဘူးကွ. . အန္တရာယ်က စပြီ”

ကွန်မန်ဒို တပ်ဖွဲ့ဝင်တွေအားလုံး တုန်ယင်စွာ ရှိနေလေပြီ. . .

**အပူဓာတ်ရအောင် မွှေးထားသည့် မီးတွေလည်း ငြိမ်းကုန်သည်. . ထပ်ပြီး မွှေးပေမယ့် ဘယ်လိုမှမရ-**

**“လက်ဖျားတွေတောင် ထုံကျင်လာပြီ. . မင်းဆက်”**

**“ပိုင်ဦး. . ကျည်ဆံတောင့်ကို ထုတ်လိုက်”**

**နေမင်းဆက်. .** သေနတ်ထဲမှ ကျည်ဆံတောင့်တွေ ထုတ်ပြီး **ယမ်းတွေကို** ထုတ်ကာ. . အောက်တွင်ပုံလိုက်သည်၊ ပြီးတော့မှ **အပေါ်တွင်**သစ်ခြောက်တွေနှင့် သစ်ကိုင်းခြောက်တွေ စုပုံပြီး. . **မီးရှို့လိုက်သည်-**

**“ရှူး. . .”**

ယမ်းတွေမီးစွဲပြီး. . သစ်ခြောက်တွေ **လောင်ကျွမ်းတော့မှ မီးကိုပြန်ပြီး မွှေးလို့ရသွားကြရသည်။**

ထိုနည်းတူစွာပင်. . အားလုံးလိုက်လုပ်ကြတာ ကြောင့် အအေးဒဏ်ကို ခံနိုင်ရည် ရခဲ့သည်။

"ဟူး. . တော်ပါသေးရဲ့ဗျာ၊ မစ္စတာနေမင်းဆက် နည်းက အားလုံးအဆင်ပြေတယ်"

"မီးအားကောင်းနေတုန်း. . သစ်ကိုင်းခြောက်တွေ ကို ထပ်ပြီးဖြည့်ထားမှ ဖြစ်မယ်. . မီးအားနည်းတာနဲ့ ငြိမ်းမှာ-

ဘေးပတ်ဝန်းကျင်ရှိ သစ်ကိုင်းခြောက်တွေကို ခုတ် ဖြတ်ပြီး မီးပုံကြီးတစ်ခုကို ပြုလုပ်လိုက်ရသည်။

တောမီးကြီး လောင်မတတ် မီးတောက်ကောင်းနေ သဖြင့် အအေးဒဏ်၏ ထိခိုက်မှုကို ကာကွယ်နိုင်ခဲ့ကြသည်။

နေမင်းဆက် ကောင်းကင်ထက်သို့ကြည့်ပြီး. . ကြယ် တွေ၏အနေအထားကို တွက်ချက်လိုက်သည်။

နေမင်းဆက်တို့ လာခဲ့သော နေရာက မြောက်ဘက်ဖြစ် သောကြောင့် ကြယ်နက္ခတ်တွေနှင့် တွက်ပြီး. . မြောက်ဘက် အရပ်ကို ရှာဖွေလိုက်သည်။

"မစ္စတာနေမင်းဆက်. . ကောင်းကင်ကို ကြည့်ပြီး





ဘာတွေ တွက်ချက်နေတာလဲ. . ."

"ထွက်ပေါက်ကို. . . ရှာနေတာ"

"နက္ခတ်ပညာရပ်နဲ့လား. . ."

"ဟုတ်တယ်. . ဟိုဘေးက စမ်းချောင်းလေးဟာ မြောက်ဘက်ကို စီးနေတယ်လို့ ဗိုလ်မှူးကြီးပြောတယ် မဟုတ် လား. . ."

"ဟုတ်တယ်. . ."

"ကျုပ်တို့ ဒီစမ်းချောင်းလေးအတိုင်း ဆုတ်ရင် ကောင်းမလား. . ဗိုလ်မှူးကြီး၊ ဒါမှ ကျုပ်တို့လာခဲ့တဲ့ လမ်းကို ပြန်ပြီး ရောက်မှာ. . ."

"ကျုပ်လည်း ဒါကိုပထမ စဉ်းစားမိတယ်. . မြောက် အရပ်ဆိုတာကို ဇဝေဇဝါဖြစ်နေလို့. . မစ္စတာနေမင်းဆက် အတိအကျသတ်မှတ်နိုင်ရင် ဆုတ်သွားရမှာပဲ၊ ဒီနေရာဟာ နောက်ထပ်အန္တရာယ်တွေကို တွေ့လာနိုင်တယ်လို့ ထင် တယ်. . ."

"ဒါဆို. . ခုချက်ချင်းပဲ၊ ဆုတ်မလား. . ."

"ဆုတ်မယ်. . မနက်မိုးလင်းအောင် စောင့်ရင်၊ တစ်ယောက်မှ အသက်ရှင်နိုင်မှာ မဟုတ်ဘူး. . အားလုံးဆုတ်ဖို့ အသင့်ပြင်ကြဟေ့"

တပ်ဖွဲ့ကို ပြင်ဆင်ခိုင်းပြီး. . ဆုတ်လမ်းဆီသို့ လာခဲ့ကြတော့သည်။

"ဗိုလ်မှူးကြီး. . သစ်ပင်ပေါ်တွေမှာ တီဗီကင်မရာတွေ တပ်ထားတာတွေ့လား. . ."

"တွေ့တယ်. . ကျုပ်တို့လှုပ်ရှားမှုတွေကို စောင့်ပြီး ကြည့်နေတာ ကဲကွာ. . .ရှိုး. ."

"ဝုန်း. . ."

ဗိုလ်မှူးကြီးဝေါ်စလင်း လက်နက်ကြီးတွေနှင့် သစ်ပင်တွေကို ပစ်ခတ်ပြီး ဖျက်ဆီးပစ်လိုက်သည်။

တောကြီးတစ်ခုလုံး မီးခိုးလုံးတွေပြည့်ဖုံးသွားသည်နှင့်. . အမြန်ဆုံးပြေးထွက် ခဲ့ကြသည်။

"ရှိုး. . ရှိုး. . ရှိုး"

"အား. . အား. . . အား"





ကွန်မန်ဒိုရဲဘော် (၃)ဦး. . ကျောပြင်တွင် သစ်ပင်တွေဆီမှ ထွက်လာသော မြားတံတွေ ဖောက်ထွက်သွားတော့သည်။

"ရှိုး. . ."

"အား. . ."

တချို့ပေါင်. . လက်မောင်းစသည်တို့တွင် စိုက်ဝင်သည့် သူက စိုက်ဝင်နေကြသဖြင့် တွဲပြီး ခေါ်ရသဖြင့် ခရီးက မတွင်ကျယ်တော့ပေ. . .

"ဒုတ်. . ဒုတ်. . . ဒိုင်း"

"ဝုန်း. . ."

ဘေးမှ သစ်ပင်တွေကို ရန်သူလိုသဘောထားပြီး၊ ပစ်ခတ်ကာ တဖြည်းဖြည်းချင်း ဆုတ်ခွာခဲ့သည်။

"ဗိုလ်မှူးကြီး ရှေ့ကျောက်ငူမှာ နားမှ ဖြစ်မယ်. . ဒဏ်ရာရသူတွေကို အနားပေးရမယ်"

"ဟုတ်တယ်. . . ဒီနေရာက သစ်ပင်မရှိဘူး"

ဗိုလ်မှူးကြီးဝေါ်စလင်း နှင့် နေမင်းဆက် ကျောက်ငူ

ကြီးပေါ်သို့ တက်ပြီး စမ်းကလေးကို လှေ့လာကာ. . .

"ဒီကျောက်ငူက သဘာဝကျောက်ငူပဲ အားလုံးတက်ခဲ့ကြ. . ."

ပိုင်ဦးနှင့်အတူ တပ်ဖွဲ့ဝင်တွေ တက်ခဲ့ကြသည်။

စိုက်ဝင်နေသော မြားတံတွေကို ထုတ်ယူပြီး. . ဆေးထည့် ဆေးကုကို ထိုနေရာတွင် လုပ်ကြသည်။ ထိုင်းထောက်လှမ်းရေးတပ်ဖွဲ့မှ ဂူကျီပေါင်က လက်မောင်းတွင် မြားတံစိုက်ခဲ့သည်။

ပိုင်ဦး. . သူ့နာရီကို ပြန်ပြီးကြည့်တော့ စက္ကန့်တံလေးသွားနေသဖြင့်. . .

"မင်းဆက်ရေ. . နာရီလက်တံတွေ ပြန်ကောင်းနေပြီ"

"ဟာ. . ဒါဆို ဒီကောင်တွေ ထိန်းချုပ်ထားတဲ့ နယ်မြေက လွတ်မြောက်ပြီ ထင်တာပဲ"

ဗိုလ်မှူးကြီးဝေါ်စလင်း. . ဆက်သွယ်ရေး စက်တွေကိုပြန်ပြီးဖွင့်ကြည့်တော့. . အားလုံး အဆက်အသွယ် ပြန်ရခဲ့ကြသည်။





"သေမင်းပါးစပ်ကတော့. . ခုန်ပေါက်ပြီး ထွက်လာနိုင်ပြီ၊ ကျုပ်ရဲ့ တပ်သား(၃)ဦးကတော့ စတေးခံလိုက်ရပြီဗျာ"

"စိတ်မကောင်းပါဘူး. . . ဗိုလ်မှူးကြီး"

"ဘာတတ်နိုင်မလဲ. . စစ်သားဆိုတာ သေခြင်းတရားနဲ့ အနီးဆုံးမှာ ရှိကြတဲ့ လူတွေပဲလေ. . တာဝန်တစ်ရပ်ထမ်းဆောင်တယ်လို့ပဲ သဘောထားရမှာပေါ့. . ."

သိပ်မကြာ. . စစ်ရဟတ်ယာဉ်တွေ ရောက်လာပြီး၊ နေမင်းဆက်တို့ကို ပြန်ပြီး ခေါ်ဆောင်သွားခဲ့ကြတော့သည်။

"မင်းဆက်ရေ. . မြန်မာပြည်တော့ ပြန်ပြီးရောက်ရဦးမှာပေါ့. . ."

ပိုင်ဦး အောက်မှကျွန်းကြီးကို ကြည့်ပြီး သက်ပြင်းချကာ ပြောနေလေတော့သည်။

"ငါတို့ ပုခုံးပေါ်ကိုတော့ ကြီးမားတဲ့ ကျောက်တုံးကြီး တစ်ခု တင်လိုက်ပြန်ပြီ နေမင်းဆက်. . ."

ရဲချုပ်ကြီး. . နေမင်းဆက်မျက်နှာကို ကြည့်ပြီး ပြော လိုက်သည်။

"နာဂီဆီက ထွက်ဆိုချက်ကို ရမှ. . . နောက်ထပ် စစ်ဆင်ရေး တစ်ရပ်ကို ဆင်နွှဲမယ်၊ ခုတော့ သမုဒ္ဒရာထဲမှာ စောင့် ကြည့်အဆင့်ပဲ ချထားတယ်. . ."

"ဟို. . သမုဒ္ဒရာကျွန်းစုက ထိန်းသိမ်းထားတဲ့သူတွေ နဲ့ ပတ်သက်ပြီး ဘာမှ မထူးဘူးလား"

"မထူးပါဘူး. . သူတို့အဆင့်တွေက ကမ်းခြေစောင့်





လုံခြုံရေး အဆင့်လောက်ပဲ ရှိတယ်ဆိုတော့ ကျွန်းကြီးရဲ့ လျှို့ဝှက် ချက်ကို ဘာတစ်ခုမှ မသိကြဘူး. . အဓိက အကျဆုံး က နာဂီပဲ. . နာဂီဟာ ကျွန်းကြီးရဲ့ လျှို့ဝှက်ချက်တွေကို သိနိုင် သူလို့ အားလုံးက ထင်မြင်နေကြတယ်. . ဒီတော့ ဆရာ နေမင်းဆက်. . ကြိုးစားပါဦး"

"ဟုတ်ကဲ့. . . ကြိုးစားပါ့မယ်"

"ဩော်. . ဒါနဲ့ မုန်တိုင်းအဖွဲ့ကြီးက ပို့လိုက်တဲ့အခွေ ကို ကြည့်ဖို့ ယူသွားဦး. . ဒီအခွေကြောင့် နိုင်ငံအသီးသီးက စိုးရိမ်နေကြပြီ. . ."

"ဟုတ်ကဲ့. . ကြည့်လိုက်ပါဦးမယ်"

ရဲချုပ်ကြီးဆီက ဗီဒီယိုအခွေလေးကို ယူပြီး. . သတင်း ဌာနခန်းတွင်ရှိသော စက်တွင် ကြည့်ရန်ပြင်လိုက်သည်။

"မင်းဆက်. . အခွေကြည့်မလို့လား. . ."

"ဟုတ်တယ်. . ရဲချုပ်ကြီး ကြည့်ခိုင်းတဲ့အခွေ"

"ချောက်. . ."

နေမင်းဆက်. . အခွေကို စတင်ပြီးကြည့်တော့. . . ပထမဦးဆုံး. . သမုဒ္ဒရာရေပြင်ကြီးတစ်ခုကို တွေ့ရပြီး

မိနစ်ပိုင်းလောက်တွင် ထိုရေပြင်ကြီးဟာ ရေခဲပြင်ကြီး တစ်ခုလို ဖြစ်သွားတော့သည်။

"ဟာ. . ရေတွေ ခဲသွားပြီ. . ."

ထိုနောက် ရေခဲပြင်ကြီး နှစ်ခြမ်းကွဲကာ ခရမ်းလွန်ရောင်ခြည်တန်းကြီးတစ်ခု ထွက်ပေါ်လာသည်။ ကောင်းကင်တိမ်တိုက်တွေဆီသို့ ရောက်တော့ တိမ်တိုက်တွေမှာ အစိုင်အခဲထုကြီးတွေအဖြစ် ပြောင်းလဲသွားပြီး. . မြေပြင်ဆီသို့ ပြုတ်ကျတော့သည်။

မြေပြင်တွင်ရှိသော တောတောင်တွေနှင့် တခြားသောအရာဝတ္ထုတွေ ကြေမွသွားနိုင်သော တိမ်အပိုင်းအစကြီးများ ဖြစ်သွားသည်ကို တွေ့ရပြီး. . အခွေဆုံးသွားသည်။

"ကြောက်ဖို့ကောင်းလိုက်တာ. . မင်းဆက်"

"ဒီမုန်တိုင်းအဖွဲ့ကြီးတီထွင်ထားတဲ့ ဓာတုရောင်ခြည် လက်နက်ပဲ ကမ္ဘာကိုသိအောင် ပထမဆုံး စမ်းသပ်ပြလိုက်တာပဲ. . ."

"ကမ္ဘာကြီးကို ဖျက်ဆီးတော့မယ်နဲ့ တူတယ်. . ."

"ခုလို ဘာကြောင့်လုပ်ရတာလဲ ဆိုတာကို မသိသေး





ဘူး. . ."

"စိန်တွေရဲ့ စွမ်းအားကို အမိကအားပြုပြီး တီထွင်ထားတဲ့ ဓာတုရောင်ခြည် လက်နက်ပဲ ပိုင်ဦး. . ."

"ဟူး. . မလွယ်ပါလားကွာ၊ ဒီကောင်တွေကို အမြန်ဆုံး လက်ဦးမှုမရရင်တော့. . မလွယ်ကြောပဲ"

"ဒီနေ့ဆို နာဂီမေ့နေတာ. . ဘယ်နှစ်ရက် ရှိပြီလဲ"

"(၈)ရက်မြောက်သွားပြီ. . ."

"ဒါဆိုရင်. . မနက်ဖြန်က စပြီး၊ ငါအနီးကပ်နေမယ်၊ နာဂီဟာ. . တစ်ကမ္ဘာလုံး အတွက်အရေးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်နေပြီ. . ပိုင်ဦး ဘီယာတင်သွင်းမှု အခြေအနေ ဘယ်လိုလဲ"

"ဒီနေ့ထိ. . (-x-x-x)အမည်နဲ့ ဘီယာတွေ ဝင်နေတယ်. . ."

"ဟင်. . ."

ဒေါက်တာခေါင်ထွဋ်ပြောသည့် အမည်မဟုတ်မပေမယ့်၊ နာမည်တစ်မျိုးဖြင့် ဝင်နေခြင်းကြောင့် စိတ်ထဲမှတင်မျှးဖြစ်သွားသည်။

"ခု. . ပြည်တွင်းကို ပို့ပြီလား. . ."

"မပို့သေးဘူး . . ဆိပ်ကမ်းမှာပဲ ရှိသေးတယ်"

"ဒါဆို . . သွားကြရအောင်"

ကားတစ်စီးဖြင့် နိုင်ငံခြားသဘော်ာ ကုန်တင်ကုန်ချ ဆိပ်ကမ်းသို့ မောင်းလာခဲ့ကြသည်။

ဆိပ်ကမ်းဆီသို့ ရောက်တော့ . . .

"ဟင် . . . ဘာဖြစ်နေသလဲ မသိဘူး"

ရဲတပ်ဖွဲ့ဝင်တွေနှင့် ဆိပ်ကမ်း တာဝန်ရှိသူတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ကားပေါ်မှ အမြန်ဆုံးဆင်းပြီး ကြည့်လိုက်တော့ . .

လူတစ်ယောက် . . ဓားတစ်လက်ဖြင့် ရမ်းကားနေသည်။

သူ့ဘေးတွင် . . လူနှစ်ယောက်ကတော့ လဲနေသည်။

"တစ်ယောက်မှ မကပ်နဲ့ ကပ်လို့ကတော့ ငါ့ဓားက လူမရွေးဘူးကွ၊ ဟား . . ဟား . . ဟား . . အားလုံးကို သတ်မယ်"

နေမင်းဆက် . . ထိုလူ့အနားသို့ တစ်လှမ်းချင်းလှမ်း သွားသည်။





"မင်းဆက် . . . သတိထား"

ပိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တွေက သေနတ်ကိုယ်စီ ပြင်ထားလိုက်ကြသည်။

"မင်းက . . ဓားခုတ် ကောင်းမယ့်ပုံပဲ"

"ဘာလဲ . . မင်းလည်း သေချင်ပြီပေါ့"

"ဟုတ်တယ် . . လူပြည်မှာ မနေချင်လို့ သေမင်းဆီကို သွားမှာ"

"ဒါဆို . . သွားပေတော့"

"ဝှီး . . ."

"ဖြောင်း . . ."

"ခွပ် . . . အီး"

နေမင်းဆက် . . အနီးကပ် ခုတ်ပိုင်းလာသည့် ဓားချက်ကို ရှောင်လိုက်ပြီး၊ လက်ကို လိမ်ချိုးကာ မျက်နှာကို ရိုက်ချလိုက်သည်။

ဒါတောင် . . နောက်တစ်ကြိမ် ပြန်ပြီးအထတွင် . . .

"ရော့ကွာ . . ဒုတ်"

"အင့် . . ."

ဒီတစ်ခါတော့. . မလှုပ်မယှက်ပင် မှောက်သွားတော့သည်။

"ဘယ်လို ဖြစ်တာလဲ. . ."

ဆိပ်ကမ်းအလုပ်သမား ခေါင်းဆောင်ကို မေးလိုက်တော့. . .

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး. . . ဆရာရယ်၊ ဒီကောင်လေးက ဆိပ်ကမ်းမှာ အရမ်းအေးတာ၊ အသောက်အစားလည်း မရှိပါဘူး. . ကြောက်လည်း ကြောက်တတ်တယ်၊ ဒီနေ့သင်္ဘောပေါ်က ဘီယာတစ်ဗူးကို သောက်ပြီးတာနဲ့ ဘီလူးသရဲစီးသလို ဖြစ်ပြီး တွေ့တဲ့သူတွေကို ခုတ်တော့တာပဲ. . ."

"ဟင်. . ."

ဘီယာကြောင့်ဆိုသော စကားကြောင့် နေမင်းဆက် စိုးထိတ်သွားပြီး. . .

"ပိုင်ဦး. . ဒီဘီယာတွေကို ချိတ်ပိတ်ပြီး၊ သိမ်းဖို့လုပ်တော့. . ."

"အေး. . ."





ပိုင်ဦး. . တာဝန်ရှိသူတွေဆီသို့ သွားပြီး၊ ဘီယာကတ်တွေကို လုံးဝမချဖို့ ပြောလိုက်တော့သည်။

နေမင်းဆက်က ဘီယာတစ်ဗူးကို စစ်ဆေးရန်ယူသွားတော့သည်။

နေမင်းဆက်တို့ . . ဌာနချုပ်ဆီသို့ တရုတ်သံရုံးမှ ကား တစ်စီး မောင်းဝင်လာခဲ့သည်။

ကားရပ်သည်နှင့် ဆင်းလာသူက တရုတ်သံရုံးတာဝန်ခံနှင့် တရုတ်အဖိုးကြီး တစ်ဦးပင်ဖြစ်သည်။

ရဲချုပ်ကြီးနှင့် တာဝန်ရှိသူတွေ ထွက်၍ကြိုဆိုကြပြီး ဧည့်ခန်းဆီသို့ ခေါ်လာခဲ့ကြသည်။

"သူက . . နာဂီဆရာလည်းဖြစ် အဖေဆိုလည်း ဖြစ်တဲ့ . . ဂျက်ဝူးမီး လို့ခေါ်တယ်"

"ဟုတ်ကဲ့ . . . "

တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် မိတ်ဆက်ပေး





ပြီးမှ . . နာဂီနှင့် ပတ်သက်သော အကြောင်းလေးကို ပြောကြသည်။

"နာဂီဆိုတဲ့ကောင်က . . မွေးကတည်းက သူ့ကို မိဘတွေက မိစ္ဆာစေတမန်ကောင်ဆိုပြီး စွန့်ပစ်ခဲ့ကြတယ်"

"ဘာလို့ မိစ္ဆာစေတမန်လို့ သတ်မှတ်ရတာလဲ . . . "

"နာဂီကို မွေးပြီးတာနဲ့သူ့ဖခင်ရဲ့ ကုမ္ပဏီဟာ မီးလောင်ခဲ့တယ် . . . မိခင် သေလောက်အောင် ဒဏ်ရာရခဲ့တယ်၊ တစ်နှစ်ထဲမှာ စီးပွားရေးဟာ ထိုးကျပြီး၊ အခြေပျက်တဲ့ အခြေအနေကို ရောက်ခဲ့တယ် . . ဒီလိုဖြစ်ရတာဟာ နာဂီကြောင့်ဆိုပြီး . . ပင်လယ်တံငါရွာလေး တစ်ရွာက လင်မယားနှစ်ယောက်က မွေးစားချင်တယ်ဆိုတာနဲ့ ပေးလိုက်ခဲ့တယ်လေ . . ဒီတုန်းက နာဂီ(၁)နှစ်သား အရွယ်လောက်ပဲ ရှိသေးတယ် . . "

"အဲဒီရွာလေးကို ရောက်တဲ့နှစ်မှာ တံငါရွာလေးဟာ မုန်တိုင်းဒဏ်သင့်ပြီး ရွာပျက်ခဲ့ရတယ်၊ နာဂီကို မွေးစားတဲ့ လင်မယားနှစ်ယောက်လည်း မုန်တိုင်းထဲမှာ ဆုံးခဲ့တယ် . . နာဂီကတော့ မသေခဲ့ပါဘူး၊ ဒီနောက်တော့ နာဂီကို ဘယ်သူ

မှ ဆက်ပြီး မမွေးစားရဲဘဲ. . ကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့လက်ထဲကို ပေးလိုက်တယ်၊ ကယ်ဆယ်ရေးအဖွဲ့ဟာ နာဂီကို ခေါ်ပြီး. . အပြန်ခရီးမှာ သင်္ဘောဝမ်းပေါက်ပြီး မြုပ်တဲ့အဆင့်ကို ရောက်လို့ လူတွေအသက်ကယ်လှေတွေနဲ့ ပြေးခဲ့ရတယ်၊ အဲဒီက စပြီး. . နာဂီဟာ မိစ္ဆာရဲ့စေတမန်ဆိုပြီး နာမည်စတင်ပြီး တွင်ခဲ့တော့တာပဲလေ. . . ”

“လူမှုကယ်ဆယ်ရေး NGO. . အဖွဲ့တွေက မိဘမဲ့ကလေးတွေကို စောင့်ရှောက်တဲ့ ကျောင်းမှာ နာဂီကို ထားခဲ့ပေမယ့်၊ နာဂီဟာ. . ငယ်ငယ်လေးတည်းက အရမ်းဆိုးသွမ်းတဲ့ကလေးဖြစ်တာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ကျောင်းမှာထိန်းသိမ်းရတဲ့ အကြိမ်ပေါင်း မနည်းခဲ့ဘူးလေ. . နောက်ဆုံး ကျောင်းကနေ ထွက်ပြေးပြီး၊ လမ်းပေါ်မှာ ဆိုးတေတဲ့ကလေးတစ်ယောက်ဖြစ်ခဲ့ရတယ်. .

“လူငယ်ထိန်းသိမ်းရေးစခန်းကို ရောက်ပေါင်းလည်း မနည်းသလို လူငယ်စာရိတ္တပြုပြင်ရေး ကျောင်းပို့လည်း ဘာမှ ထူးခြားလာခြင်း မရှိဘူး. . ဒီလိုနဲ့ ကျုပ်ဆီကို ရောက်ခဲ့ရတယ်ပဲ ဆိုပါတော့. . ကျုပ်က ဒုစရိုက်လောကမှာ ဂျက်ဆိုတဲ့





အမည်တစ်လုံးနဲ့ ကျက်စားနေတဲ့သူပေါ့”

“ကျုပ်တပည့်အဖြစ်နဲ့ နေပြီး. . မကောင်းမှုတော်တော်များများကို လုပ်ကိုင်ခဲ့တယ်ပဲဆိုပါတော့. . နာဂီ့လောကမှာ အကြောက်ဆုံးလူသားဆိုလို့ ကျုပ်တစ်ယောက်ပဲရှိတယ်၊ သူ့ထက်ပိုပြီး ရက်စက်ကြမ်းတမ်းပြထားရတယ်၊ ဒီကောင်ရဲ့ ဗီဇဟာ သိပ်ပြီး ကြောက်ဖို့ကောင်းတယ်. . . ”

“ငယ်ငယ်ကတည်းက သူများဆီက လုယူရမှာ၊ ရိုက်နှက်ရမှာ. . မကြောက်တဲ့အပြင် လက်ရဲဇက်ရဲနိုင်တယ်. . ကျုပ်ဒီကောင်ကို ထိန်းသိမ်းဖို့ဆိုတာ သူ့ထက်အဆပေါင်းများစွာ ရက်စက်နိုင်မှ ဖြစ်မယ်ဆိုတာကို သိလို့. . ခပ်ကြမ်းကြမ်းပဲ ကိုင်တွယ်ခဲ့တယ်၊ ဒီကောင်ခန္ဓာကိုယ်မှာ ဆေးလိပ်မီးနဲ့ ထိုးခဲ့တဲ့ ဒဏ်ရာတွေ၊ ဓားမြှောင်နဲ့ ပေါင်တွေ လက်တွေကို လှီးခဲ့ရတာ. . မနည်းဘူးဗျ၊ ကျုပ်အသက်အရွယ်လေးရလာလို့ ဒီကောင်လည်း အရွယ်ရောက်တော့ ကျုပ်က နောက်ကွယ်က ကြိုးကိုင်ပြီး ခိုင်းခဲ့တယ်. . ဒီလိုနဲ့ အိမ်တစ်အိမ်ကို ဓားပြဝင်တိုက်ရင်း ကျုပ်လူသတ်ခဲ့တယ်. . သက်ဆိုင်ရာက ဖမ်းဆီးခြင်းကို ခံခဲ့ရတယ်၊ နာဂီကတော့ လွတ်မြောက်သွား

ခဲ့တယ်၊ ဒီကတည်းက ကျုပ်နဲ့ အဆက်အသွယ် ပြတ်သွားခဲ့တာ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ကျုပ်နဲ့ တရုတ်ပြည်မကြီးမှာ ပြန်ဆုံခဲ့တော့ နာဂီဆိုတဲ့ကောင်က ကမ္ဘာ့ရာဇဝတ်ကောင်ကြီးတောင် ဖြစ်နေခဲ့ပြီ. . ကျုပ်ကိုတော့ ကြောက်ရွံ့နေတုန်းပါပဲ. . ခုလဲ နာဂီဟာ ကမ္ဘာ့အန္တရာယ်ကြီးအတွက် အရေးကြီးတဲ့သူ ဖြစ်နေပြီဆိုတော့. . ကျုပ်တတ်နိုင်သလောက် ဝင်ပြီးကူညီပေးတာပါ. . ကျုပ်ကလွဲပြီး နာဂီကို ထိန်းချုပ်နိုင်မယ့်သူဆိုတာ မရှိဘူးလေ”

“ကောင်းတာပေါ့ ဂျက်ရယ်. . မနက်ဖြန်ဆို နာဂီသတိ ပြန်ပြီးရတော့မှာဆိုတော့ တစ်ခုခုစီစဉ်ကြတာပေါ့. .”

နာဂီနှင့် ဂျက်ကို ပေးတွေ့နိုင်တဲ့ အစီအစဉ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ကိစ္စအားလုံးစီစဉ်ပြီးသည်နှင့် (. . . .)ဘီယာကိစ္စအတွက်နိုင်ငံတကာ ဘီယာကုမ္ပဏီတွေကို အချက်အလက်တွေပို့ဖို့ လုပ်ရပြန်သည်။

“မင်းဆက်. . . အဖြေထွက်ပြီလား. . .”

“အေးထွက်ပြီး. . ပိုင်ဦး၊ ဒေါက်တာခေါင်ထွင်ရဲ့ဆီက





ဖေါ်မြူလာ အစီရင်ခံစာပါ တွဲပြီး ပို့ရမှာ. . .”

“မင်းနဲ့ ငါကတော့. . မြန်မာပြည်တွင် မကဘူး၊ နိုင်ငံတကာ အသိုင်းအဝိုင်းဘက်ကို လှမ်းပြီးတာဝန်ယူနေကြရပြီ။ ဒါပေမယ့် ကျွန်းကြီးရဲ့ အဖြစ်အပျက်ကတော့ ခုထိမျက်လုံးထဲက မထွက်နိုင်သေးဘူးကွာ. . တကယ့်ကို သွေးပျက်စရာပဲဟေ့. . .”

နာဂီ. . ဆေးသောက်ပြီး လစ်၍ ထိုင်လျက်ဖြစ်နေသည်မှာ (၁၀)ရက်ပြည့်သည့်နေ့ပင်. . ဖြစ်သည်။

နာဂီ. . မျက်လုံးကို ဖွင့်ပြီး ကြည့်လိုက်တော့. . .

"ဟာ. . ဆရာ. ဂျက်"

နာဂီမယုံနိုင်အောင် ဖြစ်သွားခဲ့သည်။

"မင်းငါ့ကို မှတ်မိသားပဲ နာဂီ. . ."

"ဆရာဂျက်. . ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"မင်းကို တစ်ကမ္ဘာလုံးက ရာဇဝတ်ကောင်ကြီး သတ်မှတ်ထားမှတော့ မင်းဆရာဖြစ်တဲ့ ငါ့ကိုရော. . အလွတ်ပေးမလားကွ၊ ဟား. . ဟား. . ဟား"

"ဆရာဂျက်မှာ ဘာအပြစ်မှ မရှိဘဲနဲ့ ဖမ်းလို့ရမလား"





"ငါ့မှာ. . အပြစ်ရှိတယ်၊ ဒီအပြစ်က မင်းရဲ့ဆရာဖြစ်ခဲ့တဲ့ အပြစ်ပဲ. . နာဂီ ငါက လူ့လောကကြီးရဲ့ နောက်ဆုံးချိန်မှာ ငါ့လက်တွေကို သွေးမစွန်းချင်ဘူး ဆိုပေမယ့်. . မရခဲ့ပါဘူး၊ မင်းကြောင့်. . ငါ့လက်တွေ သွေးစွန်းရတော့မယ်"

"ဆရာဂျက်. . ခုအချုပ်ခန်းက မြန်မာပြည်လား. . ဘယ်နိုင်ငံမှာလဲ. . ."

"တရုတ်ပြည်ရဲ့. . အထူး သေဒဏ်စီရင်တဲ့ အချုပ်ခန်းပဲ. . ."

"ဒါဆို. . ဆရာဂျက်ကိုပါ သေဒဏ်ပေးမှာပေါ့"

"သေချာသလောက်ပဲ. . နာဂီ"

"တောက်. . ဒါလုံးဝမတရားဘူး၊ ကျုပ်ဆိုတဲ့ကောင်ကို ဒီကောင်တွေ မသတ်ရဲပါဘူး. . ဆရာဂျက်ဘာမှ မစိုးရိမ်နဲ့ ဒီကောင်တွေ ကျုပ်ကို လွှတ်ပေးရမှာ. . စောင့်ကြည့်"

"နာဂီ. . ."

"ပြောပါ. . ဆရာ"

"မင်းနဲ့ငါနဲ့ နောက်ဆုံးဇာတ်ပေါင်းခန်းကို ရောက်ပြီလို့သဘောထားလိုက်ကွာ. . ရော့ ဆေးလိပ်သောက်ဦး"

နာဂီကို အိပ်ကပ်ထဲမှ စီးကရက်တစ်လိပ်ကို ပေးလိုက်

ပြီး. . ဆရာတပည့်နှစ်ယောက် အေးအေးဆေးဆေး ထိုင်နေသည်။

"ဆရာဂျက်. . ကျုပ်နဲ့အတူ ကျွန်းမှာလိုက်နေပါလား"

"မင်းတို့ကျွန်းကို မလိုက်ရဲဘူးကွ. . ."

"ဘာလို့လဲ. ."

"မင်းတို့ကျွန်း သတင်းကြားရတာ၊ အလကားသေရမယ့်ကိန်း အကျိုးမရှိဘူး၊ မြို့ထဲမှာ လူပ်ရှားပြီးပဲ နေတော့မယ်"

"ဆရာဂျက်ရယ်. . ဒီကျွန်းလမ်းကြောင်းကို ကျုပ်ကကောင်းကောင်း သိပြီးသားပါ"

"ငါ. . သတင်းကြားရတာ၊ ဒီကျွန်းမှာ လျှို့ဝှက်ချက်တွေ အပြည့်နဲ့ လုပ်ထားတာဆို. . ဟုတ်လား"

"ဟုတ်တယ်. . ဒီအဆင့်တွေကို ကျော်ဖြတ်ပြီးမှ ဘကယ့်စခန်းကို ရောက်မှာဗျ. . ."

"မင်းတို့ ခေါင်းဆောင်က. . ငါ့လောက်သတ္တိကောင်းလား"

"သတ္တိကတော့. . ဆရာ့လောက် မကောင်းဘူး။ သူကောင်းတာ. . ခေါင်းကောင်းတာ၊ ပြီးတော့ ကမ္ဘာ့မီလျံနာ ဘာရင်းဝင်လေ. . ကျုပ်ကို သိပ်ယုံကြည်တာ ဆရာဂျက်. .





ကျုပ်နဲ့သာ လိုက်ခဲ့စမ်းပါ ဆရာဂျက်၊ နေရာကောင်းမှာ နေရမှာပါ. . လောကစည်းစိမ်တွေကို အပြည့်အဝ ခံစားစေရမယ်ဆိုတာ ကျုပ်အာမခံတယ်"

"ငါ့တပည့် အာမခံမှတော့. . လိုက်ခဲ့ရမှာပေါ့ကွာ၊ ဒါနဲ့ မင်းကို ဘယ်သူက လာကယ်မှာလည်း. . ခုရောက်နေတဲ့ ထောင်က. . မြေလျှိုးမိုးပျံနိုင်မှ လွတ်မှကွ"

"ဟား. . ဟား. . ဟား ဆရာဂျက်ရယ်၊ စောင့်ကြည့်ပါဦး. . ကျုပ်တို့ခေါင်းဆောင်က မကြာခင် ကျုပ်ကိုလွှတ်ပေးဖို့ တောင်းဆိုတော့မှာပါ. . တရုတ်အစိုးရက မလွှတ်ပေးဘဲကို မနေနိုင်ပါဘူး. . ."

"လုပ်စမ်းပါဦး. . ."

"ခုတီထွင်နေတဲ့ ကမ္ဘာကြီးကို ဖျက်စီးမယ့် အစိုင်အခဲဓာတ်တွေကို အောင်မြင်တော့မယ်လေ. . ."

"မင်းစကားအရ. . မအောင်မြင်သေးဘူးပေါ့"

"အောင်မြင်ဖို့ကို နီးစပ်တဲ့အဆင့်ကိုတော့ ရောက်နေပါပြီ. . ."

"ဟိုတလောက. . ငါသတင်း တစ်ခုကြားရတယ်၊ မင်းတို့ မုန်တိုင်းအဖွဲ့ကြီးက ဗီဒီယိုအခွေနဲ့ ကမ္ဘာကြီးကို ဖျက်

ဝီးစေမယ့် လက်နက်ဆန်းကြီးကို ရိုက်ကူးပြခဲ့တယ်လေ။ ဒါတောင် မအောင်မြင်သေးဘူးလား”

“ဒါက... ကမ္ဘာကို သက်သက်ခြိမ်းခြောက်တဲ့ အဆင့်ပဲ ရှိသေးတယ်၊ တကယ်တော့.. ဒီလက်နက်စမ်းရာမှာ အရေးပါတဲ့ မိုးကြိုးဓာတ်ပေါင်းတွေကို မရသေးဘူး.. ဒီဓာတ်ပေါင်းတွေက ဂျာမဏီ နိုင်ငံကနေ ဝယ်ယူဖို့ ပြင်ဆင်နေတယ်.. ဝယ်လို့မရရင် ခိုးထုတ်မယ်၊ ဒီအတွက် ကျုပ်တို့ စီစဉ်ထားပြီးပြီ...”

“မင်းတို့ ခေါင်းဆောင်က.. ဘယ်နိုင်ငံကလဲ”

“ရုရှား မီလျံနာသူဌေး တစ်ဦးပဲ.. အရင်က ဆိုဗီယက် ပြည်ထောင်စု အနုမြူဓာတ်ပေါင်းဖိုက ဗိုလ်ချုပ်ကြီး တစ်ဦးပဲ...”

“နာမည်က.. ဘယ်လိုခေါ်လဲ”

“မာပရိုဗစ်.. တခြားနာမည်ကတော့ မသိဘူး၊ သူ့ သမီးတစ်ယောက်က တရုတ်ပြည်မှာ ဘီယာကုမ္ပဏီနဲ့ ဘီယာ ဂက်ရုံတစ်ခုကို တည်ဆောက်ထားတယ်.. ဒီစက်ရုံကနေ ကမ္ဘာကို ဒုက္ခပေးမယ့်.. မူးယစ်ဆေးဝါး ပါဝင်တဲ့ဘီယာတွေကို စပြီးထုတ်နေပြီလေ...”





“မင်းတို့.. ခေါင်းဆောင်ရဲ့ ရည်ရွယ်ချက်က ဘာလဲ”

“ကမ္ဘာကြီးဟာ.. သူ့ရဲ့ ဩဇာအောက်မှာ ရှိပြီး၊ သူခိုင်းတာတွေကို လုပ်ပေး နေရမယ်ပေါ့ဗျာ...”

“ရူးသွပ်မှုတစ်ခုပဲပေါ့...”

“ဟုတ်တယ်.. ကျုပ်အတွက်တော့ ဘာမှပူပင်စရာ မရှိဘူး.. သူ့ ရူးသွပ်မှု အောင်မြင်တော့လည်း ကမ္ဘာပေါ်မှာ အထင်ကရကောင်တွေ ဖြစ်လာမှာပေါ့ဗျာ”

“မင်းကို.. သူက လက်နက်ကြီးနဲ့ ခြိမ်းခြောက်ပြီး၊ အလဲအလှယ်လုပ်မယ်လို့ ယုံကြည်ထားတယ်ပေါ့...”

“ဟုတ်တယ်.. ကျုပ်ကို သူကယ်ရမှာ အကြောင်း (၂)ချက်ရှိတယ်...”

“ဘာတွေလဲ.. လုပ်စမ်းပါဦး”

“ပထမ.. အကြောင်းအချက်က သူရဲ့ လျှို့ဝှက်ချက် အားလုံးကို ကျုပ်ကအားလုံးကို သိထားတာဆိုတော့.. ကျုပ်ကို အစိုးရလက်ထဲမှာ အကြာကြီးမထားရဲဘူး၊ ဒုတိယအချက်က ကျုပ်ကို သိပ်ပြီးအားကိုးတာလေ.. သူ့သမီးနဲ့တောင် ပေးစားဖို့ စီစဉ်ထားပြီးပြီ...”

“ငါက အသက်ကြီးပြီဆိုတော့.. မင်းကို အားကိုးပြီး

တော့ ကောင်းစားရမှာ ပေါ့ကွာ၊ ကျွန်းကြီးကို နိုင်ငံတကာ တပ်တွေ ဝင်တာတောင်. . ဘယ်လိုမှ ရှာမတွေ့ဘူးဆိုတော့ မင်းတို့ စခန်းက ဘယ်နေရာမှာ သွားပြီးတည်ဆောက်ထားတာလဲ. . ကျွန်းလေးက ဘာမှ ကျယ်ဝန်းတာမှ မဟုတ်တာ"

"ဆရာဂျက်ရယ်. . ကျွန်းပေါ်မှာ ရှာဖွေနေလို့ကတော့ နှစ်ပေါင်း ရာချီပြီး ရှာတာတောင် တွေ့မှာ မဟုတ်ဘူး၊ စခန်းက ရေအောက်ထဲမှာ တည်ဆောက်ထားတော့. . ရေအောက်ဆိုပေမယ့်လည်း တကယ့်အပြင် လောကကြီးမှာ ရှိနေသလိုပဲ. . ဆရာဂျက်ရေ"

"အင်းလေ. . မင်းခေါ်သွားရင်တော့ တွေ့ရမှာပေါ့၊ မင်းတို့ခေါင်းဆောင်က ယုံကြည်ပါ့မလား. . ."

"ဆရာဂျက်ရယ်. . ကျုပ်ပြီးရင် အားလုံးပြီးတယ်"

"ဒါဆို. . လွတ်မြောက်ဖို့ပဲ လိုတော့တယ် နာဂီ"

"လွတ်စေရမယ်. . လွတ်စေရမယ်၊ ဟား. . ဟား. . ဟား. . . ."



နာဂီနှင့် ဂျက်တို့ ပြောဆိုနေသော စကားတွေကို နံရံအပြင်ဘက်တွင် တရုတ်ပြည်ထောက်လှမ်းရေး အကြီးအကဲတွေနှင့် စစ်သံမှူးများ အားလုံးကြားနေရသည်။

နာဂီထံမှ. . အဖြေတစ်ခုကို သိလိုက်ရပြီ ဖြစ်ပေမယ့် ကျွန်းကြီးဆီသို့ သွားရောက်သိမ်းပိုက်ဖို့က လျှို့ဝှက်ချက်ကို မသိသေးပေ. . .

သမုဒ္ဒရာကြီး၏ ရေအောက်တွင် တည်ဆောက်ထားသော စက်ရုံဆီသို့ သွားရောက်ပြီး သိမ်းပိုက်ဖို့ဆိုတာ. . အန္တရာယ်များစွာ ရှိသေးသည်။

ကျွန်းကြီးပေါ်တွင် ပြင်ဆင်ထားသော အန္တရာယ်ထောင်ချောက်တွေက ကြီးမားသလို ရေအောက်တွင် ပြင်ဆင်

ထားမည့် ထောင်ချောက်တွေက. . ပိုပြီး အန္တရာယ်များနိုင်သည်။

သက်ဆိုင်ရာ. . တာဝန်ရှိသူတွေ ခေါင်းချင်းရိုက်ပြီး အထူး အစည်းအဝေး တစ်ရပ်ကို ပြုလုပ်ကြတော့သည်။

နေမင်းဆက်တို့ကတော့ တက်ရောက်နားထောင်ဖို့ပဲ ရှိတော့သည်. . သူတို့ဘက်မှ ဖော်ထုတ်ပေးနိုင်သော ကိစ္စတွေကို ဖော်ထုတ်ပေးခဲ့သလို. . နာဂီကို တရုတ်အကျဉ်းထောင်ထဲထိ ရောက်အောင်ပို့နိုင်ခဲ့ပြီ. . မဟုတ်လား။

မှုန်တိုင်းအဖွဲ့ကြီး၏ ခေါင်းဆောင် (မာပရိုဇစ်)ကို ဖမ်းဆီးနိုင်ရေးအတွက်ပဲ အဓိကထားပြီး ဆွေးနွေးကြသည်။ ဒုတိယ ဆွေးနွေးချက်ကတော့ တရုတ်ပြည်တွင် တည်ဆောက်ထားသော ဘီယာစက်ရုံကြီးကို ထိန်းသိမ်းဖို့နှင့် (မာပရိုဇစ်)၏ သမီးကို ဖမ်းဆီးမိနိုင်ရေးတွေပင် ဖြစ်သည်။

ဆွေးနွေးပွဲကြီးတွင် ဆုံးဖြတ်ချက်တွေကို ချမှတ်ပြီး. . ချုပ်သိမ်းလိုက်ကြသည်နှင့်. . နေမင်းဆက်တို့ နှစ်ယောက် အပြင်သို့ ထွက်ခဲ့ကြသည်။

"ငါတို့. . တာဝန်က ပြီးဆုံးသွားပြီဆိုတော့ နောက်ဆက်တွဲ တာဝန်တွေကို သူတို့ဆက်ပြီး အကောင်အထည်





ဖော်ဖို့ပဲ ရှိတော့တယ်. . ပိုင်ဦး"

"ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ ပေါ့သွားတယ်. . . မင်းဆက်၊ ငါတို့ တိုင်းပြည်ပေါ်မှာ ကျရောက်နေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့သွားတာပေါ့. . ."

"ငါ့စိတ်ထဲမှာ. . သိပ်ပြီးတော့ မကျေနပ်ဘူး"

"မင်းက ဘာကို မကျေနပ်တာလဲ. . မင်းဆက်"

"ငါကိုယ်တိုင် (မာပရိုဇစ်)ကို ဖမ်းချင်တာ. . ."

"စိတ်လျှော့လိုက်ပါကွာ. . သူတို့အပိုင်းသူတို့ လုပ်ပါစေ. . (မာပရိုဇစ်)ကို ဖမ်းဆီးနိုင်ဖို့ဆိုတာ အရမ်းကို ခက်ခဲပါတယ်. . ."

"မင်း. . ပြောတာတော့ ဟုတ်တယ်၊ သူ့ကို ခုသွားပြီး ဖမ်းဆီးလည်း မိမှာမဟုတ်ဘူး. . ခုလောက်ဆို ခြေရာဖျောက်လောက်ပြီ. . ."

"ကဲ ဒါတွေ ခေါင်းထဲက ထုတ်ပြီး၊ ရောက်တုန်းရောက်ခိုက်လေး. . လမ်းလျှောက်သွားကြတာပေါ့"

"ဟူး. . ."

နေမင်းဆက်တို့ ဘာမှ တာဝန်မရှိတော့သောကြောင့် ခပ်ပေါ့ပေါ့လေးပဲ နေလိုက်တော့သည်။

တရုတ်ပြည် ရှန်ဟိုင်းမြို့ထဲကို.. ခြေလျင်ထွက်ခဲ့ကြသည်.. သူတို့နှစ်ယောက်အတွက် သီးသန့်ဟော်တယ်ကြီးတစ်ခုတွင် ထားပြီး၊ မနက်ဖြန်ကို မြန်မာပြည်သို့ ပြန်ကြရတော့မည် ဖြစ်သည်။

"တရုတ်ပြည်ရဲ့ တိုးတတ်မှုကတော့ အံ့မခန်းပဲနော်"

"ဟုတ်တယ်.. ပိုင်ဦး၊ အင်အားကြီး နိုင်ငံတစ်ခုဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့ကွာ..."

တံတားအောက်မှ လှမ်းမြင်နေရသော မြစ်ပြင်ကြီးနှင့်ရှခင်းတွေကို နှစ်ယောက်သား ငေးကြည့်နေမိသည်။

"ဝူး..."

"ကျွီ..."

"ဟင်..."

ကားတစ်စီးထိုးရပ်လာသဖြင့်.. ကြည့်လိုက်တော့တရုတ် အမျိုးသမီးငယ်တစ်ဦး ဆင်းလာကာ၊ ကားစက်ဖုံးကိုမှင့်နေသည်.. ပြီးမှ နေမင်းဆက်တို့ ဆီကိုလျှောက်လာပြီး-

"ကားပြင်တတ်ရင်.. တဆိတ်လောက် ကြည့်ပေးပါလားရှင်"

အင်္ဂလိပ်စကားကို ပီပီသသ ပြောနိုင်သည်ကို...





သိလိုက်သည်။

"အကျွမ်းကြီးတော့.. မဟုတ်ပါဘူး၊ နားလည်သလောက် ကြည့်ပေးပါ့မယ်"

ပိုင်ဦးမှ ကားဆီသို့ လျှောက်သွားသည်.. ကားပေါ်တွင် အဖော်အမျိုးသမီးနှစ်ဦးပါ ကားအောက်သို့ ဆင်းလာပြီး...

"ချောက်..."

"ဟင်..."

"မလှုပ်နဲ့နော်.. သေနတ်ထိပ်မှာ တပ်ထားတဲ့အသံတိတ်က လူသိလိုက်မှာ မဟုတ်ဘူး..."

မိန်းကလေး.. (၃)ယောက်လုံး သေနတ်ကိုယ်စီဖြင့်နေမင်းဆက်တို့ကို ချိန်ထားလိုက်သည်။

နေမင်းဆက်.. လှုပ်ရှားမည်ဆိုလျှင် ရနိုင်ပေမယ့်မလှုပ်ရှားဘဲ.. အဖမ်းခံလိုက်သည်။

ပိုင်ဦးကိုလည်း.. မျက်လုံးဖြင့် မလှုပ်ရှားဖို့ အချက်ပြလိုက်သည်။

နေမင်းဆက်တို့ကို ကားနောက်ခန်းတွင် တက်စေပြီးမိန်းကလေးနှစ်ဦးက သေနတ်ဖြင့် တေ့ထားလေ၏။

“မင်းတို့သေနတ်ကို သိမ်းလိုက်ပါ. . . ငါတို့ထွက်မပြေးပါဘူး”

“ရှင်တို့. . မြန်မာတွေက သတ္တိသိပ်ကောင်းတယ်လို့ ကြားဖူးတယ်၊ ဒါကြောင့် သေနတ်ကို လက်နဲ့ခွာလို့ . . မရဘူးလေ”

“မင်းတို့. . မုန်တိုင်းအဖွဲ့ကလား”

“ဟုတ်တယ်. . ရှင်တို့နှစ်ယောက် မြန်မာပြည်ကနေ နာဂီကို လိုက်ပြီးပို့တာ သိတယ်. . ဒါကြောင့် အရိပ်လိုလိုက်ပြီး၊ ခုလို ဖမ်းရတာပဲ. . .”

“ငါတို့ကို ဖမ်းလို့ရော. . ဘာထူးမှာလဲ”

“ထူးတာ မထူးတာ ငါတို့မသိဘူး၊ ခေါင်းဆောင်ကြီးက ရအောင်ခေါ်ခဲ့ဖို့ပဲ. . မှာလိုက်တာ”

“မင်းတို့. . ခေါင်းဆောင်ကြီး မာပရိုဗစ်က လွှတ်လိုက်တာလား. . .”

“ဟင်. . ရှင်က၊ ငါတို့ ခေါင်းဆောင်ကြီးကို သိနေတယ်. . .”

“သိလို့ပဲ. . . ပြောနေတာပေါ့”

“ရှင် သိပ်တော်တယ်. . ငါတို့ခေါင်းဆောင်ကြီးကို





ဘယ်သူဘယ်ဝါဆိုတာ သိဖို့ဆိုတာ မလွယ်ဘူး၊ ဒါကြောင့် ခေါင်းဆောင်ကြီးက ရှင်တို့နှစ်ယောက်ကို သိပ်ပြီးတွေ့ချင်နေတာကို. . .”

“ငါကလည်း. . . တွေ့ချင်နေတာပါ”

“တစ်ခုတော့. . ပြောလိုက်မယ်၊ ငါတို့ ခေါင်းဆောင်ကို တွေ့ဖူးပြီးတဲ့လူဟာ ပြန်လမ်းမရှိဘူးနော်. . .”

“ပြန်လမ်းမရှိတဲ့ လူဆိုတာ. . ပြန်လမ်းကို မမှတ်မိလို့ဘဲ ဖြစ်မယ်”

“ရှင်တို့. . ဘယ်လောက်စွမ်းသလဲဆိုတာ ကြည့်ရတာပေါ့၊ ငါတို့မိန်းကလေး (၃)ယောက်ကိုတောင် မယှဉ်နိုင်တာ. . ခေါင်းဆောင်ကြီးကို ယှဉ်ဖို့ဆိုတာ ရယ်စရာ များဖြစ်နေမလား. . .”

“ဖြောင်း. . .”

“အီး. . .”

“ဟင်. . .”

နေမင်းဆက်ဘေးမှ မိန်းကလေးကို လျှပ်တစ်ပြက် လက်ထဲမှ သေနတ်ကိုလုပြီး သူ့သေနတ်နှင့် သူပြန်ပြီး ချိန်လိုက်သလို. . ပိုင်ဦးကလည်း သူ့ဘေးမှ မိန်းကလေး၏သေ

နတ်ကို ယူပြီးသား ဖြစ်သည်။

"မင်းတို့ကို မယုံနိုင်လို့ မဟုတ်ဘူး. . မင်းတို့ ခေါင်းဆောင်ကို တွေ့ချင်လို့ လိုက်လာတယ်ဆိုတာ. . ယုံပြီလား"

အမျိုးသမီးတို့ထံမှ ဘာစကားမျှ မကြားရတော့ပေ-

"ရော့. . မင်းတို့ သေနတ်တွေ"

နေမင်းဆက်သည် သူမတို့၏ သေနတ်ကို. . ပြန်ပေးလိုက်သည်။

"ရှင်ဟာ. . တကယ်တော်တဲ့ စုံထောက်ပါ"

"ခုလို. . ချီးကျူးတာကို ကျေးဇူးတင်ပါတယ်၊ မင်းတို့ စိတ်ချပြီးတော့ ခေါ်သွားပါ. . ငါတို့ လိုက်ခဲ့ပါ့မယ်"

ကားလေး. . ဆိပ်ကမ်းတစ်ခုဆီသို့ မောင်းခဲ့ပြီး၊ သင်္ဘောငယ်တစ်စင်းပေါ်သို့ ခေါ်ဆောင်လာခဲ့သည်။

သင်္ဘောမှာ ပင်လယ်တွင် ငါးဖမ်းသော သင်္ဘောကြီးတစ်စင်း ဖြစ်သည်. . သင်္ဘောပေါ်တွင်ရှိသော လူတွေအားလုံးက နိုင်ငံပေါင်းစုံမှ လူတွေဖြစ်သည်ကို သတိထားမိသည်. . .

"ဟိရှူ. . မင်းတို့ သိပ်တော်တယ်"

တရုတ်လူမျိုးတစ်ဦး ထွက်လာပြီး. . ဟဲရှူဆိုသည့်





မိန်းကလေးကို ချီးကျူးစကားပြောပေမယ့်. . မိန်းကလေး(၃)ယောက်လုံး အင်အားမဲ့စွာနှင့်ပဲ ပြုံးနေကြသည်. . သူတို့အကြောင်းကို သူတို့ သိနေလေပြီ။

"ဆရာ ဒီကောင်နှစ်ကောင်ကို ကြိုးတုပ်လိုက်ရမလား. . . "

"ခွေးကောင်. . သေချင်လို့၊ ဒါ ခေါင်းဆောင်ကြီးရဲ့ အထူးဧည့်သည်တွေကွ. . ကောင်းကောင်းမွန်မွန် ဖိတ်ခေါ်ရမယ်၊ စိတ်မရှိပါနဲ့. . မစ္စတာနေမင်းဆက်"

နေမင်းဆက်. . ဘာမှ ပြန်မပြောဘဲ အေးဆေးစွာ ကြည့်နေလေသည်။

နေမင်းဆက်တို့ သင်္ဘောပေါ်သို့ ရောက်သည်နှင့် ကမ်းမှ စတင်ပြီးခွာလေသည်။

"ခင်ဗျားတို့နှစ်ယောက်. . ပြေးမယ်လို့ မထင်ဘူး"

"စိတ်ချ. . ခင်ဗျားတို့ ခေါ်ဆောင်တဲ့ဆီကို လိုက်မှာပါ. . "

"သောက်တတ်ရင်. . သောက်ဗျာ"

"ကျေးဇူးတင်ပါတယ်. . မသောက်ချင်ဘူး"

သင်္ဘောကြီး၏အပေါ်ထပ်တွင်. . နေမင်းဆက်၊

ပိုင်ဦးနှင့် ခေါင်းဆောင်ဖြစ်သူတို့ ထိုင်နေကြသည်။

"ကျုပ်ဘယ်သူဆိုတာတော့ . . မိတ်ဆက်ပေးမှ ကောင်းမယ်"

"သိရတော့ . . ကောင်းတာပေါ့"

"ကျုပ်အမည်က . . လုကျင်လို့ ခေါ်တယ်၊ ခေါင်းဆောင်ကြီးရဲ့ တတိယအဆင့်ရှိတဲ့ တပည့်ပဲ"

"မှတ်ထားပါ့မယ် . . ."

"နာဂီကို ဖမ်းနိုင်တဲ့ . . ခင်ဗျားတို့ရဲ့ အရည်အချင်းကို လေးစားပါတယ်"

"သိပ်လည်း အထင်မကြီးပါနဲ့ . . ကျုပ်တို့တော်လို့ မဟုတ်ဘူး၊ နာဂီ . . ညံ့သွားတာ ဖြစ်မှာပါ"

"နာဂီဆိုတဲ့ကောင်က ခပ်ညံ့ညံ့ကောင် မဟုတ်ဘူး . . ကမ္ဘာ့နိုင်ငံတွေကို ပတ်ပြီး ဒုက္ခပေးနိုင်တဲ့ကောင်လေ၊ ခင်ဗျားတို့ သတင်းကို ကြားပြီးပါပြီ . . မြန်မာပြည်က မှန်တိုင်းအဖွဲ့ဝင် အားလုံးကို ဖမ်းနိုင်တဲ့ သူရဲကောင်းတွေဆိုတာ . . ."

နေမင်းဆက်တို့ကို ခေါ်လာသော သင်္ဘောကြီးမှာ မြစ်ဝဆီမှ ပင်လယ်ပြင်သို့ ဆက်ပြီး ခုတ်မောင်းနေလေပြီ။

"ခေါင်းဆောင်ကြီးရဲ့ စီမံကိန်းကြီး အောင်မြင်ရင်





ကမ္ဘာကြီးဟာ ကျုပ်တို့အတွက် အရုပ်ကလေးတစ်ရုပ်လို ဖြစ်သွားပြီ ဟား . . ဟား . . ဟား . . ."

နေမင်းဆက် . . ရှုံးသွပ်သောစိတ်ကူးတွေ ရှိနေသူတွေကို ဘာမှမပြောဘဲ . . လိုက်ပါလာခဲ့သည်။

"နာဂီကို . . ခင်ဗျားတို့ မကယ်တော့ဘူးလား"

"ကယ်စရာမလိုပါဘူး . . ."

"ဟင် . . ဘာလို့လဲ"

"တရုတ်အစိုးရက . . သူတို့ကိုယ်တိုင်လာပြီးတော့ ပို့ရမှာ၊ ခု ရှန်ဟိုင်းမြို့ကို ပထမဆုံးဓာတုရောင်ခြည်နဲ့ ပစ်မှတ်ထားလိုက်ပြီ . . နာဂီနဲ့ လူသန်းပေါင်းများစွာ အသက်ကို တရုတ်အစိုးရ လဲနိုင်မလား . . စောင့်ကြည့်ရဦးမှာပါ"

"ခင်ဗျားတို့ ဓာတုရောင်ခြည်ဟာ . . မိုးကြိုးဓာတ်ပေါင်းအားတွေ လိုသေးတယ်မဟုတ်လား"

"ဟင် . . ခင်ဗျားတို့က ဘယ်လို လုပ်ပြီးသိလဲ"

"ဘုရားသခင်က . . ကပ်ပြီး ပြောထားလို့ပါ"

"ဟား . . ဟား . . ဟား ဒါဆိုရင်တော့ ခင်ဗျားတို့ဟာ သိပ်ကို တော်တဲ့စုံထောက်တွေ ဆိုတာကို အသိအမှတ်ပြုလိုက်ပါပြီ . . ခုသုံးမယ့် ဓာတုရောင်ခြည်က အစစ်တော့

မဟုတ်ဘူး. . ဒုတိယအဆင့်ရှိတဲ့ အဆိပ်ငွေ့ဓာတုရောင်ခြည် တစ်ခုပဲ. . နာရီပိုင်းလောက်နဲ့ ရှန်ဟိုင်းပြည်နယ်ကြီးမှာ အဲလောင်းတွေ ထပ်သွားစေရမယ်. . . ”

မုန်တိုင်းအဖွဲ့ကြီး၏ ရက်စက်ယုတ်မာမှုကြီးပေါ်မှာ ဒေါသဖြစ်မိပေမယ့်. . ချုပ်တည်းပြီး နေလိုက်သည်။

ပိုင်ဦး. . ပင်လယ်ပြင်ကြီး၏ ညနေခင်းလေပြေကို ရှူရှိုက်ပြီး. . ငေးမော နေလေသည်။

“မစ္စတာနေမင်းဆက်နဲ့ ကျုပ်စစ်တုရင် တစ်ပွဲလောက် ကစားချင်တယ်. . ရမလား”

“ကစားကြတာပေါ့. . သိပ်တော့ မကျွမ်းကျင်ဘူး နော်. . . ”

“ခင်ဗျားဟာ. . ခပ်ညံ့ညံ့တစ်ယောက် မဟုတ်ဘူး ဆိုတာကို သိပါတယ်. မစ္စတာနေမင်းဆက်၊ ဟိုကောင် ဂျလမ်း စစ်တုရင်ခုံ ယူခဲ့စမ်း”

သင်္ဘောကြီးပေါ်တွင် နေမင်းဆက်. . လုကျင်နှင့် စစ်တုရင်ထိုးရင်း. . ရင်ဆိုင်ရမည့် ပွဲကိုပါ စဉ်စားနေလေသည်။

“ညစာ. . သုံးဆောင်ဖို့ အချိန်ရောက်ပါပြီ. . . ”





နေမင်းဆက်တို့ကို ဖမ်းခဲ့သော. . ဟိရှူမှလာပြီး ခေါ်သဖြင့်. . .

“နောက်မှ. . ဆက်ပြီး ထိုးကြတာပေါ့။ ခုတော့သွားပြီး သုံးဆောင်ကြရအောင်. . . ”

သင်္ဘောအပေါ်ထပ်မှ အောက်ခန်းဆီသို့ ဆင်းခဲ့ကြစဉ်၊ ဟိရှူ. . နေမင်းဆက်ကို စာခေါက်လေးကပ်ပြီး. . . ပေးလိုက်သည်။

မုန်တိုင်းအဖွဲ့ကြီး၏ ခြိမ်းခြောက်မှုကြီးကို အင်တာနက်သတင်းတစ်ခုမှ. . ထုတ်လွှင့်လိုက်သောကြောင့်-

ရှုန်ဟိုင်းပြည်နယ် တစ်ခုလုံးရှိ ပြည်သူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့သည်။

တချို့ဆိုလျှင် တခြားပြည်နယ်ဘက်သို့ ပြောင်းရွှေ့နေကြပြီး. . ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့အစည်းတွေအားလုံး အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ရသည့် အဆင့်ကိုရောက်ရလေပြီ။

နာဂီ. . ကို ပြန်ပြီးလွှတ်ပေးရေး၊ မပေးရေးကို နောက်ဆုံး မဲခွဲပြီး ဆုံးဖြတ်ရသည့်အထိ လုပ်ခဲ့ပြီး. . ပြန်လွှတ်ပေးရေး အင်အားစုမှ အနိုင်ရသွားခဲ့သည်။





နာဂီကို ပင်လယ်ပြင်ဆီမှ သင်္ဘောပေါ်သို့ ရဟတ်ယာဉ်ဖြင့် ချပေးရမည် ဖြစ်သည်။

"ကျောင်း. . ."

ထောင်ဗူးဝ တံခါးကြီးပွင့်သွားသည်နှင့်. . နာဂီနှင့် ဂျက်တို့ နှစ်ယောက်ထွက်လာခဲ့ကြသည်။

ဂျက်က ဆက်ပြီးတော့. . ပြီးဆုံးသည်အထိ လိုက်ရတော့မည် ဖြစ်တော့သည်။

"ဆရာဂျက်. . ကျုပ်ပြောတာ ယုံပြီမဟုတ်လား"

"ယုံပါပြီကွာ. . ."

"ဒီအစိုးရ ကျုပ်ကို ဘယ်တော့မှ ထောင်ထဲမှာ အကြာကြီးထားလို့ မရနိုင်ပါဘူး. . ."

အသင့်ရပ်ထားသော ရဟတ်ယာဉ်ပေါ်သို့ တက်ခဲ့သော နာဂီပုံစံသည် အာဏာပိုင်တာဝန်ရှိသူတွေကို မခန့်လေးစား လုပ်နေသည်။

"ဒက်. . . ဒက်. . . ဒက်"

ရဟတ်ယာဉ်ကြီး မြေပြင်မှ ဝေဟင်သို့ တက်လေပြီ-

"ဘိုင့်. . . ဘိုင်"

နာဂီ. . လက်ပြပြီး. . ရယ်မောနေသည်။

ဂျက်တစ်ယောက်ကတော့ . . ကျွန်းကြီးဆီသို့ ရောက်ပြီး စွန့်စားမှုတွေကို ထပ်ပြီး လုပ်ရတော့မည် ဖြစ်သည်။

ဂီ. . ရဟတ်ယာဉ်ပေါ်တွင် စီးကရက်သောက်ပြီး မှေးကာ နေတော့သည်။

"ကျုပ် မကျေနပ်တဲ့. . ကောင် နှစ်ကောင်ရှိတယ်"

"ဘယ်သူလဲ. . နာဂီ"

"မြန်မာပြည်က. . စုံထောက်နှစ်ကောင် ကျုပ်ကို ပညာပေးလိုက်တာကို အစာမကြေနိုင်ဘူး"

"မင်းခံလိုက်ရတဲ့ ကောင်ဆိုတော့. . မင်းထက် ပိုပြီး တော်လို့ နေမှာပေါ့"

"ဟုတ်တယ်. . လက်ရည်ကတော့ ကျုပ်ထက်သာတယ် ဆရာဂျက်. . ကျုပ်အပွဲပွဲနွှဲလာခဲ့တာ၊ ဒီကောင်နဲ့ကျမှ မြေမှာ မှောက်ဖူးတာ. . ."

"ဟား. . ဟား. . ဟား နာဂီ၊ မင်းအတွက်တော့ အမှတ်တရပေါ့"

"ကျုပ်ဒီကောင်နဲ့ နောက်တစ်ကြိမ် တွေ့ချင်သေးတယ်. . မြန်မာပြည်ကို နောက်တစ်ခေါက် ရအောင်ဝင်ဦးမယ်. . ."





"မြန်မာပြည်ဝင်ဖို့ အဖွဲ့ဝင်တွေ. . ရှိမှ မရှိတော့ဘဲ"

"ထပ်ပြီးမွေးရမှာပေါ့. . အဓိက,က ငွေပါပဲ၊ ခု နိုင်ငံခြားမှာ ရောက်နေတဲ့ မြန်မာတွေကို ငွေနဲ့စည်းရုံးရင် ဘာခံနိုင်မှာလဲ. . ."

ပင်လယ်ပြင် ရေပိုင်နက်ထဲသို့ ရဟတ်ယာဉ်ကြီး ရောက်ရှိလာသည်။

ပင်လယ်ပြင်တွင် ရပ်ထားသော သင်္ဘောဆီသို့. . ရဟတ်ယာဉ်အနီးကပ်ဆုံး ပျံသန်းပြီး. . .

"ဆရာဂျက်. . ဆင်းတော့"

"ဝုန်း. . . ဝုန်း"

နာဂီနှင့် ဂျက် ရှေ့ဆင့်နောက်ဆင့် ရေထဲသို့ ခုန်ဆင်းလိုက်သည်နှင့် မော်တော်လေးနှင့် လာပြီးဆယ်ကာ သင်္ဘောဆီသို့ ခေါ်ဆောင်သွားလေသည်။

သို့...

*"မစ္စတာ နေမင်းဆက်...*

*ကျွန်မက..တပ်ဖွဲ့ဝင်တစ်ဦးပါ၊ ဂျင်တို့နဲ့ အနီးကပ်ဆုံး ရှိနေမယ်..."*

ဟီရှု...

နေမင်းဆက်..ဟိရှု၏စာလေးကို ပါးစပ်တွင်ဝါး လိုက်ပြီး..ပင်လယ်ရေပြင်ထဲသို့ ထွေးပစ်လိုက်သည်။

"ဘာတွေ..နှစ်ယောက်သား တိုင်ပင်နေကြတာ လဲ..."

"ဘာမှတိုင်ပင်စရာ..မရှိပါဘူး"

လုကျင် အနားသို့ရောက်လာပြီး..ရပ်နေလိုက် သည်။





"ခင်ဗျား..မနေ့ကပွဲမှာ အရှုံးပေးလိုက်တာ မဟုတ် လား..."

"မဟုတ်ပါဘူး..တကယ်ကို မနိုင်တာပါ"

"ထားလိုက်ပါတော့ဗျာ..နောက် (၅)နာရီလောက် ဆို သမုဒ္ဒရာရေ နယ်နိမိတ်ကို စဝင်ပါပြီ..ခင်ဗျားကို သတင်း တစ်ခု ပြောရဦးမယ်..မနေ့က နာဂီကို တရုတ်အစိုးရက လွှတ်ပေးလိုက်ပြီလေ..သူလည်း ကျွန်းကို ရောက်လာမှာ ဆိုတော့..ခင်ဗျားတို့နဲ့ ဆုံဦးမှာပေါ့"

"ကောင်းတာပေါ့ဗျာ..."

"ဒက်...ဒက်...ဒက်"

နေမင်းဆက်တို့ သင်္ဘောဆီသို့ ရဟတ်ယာဉ်တစ်စီး လိုက်လာသည်ကို တွေ့လိုက်ရပြီး...

"ဒါခေါင်းဆောင်ကြီးသမီး..ဆိုဖီယာ ဖြစ်မယ်"

သင်္ဘောကို ရပ်ပေးလိုက်သည်နှင့် ရဟတ်ယာဉ်ပေါ် မှ ကြိုးလှေကားတစ်ခု ကျလာပြီး..အမျိုးသမီးတစ်ဦး ဆင်း လာလေသည်။

လုကျင်..ထိုအမျိုးသမီးကို သွားရောက်ကြိုပြီး နေမင်းဆက်တို့ဘက်ကို ခေါ်ဆောင်လာခဲ့သည်။

"တကယ့် သူရဲကောင်းကြီးနှစ်ဦးကိုပါ. . ခေါ်လာနိုင်တာကို. ."

ဆိုဖီယာက. . စီးကရက်ကို မီးညှိပြီး၊ ခပ်အေးအေး ပြောလိုက်သည်။

"လုကျင်. . ငါ့ကို သေနတ်ပေးစမ်း"

လုကျင်ခါးကြားမှ ပစ္စတိုကို တောင်းယူပြီး. . . နေမင်းဆက် နဖူးတွင်တေ့ကာ. . .

"နင်တို့ကြောင့်. . ငါ့စက်ရုံရော၊ ကုမ္ပဏီပါ အစိုးရက သိမ်းသွားပြီ. . ငါ့လူတွေကိုလည်း ဖမ်းသွားပြီ၊ နင်တို့နှစ်ယောက်ကို သတ်မယ်"

"မင်းတို့. . လက်ထဲရောက်နေတဲ့သူပဲ၊ မင်းသတ်ချင် ခင် သတ်ပေါ့. . ."

နေမင်းဆက်က. . သွေးအေးအေးနှင့် ပြောလိုက်သောကြောင့်. . .

"သိပ်ပြီး. . ကြိုက်တယ်၊ ကဲ. . ."

"ချောက်. . ."

သေနတ် မောင်းတင်လိုက်ပြီး-

"ဒိုင်း. . ."





နေမင်းဆက် နထင်ဘေးမှ. . ပစ်ချလိုက်သော ကျည်ဆံက ပင်လယ်ပြင်ထဲသို့ ကျသွားသည်။

"ရှင်. . . သေရမှာ မကြောက်ဖူးနဲ့ တူတယ်"

"သေခြင်းတရားဆိုတာ. . ကြောက်နေလည်း တစ်နေ့ သေရမှာပဲ၊ ဘာလို့ ကြောက်နေရမှာလဲ. . ."

"ရှင့်. . သတင်းကို ကြားရတာ ကြာပါပြီ၊ တကယ့်သတ္တိကောင်းသူပဲ. . ရှင့်လိုလူမျိုး ကျွန်မတို့အဖွဲ့မှာရှိရင်၊ အရမ်းကို ကောင်းမှာပဲ"

"ခင်ဗျားတို့ အတွက် နာဂီ. . ရှိနေပြီပဲ"

"နာဂီဆိုတဲ့ကောင်က သတ္တိရှိတာမဟုတ်ဘူး. . . မိုက်ရူးရဲကောင်. . တစ်ယောက်ပါ"

"ခင်ဗျားနဲ့. . လက်ထပ်တော့မှာဆို"

"ဟုတ်တယ်. . ဒါက ရှင်နဲ့ မတွေ့ခင်က ဆုံးဖြတ်ခဲ့တာလေ၊ ခုတော့. . ရှင်နဲ့တွေ့တော့ ဆုံးဖြတ်ချက်ကို နောင်တရနေပြီ. . ."

ဆိုဖီယာ မထိတထိ စကားလေးဖြင့် ပြောပြီး. . ရီဝေစွာ စိုက်ကြည့်နေသည်။

နေမင်းဆက်အတွက်. . အခွင့်အရေးတစ်ခုကို

အသုံးချဖို့ သူ့ခေါင်းထဲတွင် စဉ်းစားလိုက်သည်။

"ရှင်ဘယ်လို. . သဘောရလဲ"

"ကျုပ်ကို ခင်ဗျားတို့ မသတ်ခင်အချိန်ထိတော့ စဉ်းစားရမယ့်ကိစ္စ တစ်ခုပဲ. . ."

"ရှင့်ဘက်က သဘောထားပြောင်းလဲမယ်ဆိုရင်. . ရှင်ဟာ ကျွန်မဘေးက ရွှေသေနတ်ပိုင်ရှင် ဖြစ်မှာပါ"

"ဘာလဲ. . ရွှေသေနတ်နဲ့ နာဂီကို သတ်ရမှာလား"

"သေချာတာပေါ့. . ဒါပေမယ့် ရှင်သတ်စရာ မလိုပါဘူး. . ရှင်သာ ကျွန်မရဲ့ဘေးမှာ ကပ်ပြီး နေပေးဖို့ပဲ လိုတာပါ"

"မင်းဟာ. . သိပ်ပြီးလှပတဲ့ မိန်းကလေးတစ်ယောက်ပါ. . ."

"ရှင့်အတွက်ပဲ. . လှချင်တယ်"

"မင်း. . အဖေနဲ့ အရင်တွေ့ပြီးမှ မင်းအလှတရားကို စကားပြောကြတာပေါ့ကွာ. . ."

"OK. ကျွန်မ. . . စောင့်နေမယ်"

"တကယ်လို့. . ငါ့ကို နာဂီက ရန်မူရင်ရော"

"သူရင်ဝကို. . ကျည်ဆံလှလှလေးတွေ လက်ဆောင်ပေးလိုက်မှာပေါ့. . ."





"သေချာရဲ့လား. . ဆိုဖီယာ"

"ရှင့်အတွက်. . အသေချာဆုံးစကားပါ"

"ဒီ. . . ဒီ. . . ဒီ"

သင်္ဘောကြီးဆီမှ. . အချက်ပေးသံကြောင့်-

"မစ္စတာနေမင်းဆက်. . အောက်ကို ဆင်းရတော့မယ်"

ဆိုဖီယာ. . နောက်ကို လိုက်ခဲ့ကြသည်။

သင်္ဘောကြီး အောက်ဝမ်းထဲထိ ဆင်းခဲ့ပြီးနောက်-

လူ(၅)ဦးလောက် စီးနင်း၍ရသော ရေငုပ်သင်္ဘော အသေးစားလေး တစ်စီးကို တွေ့လိုက်ရသည်။

"မစ္စတာနေမင်းဆက်. . အထဲကို ဝင်ပါ"

ရေငုပ်သင်္ဘောထဲကို ဝင်လိုက်ကြသည်။

နေမင်းဆက်နှင့်အတူ. . လုကျင်၊ ဟိရူတို့ပါ လိုက်ပါလာခဲ့ကြသည်။

"ဒီ. . ဒီ. ."

ရေငုပ်သင်္ဘောမှာ သင်္ဘောကြီးဝမ်းအောက်မှ. . . သမုဒ္ဒရာရေပြင် အောက်သို့ ရောက်သွားပြီး. . မောင်းထွက်လာသည်။

သမုဒ္ဒရာရေပြင် အောက်မှာ တွေ့ရသော ရှေသတ္တဝါတွေကို ကြည့်ရင်း လိုက်ပါလာခဲ့သည်။

"ဘယ်လိုလဲ. . စိတ်ဝင်စားနေပြီလား"

"ဟုတ်တယ်လို့. . ဆိုရမှာပေါ့"

"ကျွန်းကို ရောက်ရင်ဒီထက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းဦးမှာပါ. . ရှင်ပျော်သွားရမယ်"

"ပျော်စရာတွေ ရှိတဲ့နေရာကို လူတွေက သိပ်ကြိုက်တယ်. . ဆိုဖီယာ"

"ရှင်ပျော်မယ်ဆိုရင်. . ကမ္ဘာကြီးကို အပျော်တွေနဲ့တောင် လုပ်ပေးချင်ပါတယ်"

"ကျေးဇူးတင်ပါတယ်. . ."

ရေငုပ်သင်္ဘောလေးမှာ တစ်နာရီနီးပါး မောင်းလာပြီးနောက်. . ရေခွက်ကြီးတစ်ခုထဲကို ရောက်သွားသလို. . . အပြင်ကို ဘာမှ မမြင်ရတော့ပေ။

"ကျွန်မတို့ စခန်းနားကို ကပ်လာပြီလေ. . ဒီနယ်မြေကို တခြားရေငုပ်သင်္ဘောတွေ ဝင်လာရင်တော့၊ တစ်စစီဖြစ်သွားမှာပဲ. . ဒီနေရာမှာ ကျောက်ဆောင်တွေရှိတယ်၊ ဘယ်လိုမှ မီးမောင်းထိုးပြီး ကြည့်လို့မရနိုင်ဘူး၊ ခုကျွန်မတို့





သင်္ဘောတောင် အသံလှိုင်းနဲ့ မောင်းနေကြတာ. . ."

"ရောက်ပြီ. . ."

ရေအောက်ကြမ်းပြင်ဆီမှ ရောမ သံမဏိတံခါးကြီးပွင့်သွားပြီး. . ရေငုပ်သင်္ဘောလေး အထဲကို မောင်းဝင်လာခဲ့သည်။

တဖြည်းဖြည်းနှင့် အလင်းရောင်ကြီးတစ်ခု ပေါ်ထွက်လာပြီး. . စက်ရုံကြီးတစ်ခုကို တွေ့မြင် လိုက်ရသည်။

"ဒါက. . ရေအောက်အတွက် အောက်စီဂျင်တွေထုတ်ပေးနေတဲ့ စက်ရုံပဲ၊ ဒါမှ ဒီမှာနေထိုင်တဲ့သူတွေ အားလုံးအပြင်လောကလိုပဲ နေလို့ရမှာလေ. . ."

ရေပေါ် ပေါ်လာသော ရေငုပ် သင်္ဘောလေးပေါ်မှ ကမ်းပေါ်သို့ တက်ခဲ့ကြသည်။

"ဟား. . ဟား. . . ဟား ငါသိပ်ပြီး တွေ့ချင်နေတဲ့ကောင်နှစ်ကောင် ပါလာတာကိုကွ. . . အကြွေးပြန်ပြီးတောင်းရမယ်. ."

"နာဂီ. . ."

ဆိုဖီယာအသံ ခပ်မာမာနှင့် အော်လိုက်သောကြောင့် နာဂီ. . ရှေ့သို့ ဆက်ပြီး မတိုးဘဲ ရပ်နေသည်။

"နှင့်. . ပါးစပ်ပိတ်ပြီး နေစမ်း၊ ဒါ. . ဒက်ဒီညှော်သည်တွေ. ."

"ဆိုဖီယာ. . သူတို့က ငါ့ရန်သူ"

"ဒီကိစ္စကို နောက်မှ ရှင်း. . ခုရှေ့က ဖယ်စမ်း"

"တောက်. . ."

နာဂီ. . မကျေမနပ်နှင့် ဖယ်ပေးလိုက်သည်။

"နာဂီ. . မင်းနဲ့ငါ ပြန်ပြီးတွေ့နေပါပြီ. . ဘာမှဆန္ဒတွေမစောနဲ့၊ နောက်တွေ့ဦးမှာပါ. . ."

"သိပ်ပြီး. . . တွေ့ချင်တယ်"

ပိုင်ဦးက နာဂီကို. . ခပ်စိမ်းစိမ်းကြည့်ပြီး၊ လိုက်လာခဲ့တော့သည်။

"တီ. . . တီ"

သံမဏိတံခါးချပ်ကြီးရှေ့တွင် ရပ်ပြီး. . ဆိုဖီယာသည် လက်ဝါးကို ကပ်လိုက်သည်နှင့် တံခါးချပ်ကြီး ပွင့်သွားလေသည်။

သံမဏိတံခါးကြီးဆီမှ တစ်ဆင့် အောက်ဆီသို့ လှေကားဖြင့်ဆင်းကာ. . ဓာတ်ပေါင်းဖိုသဖွယ် ပြုလုပ်ထား သော အခန်းကြီးတစ်ခုထဲသို့ ရောက်ခဲ့ကြသည်။





မှန်လုံခန်းကြီး တစ်ခုထဲတွင် ဓာတုရောင်ခြည်လက်နက်ကြီး တစ်ခုကို ပညာရှင်တွေက လုပ်ကိုင်နေသည်ကို တွေ့မြင်နေရ၏။

"ဒီလက်နက်ဟာ. . ကမ္ဘာကြီးကို စိုးမိုးနိုင်မယ့်၊ လက်နက်လေ. . ."

"ကြားဖူးနေတာ. . ခုမှပဲ တွေ့ဖူးတော့တယ်"

ဆိုဖီယာ. . နေမင်းဆက်လက်မောင်းကို ချိတ်ဆွဲပြီးလိုက်လာသောကြောင့်. . နာဂီနှင့် အကြီးမားဆုံးရန်သူအဖြစ်သို့ ရောက်ပြီဆိုသည်ကို သဘောပေါက်လိုက်သည်။

"ဒီမှာ ရှိတဲ့ပညာရှင်တွေကို ဖမ်းထားတာလား. . ."

"ဖမ်းထားတဲ့သူ မရှိပါဘူး. . ငွေကြောင့်လာပြီး လုပ်ကိုင်နေကြတာ၊ သူတို့အတွက်တော့ ဒီကိစ္စကြီးပြီးမှပဲ ပြန်လို့ရမှာ. . ဒါတောင် မုန်တိုင်းရဲ့ သစ္စာခံမှ ပြန်ရမှာ၊ သစ္စာမခံရင်တော့ သမုဒ္ဒရာထဲမှာပဲ နေခဲ့ကြရမှာ. . ."

"သစ္စာခံရင်. . ဘယ်လို အကျိုးခံစားရမလဲ"

"ရှင်. . စိတ်ဝင်စားတယ်ပေါ့"

"ဒါဟာ. . စိတ်ဝင်စားဖို့ကောင်းတဲ့ ကိစ္စပဲ"

"ကျွန်မကလည်း အရမ်းကို ဖြေချင်နေတာပါ. . .

သစ္စာခံတဲ့ လူဟာ ဒက်ဒီနဲ့အတူ ကမ္ဘာ့နိုင်ငံတွေကို ဩဇာ ညောင်းနေမှာပေါ့. . အရှင်းဆုံးပြောရရင် ကမ္ဘာကြီးရဲ့ ဘုရင် ဘေးမှာ နေရမယ့်သူတွေလေ. . ရှင်ကတော့ ဘုရင်ကြီးရဲ့ သမက်ဖြစ်ကောင်း ဖြစ်နိုင်တယ်"

"တကယ့်. . မက်မောစရာပဲ"

"မက်မောသင့်တဲ့ အရာပဲ မဟုတ်ဘူးလား. . ."

"ဟိုမှာ ဒက်ဒီ. . ."

အသက်(၆၀)လောက်ရှိသော ရုရှားအမျိုးသားကြီး တစ်ဦးကို တွေ့လိုက်ရသည်။ နေမင်းဆက်တို့ကို သေသေ ချာချာကြည့်ပြီး၊ အေးစက်စက် ပြုံးကာ. . .

"မြန်မာသူရဲကောင်း နှစ်ဦးကို ခုလိုတွေ့ရတာ. . . ကြိုဆိုပါတယ်၊ သမီးနဲ့ အရမ်းကို ပြေလည်နေတဲ့သဘော ဆောင်နေပါလား. . ."

"ဒက်ဒီအတွက်. . သူရဲကောင်းကို ခေါ်လာပေးတာ လေ. . ."

"သမီးဘက်က ပြောနေတာလား. . ."

"သူ့အတွက် ရွေးချယ်စရာက. . ဒါပဲ ရှိနေပါပြီ"

"ဂွတ်. . သိပ်ကောင်းတယ်၊ ငါက သူရဲကောင်းတွေ





ကို ခုကတည်းက မွေးနေတာ၊ ဒါမှ ကမ္ဘာကြီးကို ချုပ်ကိုင်တဲ့ အခါ စစ်ဗိုလ်ချုပ်ကြီးတွေ လိုအပ်နေပြီလေ. . ဘယ်လိုလဲ ငါ့သမီး ပြောတဲ့စကားတွေက အဟုတ်လား. . ."

"ဟုတ်ပါတယ်. . ."

နေမင်းဆက်ပုခုံးကို ညင်သာစွာ ဆုပ်ကိုင်လျက်. .

"ငါက. . မြန်မာလူမျိုးတွေကို သိပ်ပြီး သဘောကျ တာ. . မင်းသတင်းကိုလည်း ကြားရကတည်းက ငါ့ရန်သူဟာ ငါ့မဟာမိတ်ဖြစ်ဖို့. . ခုလို ခေါ်ခဲ့ရတာပဲ၊ သမီး. . သူတို့နှစ် ယောက်ကို အနားယူပါစေဦးကွာ. . နောက်မှ ဒက်ဒီနဲ့ စကားပြောတာပေါ့. . ."

ဆိုဖီယာ. . နေမင်းဆက်တို့နှစ်ယောက်ကို ဓာတ် လှေကား တစ်ခုဆီသို့ ခေါ်ဆောင်သွားပြီး. . တကယ့် ပန်းခြံ ကြီးသ ဖွယ်မြင်နေရသည့် နေရာတစ်ခုဆီသို့ ရောက်ခဲ့ကြ သည်။

"မစ္စတာနေမင်းဆက်. . ဒါတွေဟာ တီထွင်မှုတွေနဲ့ ပြုလုပ်ထားတဲ့ ပန်းခြံကြီးတစ်ခုပဲ. . အပြင်နဲ့ ဘာမှ မခြားဘူး နော်. . ."

"ဟုတ်တယ်. . အပြင်လောကကို ရောက်နေသ

လို့ပဲ"

နေမင်းဆက်ကို အံ့အားသင့်စေသော နေရာတစ်ခုပင်. . .

နေမင်းဆက်နှင့် ပိုင်ဦးတို့ နှစ်ယောက်အတွက်. . . အိမ်ကလေးတစ်လုံးစီမှာ နေခိုင်းလိုက်သည်။

"နောက်မှ. . ပြန်ဆုံမယ်၊ မစ္စတာဆက်. . ."

"ကောင်းပြီ. . ဆိုဖီယာ"

"ရှတ်. . ."

နေမင်းဆက်ကို ဆိုဖီယာ နမ်းရှုံက်ပြီး. . ထွက်သွားသည်။

"မင်းဆက်. . ."

"ပြောလေ. . ပိုင်ဦး. ."

"ဆိုဖီယာကတော့. . မင်းကို ကျနေပြီနော်"

"ဟုတ်တယ်. . ဒါဟာ ငါ့အတွက် အခွင့်အရေးတစ်ခုလို အသုံးချရမှာပဲ၊ ဒီနေရာကနေ ပြန်ပြီးထွက်ဖို့တော့ မလွယ်ဘူး. . လျှို့ဝှက်ချက်တွေကို သိမှ ဖြစ်မယ်. . ပိုင်ဦး"

"အင်း. . အချိန်ယူပြီး ကြိုးစားရတာပေါ့၊ ဒီကြားထဲ မင်းသတိထားရမှာက. . နာဂီပဲ ဒီကောင် မင်းကို အမုန်းချေ





ချင်နေပြီ"

"ငါသိတယ် ပိုင်ဦး. . ဆိုဖီယာနဲ့ လှည့်ပြီး ဆိုင်ပေးလိုက်ရတာပေါ့. . ."

"မင်း. . ဆိုဖီယာ ကျော့ကွင်းကနေ လွတ်အောင်ရုန်းရမယ်နော်. . ."

"မင်းက. . ငါ့ကို မယုံလို့လား"

"မင်းကို မယုံလို့ပြောတာ မဟုတ်ဘူး. . နေမင်းဆက်၊ ဆိုဖီယာပုံစံက သွေးသားကို ဝါးမျိုမယ့် ပုံစံပေါက်နေတယ်"

"စိတ်ချ. . ငါလွတ်အောင် ရှောင်ပြမယ်"

နှစ်ယောက်သား တစ်လမ်းစီခွဲပြီး မိမိအခန်းသို့ ဝင်လိုက် ကြတော့သည်။

"ဒေါက်. . . ဒေါက်"

"ဟင်. . ."

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် နေမင်းဆက် တံခါးကို ဖွင့်လိုက်တော့. . ဆိုဖီယာ ဖြစ်နေသည်။

"လှပတဲ့. . ညလေးတစ်ခုကို အတူတူသွားချင်လို့ လာခဲ့တာပါ. . . ဆက်"

ဆိုဖီယာတော်တော်လေးကို မူးနေပုံပေါက်သည်။

"ဂျိုင်း. . ."

အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး၊ နေမင်းဆက်ကို. . အတင်းဝင်ပြီး ဖက်တော့သည်။





"ငါမင်းကို သိပ်ချစ်တယ်. . မင်းဆီက ငါ့ကို အကြင်နာ အနမ်းတွေပေးမယ်လို့ မျှော်လင့်တယ်. . ဆက်"

သူမလက်မှ အရက်ခွက်ကို ယူပြီး-

"ငါလည်း. . မင်းလို မူးချင်တယ်"

"ဖြစ်စေရမယ်. . ဒါမှ ရီဝေတဲ့ညကို ကခုန်ရမှာ"

သူမနာရီလေးကို နှိပ်လိုက်သည်နှင့်. . ဟိရူ ရောက်လာသည်။

"ဘာများ. . ခိုင်းစရာ ရှိလဲ"

"ငါတို့အတွက်. . အကောင်းဆုံး အရက်နဲ့အမြည်းကို ခုလာပို့. . ."

"ဟုတ်ကဲ့. . ."

ဟိရူ. . ပြန်ပြီးထွက်သွားတော့-

"ဟိရူက မင်းရဲ့ ကိုယ်ရံတော်လား. . ."

"ဟုတ်တယ်. . သိပ်တော်တဲ့ တရုတ်မလေးပါ။ ဒါကြောင့် ဒီကို ခေါ်လာခဲ့တာပေါ့"

"မင်း. . ငါ့ကို မတွေ့ခင်က ဘယ်ရင်ခွင်ထဲမှာ အိပ်ဖူးလဲ. . ."

"အိပ်ဖူးတဲ့ ရင်ခွင်အကြောင်းကို မမေးနဲ့. . . သိပ်ကို မှားတယ်၊ ဆက်. . လောက် သာယာမယ်လို့ မထင်ဘူး"

နေမင်းဆက်. . စကားလုံးတွေ တမင်ရှာပြီး၊ မေးနေခြင်းဖြစ်သည်။

"နာဂီနဲ့. . ငါက အပြီးပြတ် ရှင်းရမယ်"

"ဒီအတွက်မပူနဲ့. . ဆက် ရာ၊ နာဂီကို ဒီပြန်ပြီးခေါ်တာ သူ့ကို ကယ်လာတာမဟုတ်ဘူး"

"ဘာလုပ်ဖို့လဲ. . ."

"သတ်ပစ်ဖို့ပဲ. . သူ့ကို အစိုးရလက်ထဲမှာ ထားရင်၊ အန္တရာယ်ကြီးလို့ ခေါ်ပြီးတော့ ရှင်းတာပဲ. . နာဂီဆိုတဲ့ကောင်က လူသတ်ခိုင်းဖို့လောက်ပဲ အသုံးဝင်တာ၊ အလကားကောင် သူ့ကြောင့် နိုင်ငံတကာစုံထောက်တွေက ရိပ်မိကုန်ကြတာလေ. . ဒီကောင်မျိုး ရှင်းပစ်မှ ရတော့မှာ"

"ဒါတွေ. . မပြောနဲ့တော့ကွာ"

နေမင်းဆက်ကို အတင်းဖက်ပြီးနေသောကြောင့်. . အခက်တွေ့နေလေပြီ. . ."

"ဒေါက်. . ဒေါက်"





"တောက်. . . အရေးထဲ ဘယ်သူလဲ"

"ဟိရှုပါ. . အရက်နဲ့ အမြည်းလာပို့တာ"

"ထားပြီး. . . သွားတော့"

"ဟုတ်ကဲ့. . ."

ဟိရှုထားခဲ့သော အရက်ပုလင်းထဲမှ အရက်ကို ဖန်ခွက်ထဲသို့ ထည့်ပေးပြီး. . ဆိုဖီယာကို သောက်ခိုင်းလိုက်သည်။

နေမင်းဆက် သောက်ဟန်ပြပြီး နေလိုက်ပြီး၊ ဆိုဖီယာ နဂိုကမှ မူးနေသောအရှိန်နှင့် နောက်ထပ်အရက်တစ်ခွက်ကို သောက်လိုက်သည်နှင့် ခေါင်းကိုူးကျသွားပြီး. . ခုတင်ပေါ်လဲကျသွားလေတော့သည်။

"ဟူး. . ."

နေမင်းဆက်. . ခုမှ သက်ပြင်းချနိုင်တော့သည်။

"မစ္စတာ နေမင်းဆက်. . ."

"ဟင်. . ဟိရှု"

"ကျွန်မ. . အရက်ခွက်ထဲမှာ အိပ်ဆေးပါ ထည့်ပေးလိုက်တာ. . ."

"ကျေးဇူးပါပဲကွာ. . ."

"ရော့. . . ဒါကို ယူထားပါ"

"ဘာလဲ. . . ဟိရူ"

"ဆက်သွယ်ရေးစက်. . . ကျွန်မဆီမှာ ရှိနေရင် အန္တရာယ်က နီးကပ်တယ်၊ မစ္စတာ နေမင်းဆက်ကို သူတို့က ယုံကြည်နေတယ်. . ."

"ကောင်းပြီ. . . ပေးခဲ့"

"မစ္စတာနေမင်းဆက်ကို တစ်ခုတော့ သတိပေးရဦးမယ်. . ."

"ဘာများလဲ. . ."

"နာဂီ. . မစ္စတာနေမင်းဆက်ကို လုပ်ကြံဖို့ ပြင်ဆင်နေပြီ. . ."

"ကျုပ်သဘောပေါက်တယ်. . ."

"ကျွန်မ သွားတော့မယ်၊ အစိုးရတပ်တွေ စစ်ဆင်နိုင်ဖို့အတွက် ကျွန်မတို့ဘက်က လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်ဖို့က အရေးကြီးတယ်. . ."

"မကြာခင်. . သိလာရမှာပါ"





"ဒီလျှို့ဝှက်ချက်တွေကို သိနိုင်ဖို့က. . . မစ္စတာ နေမင်းဆက်ပေါ်မှာ မူတည်နေတယ်နော်"

ဟိရူပြောခဲ့သော စကားအဓိပ္ပါယ်ကို နေမင်းဆက် သဘောပေါက်လိုက်လေသည်။

ဆိုဖီယာကို ချစ်ဟန်ဆောင်ပြီး. . လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ရတော့မည် ဖြစ်တော့သည်။

မုန်တိုင်းအဖွဲ့ကြီး၏ စခန်းသည် အလွန်ခေတ်မှီသော နည်းပညာများဖြင့် တည်ဆောက်ထားသော စခန်းကြီး. . . တစ်ခုပင် မဟုတ်လား. . .။

နေမင်းဆက် တစ်ယောက်တည်း ခတ်ပေါင်းဖိုကြီး အပေါ် စကြို့လမ်းအတိုင်း လျှောက်လာခဲ့သည်။

"ဟေ့ကောင်. . . ရပ်စမ်း"

"ဟင်. . နာဂီ"

သူ့နောက်တွင် နာဂီ၊ ဓားမြှောင်ကို ခါးကြားတွင် ထိုးပြီး လိုက်လာခဲ့ခြင်း ဖြစ်သည်။

"မင်းနဲ့ ငါ စာရင်းရှင်းမယ်. . ."

"နာဂီ. . မင်းဆိုတဲ့ကောင်က လက်ရုံးရည်ကို သိပ်ပြီး အားကိုး တာကိုကွ၊ မင်း ရှင်းချင်တယ်ဆိုရင် ရှင်းလေ. . ."





နာဂီ. . ဓားကို ထုတ်ပြီး၊ နေမင်းဆက်ကို တိုက်ခိုက် လေသည်။

စကြို့လမ်းကလေးမှာ. . ကျဉ်းမြောင်းသဖြင့် ပွတ်ကာ သီကာ ရှောင်ရင်း. . ချက်ကောင်းကို စောင့်ကာ ရင်ဝဆီသို့ ဒူးပျံတစ်လုံး သွင်းလိုက်ရသည်-

"အွတ်. . ."

နာဂီနောက်သို့ လန်ကျသွားပြီး. . ဓားပါ လွှင့်စင် သွားသည်. . .

"ဒီတစ်ခါတော့. . မင်းအတွက် ဒါပဲ ရှိတော့တယ်"

"ဟာ. . ."

နာဂီ. . ခြေသလုံးမှာ ချည်ထားသော သေနတ်ကို ထုတ်ပြီး ပစ်ရန်ပြင်လိုက်သည်နှင့်. . .

"ဒိုင်း. . ."

"အား. . ."

"ချွင်. . ."

နာဂီ. . လက်ထဲမှ သေနတ်လွင့်စင် ထွက်သွား တော့သည်။

"ဆိုဖီယာ. . ."

"သိပ်ဟုတ်တာပေါ့. . . နာဂီ"

"မင်း. . မင်း ငါ့ကို သစ္စာမဲ့တာလား"

"ဟား. . . ဟား. . . ဟား"

"နင့် ပါးစပ်က ဒီစကားလုံးတွေတောင် ပြောတတ်နေပါလား. . နာဂီ၊ သစ္စာတရားဆိုတာ နင့်လိုရောက်တဲ့အရပ်မှာ တွေ့တဲ့သူနဲ့ အိပ်တတ်တဲ့ကောင်က ငါ့ကို လက်ထပ်ဖို့များ ဝိတ်ကူးနေသေးတယ်. . ."

"ခေါင်းဆောင်ကြီးရဲ့. . စီစဉ်မှုကို နင်က ဖျက်ဆီးတာလား. . ."

"ခေါင်းဆောင်ကြီးဆိုတာ. . ငါ့အဖေလေ၊ အင်းလေ နင့်အတွက် နောက်ဆုံးချိန် ရောက်ပြီဆိုတော့. . နင် သိသင့်တာတွေကို သိသွားတာ ကောင်းပါတယ်၊ ဒါမှ ငါဘာကြောင့် သေရတယ်ဆိုတာ သိသွားရမှာပေါ့. . နင်ကို ဒက်ဒီပြန်ပြီး ခေါ်တာ နင့်ကို ချစ်လို့ မဟုတ်ဘူး. . နာဂီ၊ နင့်ကို သတ်မလို့"

"ဘာ. . ."

"နင့်ကြောင့် မုန်တိုင်းအဖွဲ့ကြီး တစ်ခုလုံး. . အစိုးရ





လက်ထဲကို ရောက်သွားမှာကို စိုးရိမ်လို့ ရအောင်ပြန်ပြီး. . ခေါ်တာပဲ၊ ကဲ. . သိပြီလား နာဂီ"

"မင်းတို့. . . ယုတ်မာတယ်"

"ဟား. . ဟား. . ဟား နာဂီ နင်ဆိုတဲ့ကောင်က ယုတ်မာမှုတွေ သရဖူဆောင်းခဲ့တာ. . များပြီ၊ ခု နင့်အလှည့် ပြန်ပြီး ရောက်ပြီ. . ."

နာဂီ. . ဆိုဖီယာဆီကို ရုတ်တရက် ပြေးဝင်လိုက်သည်နှင့်. . .

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံတွေက ဆက်တိုက်ထွက်ပေါ်လာပြီး. . နာဂီ နောက်ပြန် ကျသွားတော့သည်။

"ဟော့. . ဒီအလောင်းကို သယ်သွားကြစမ်း"

မုန်တိုင်းအဖွဲ့ဝင် နှစ်ယောက် နာဂီ့အလောင်းကို မယူသွားကြပြီး. . .

"ဆက်ကို အန္တရာယ်ပေးမယ့် ကောင်တော့ သွားပြီ"

"မင်း မရှင်းလည်း. . ငါက ရှင်းရတော့မှာပဲ"

"ယုံပါတယ်. . ဆက်ရယ်၊ ရှင့်လက်သံက အရမ်းကို

ကောင်းလွန်းပါတယ်. . ဒါပေမယ့် ရှင့်ကို စိတ်မချလို့ ဝင်ပြီး ပါလိုက်ရတာပဲ၊ ဒက်ဒီက ရှင့်နဲ့စကားပြောချင်လို့တဲ့ သွားကြ ရအောင်. . ."

"ကောင်းပြီ. . ."

ဆိုဖီယာနှင့်အတူ အောက်ဘက်သို့ ဆင်းလာခဲ့ သည်။

"မစ္စတာ နေမင်းဆက်. . ဆုံးဖြတ်ပြီးပြီလား"

"ဆုံးဖြတ်စရာ. . မလိုတော့ပါဘူး"

"OK. ဒီစကားကြားရတာ. . သိပ်ကို ဝမ်းသာပါတယ်၊ သမီးနဲ့ ဘဝတစ်ခုကို တည်ဆောက်မယ်ဆိုရင် မင်းအတွက် ကံကောင်းခြင်းတွေ ဖြစ်ပေါ်လာမှာပါ. . ခုလာမယ့် (-x- x) ရက်နေ့ ကမ္ဘာကြီးမှာ ပထမဦးဆုံး ခာတုရောင်ခြည် တစ်ခုကို လွှတ်တင်တော့မယ်. . ဒီအတွက် လူတစ်သန်းလောက် တော့ စတေးခံရမှာပဲ"

"ဘယ်ကို ပစ်မှတ်ထားတာလဲ. . ."

"ပီကင်း ဆိပ်ကမ်းတစ်ခုကို ပစ်မှတ်ထားတယ်၊ ဒီမှာ နိုင်ငံတကာက သင်္ဘောကြီးတွေပါ ရှိတော့. . ပိုကောင်းတာ





ပေါ့ကွာ. . မင်းကို ငါ့ရဲ့ အနီးကပ်ကိုယ်ရံတော် တာဝန်ကို ပေးချင်တယ်"

"ဟုတ်ကဲ့. . . ယူပေးပါ့မယ်"

"လာ. . မကြာခင်၊ လွှတ်တင်တော့မယ့်. . ခာတု ရောင်ခြည်ကို သွားပြီး ကြည့်ရအောင်. . ."

နေမင်းဆက်. . လိုက်ခဲ့ရင်း၊ ပတ်ဝန်းကျင်ကို အကဲ ခတ် နေမိသည်။

"ဆက်. . ."

"ပြောလေ. . ဆိုဖီယာ"

"ဒီစခန်းက စခန်းကြီးတစ်ခုလုံးရဲ့. . အဓိကနေရာပဲ"

"ဘယ်လို. . အဓိက နေရာလဲ"

"ဒီအခန်းထဲမှာ ရှိတဲ့. . ကွန်ပျူတာတွေဟာ စခန်း ကြီးရဲ့ ထွက်ပေါက်တွေကို ထိန်းချုပ်ထားတာလေ. . ."

"သြော်. . ."

နေမင်းဆက်. . အခန်းကို သေချာစွာ ကြည့်မိသည်။

အခန်းထဲမှာ လူတစ်ယောက်မျှ မရှိချေ-

"ဒီအခန်းကို ဖွင့်ပြီး. . ဝင်ဖို့ဆိုတာ ဒီကပ်လေးရှိမှ

ဝင် လို့ရမှာလေ. . ."

ဆိုဖီယာ. . လည်ပင်းတွင် ဆွဲထားသော တစ်လက်မ သာသာ ကပ်ပြားလေးကို ပြလေသည်။

"နောက်. . ဆက်အတွက်တစ်ခုကို ဒက်ဒီက လုပ် ပေးမှာပါ. . ."

"ဒီစခန်းမှာ. . ဒီကဒ်ကို ဘယ်နှစ်ယောက် ကိုင်ထား သလဲ"

"ဒက်ဒီနဲ့ ငါ နှစ်ယောက်ပဲ ကိုင်ထားတာ. . ခုမှ သုံး ယောက်ဖြစ်တော့မှာလေ. . ."

မှန်လုံခန်းကြီးထဲတွင်. . ပညာရှင်တွေ အလုပ်ရှုပ်နေ ကြသည်. . နေမင်းဆက်တို့ အထဲကို ဝင်သည်နှင့်-

"ဘယ်လိုလဲ. . အားလုံးအဆင်သင့် ဖြစ်ပြီလား"

"ဖြစ်ပါပြီ. . ဆရာကြီး၊ ဒီနေ့ ဓာတ်ငွေ့တွေ တပ်ဆင်ဖို့ ပဲ ရှိပါတော့တယ်. . ."

အဆိပ်ငွေ့တွေဖြင့်. . ပြုလုပ်ထားသော ဓာတ်ငွေ့ဗူး ကို ဓာတုရောင်ခြည် လက်နက်ကြီးတွင် တပ်ဆင်ကြမည် ဖြစ်သည်။





"မစ္စတာ ဆက်. . ငါ့ရဲ့ ရည်ရွယ်ချက်ကို သမီးက ပြောပြ ပြီးလောက်ပြီပေါ့နော်. . ."

"ဟုတ်ကဲ့. . ပြောပြပြီးပါပြီ"

"ဘယ်လိုလဲ. . သဘောကျတယ် မဟုတ်လား"

"ကျပါတယ်. . ကမ္ဘာကြီးရဲ့ အကြောက်ရဆုံး လူတစ် ယောက်ဘေးမှာ ကိုယ်ရံတော်လုပ်ရတာကို ဂုဏ်ယူရမှာပါ"

"ကိုယ်ရံတော်. . မဟုတ်ဘူး၊ သမက်တော်လို့. . . ပြောပါ ဆက်"

"မင်း. . သတ်မှတ်သလိုပေါ့"

"ဒီည. . အကြိုပွဲတစ်ခု ကျင်းပမယ်၊ မုန်တိုင်းအဖွဲ့ ကြီးရဲ့ အောင်မြင်မှု အကြိုပွဲကို. . . ပျော်ပျော်ကြီး နွှဲကြတာ ပေါ့"

"ရှိုး. . ဖြောင်း. . ဖြောင်း. . ဖြောင်း"

လက်ခုပ်သံများ. . ဆူညံပွက်လော ရိုက်ခတ်သွား တော့သည်။

နေမင်းဆက်တို့အတွက်. . အချိန်က လွန်စွာနီးကပ် သွားပြီ ဖြစ်သည်. . ဓာတုရောင်ခြည်လွှတ်မည့် နေ့က မနက်

ဖြန့်ပင် မဟုတ်လား. .

ဒီညမှ မတားဆီးနိုင်လျှင်. . လူ့အသက်ပေါင်း များစွာ ဆုံးရှုံးမှုတစ်ခုကို ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ညဘက်. . စားသောက်ပွဲကြီးကို ကျင်းပနေလေပြီ-

ကကြ ခုန်ကြနှင့် ပျော်ရွှင်နေသော. . လူတွေကို ကြည့်ပြီး၊ နေမင်းဆက်. . ရွံရှာလာမိသည်။

ရက်စက် ယုတ်မာမှုပေါ်မှာ. . ပျော်ရွှင်နေသော အတ္တရမ္မက်ကြီးသော အုပ်စုအတွက်. . နေမင်းဆက်တို့ ကြိုးစားရတော့မည် ဖြစ်သည်။

"ဆက်သောက်လေ. . မူးနေပြီလား"

"ဟုတ်တယ်. . ငါသိပ်များနေပြီ"

"ဒါဆို ဆက်ပြီး မသောက်နဲ့တော့. . တော်ကြာ ညလှလှလေး ပျက်သွားမယ်. . ငါက ဒီတစ်ခွက်သောက်ပြီး

ခင်တော်ပြီ. . . ”

ဆိုဖီယာ အရက်ခွက်ကို မော့သောက်ပြီး. . ဖန်ခွက်လွတ်ကို စားပွဲပေါ်သို့တင်ကာ-

“ဆက်. . . သွားကြမယ်”

“အင်း. . . ”

နေမင်းဆက်. . အလိုက်သင့်လေး ဖက်ပြီး ထွက်လာခဲ့ရင်း. . .

ပိုင်ဦး၊ ဟိရှုနှင့် ဂျက်တို့သုံးယောက်ကို လှုပ်ရှားရန်အတွက် အချက်ပြလိုက်လေသည်။

“ဂျိုင်း. . . ”

အခန်းတံခါးကို ဆိုဖီယာ. . ဆွဲပိတ်ပြီး-

“ဒါလင်. . ဒီညတော့ အောင်ပွဲအကြိုနဲ့အတူ စိတ်ကူးတွေ ယဉ်ကြရအောင်နော်. . ”

“ဆိုဖီယာ ဆန္ဒတွေအတိုင်း ဖြစ်စေရပါမယ်. . . ”

နှစ်ယောက်သား. . ခုတင်ပေါ်လှဲချရင်း၊ ဆိုဖီယာ ကို နမ်းဟန်ပြင်ကာ-

“အင့်. . . ”





မေ့ကြောကို နှိပ်ချလိုက်သည်. . .

“စိတ်မကောင်းပါဘူး. . ဆိုဖီယာ ငါဟာစုံထောက်တစ်ယောက်ရဲ့ စုံထောက်တာဝန်ကို ကျေရမယ်လေ. . . ”

ဆိုဖီယာ. . လည်ပင်းမှ ကဒ်လေးကို ဖြုတ်ယူပြီး၊ ဆိုဖီယာကို ချုပ်နှောင်ထားကာ ထားခဲ့တော့သည်။

“မင်းဆက်. . . ”

“ပိုင်ဦး. . . ”

“အချိန်သိပ်မရှိဘူး. . ဟို ကွန်ပျူတာအခန်းကို သွားကြမယ်၊ ဟိရှုနဲ့ ဂျက်ရော. . . ”

“သူတို့တော့ မိုင်းတွေကို ဆင်နေကြပြီကွ. . . ”

နေမင်းဆက်. . ပိုင်ဦးနှင့် အတူ ကွန်ပျူတာအခန်းဆီသို့ ထွက်လာရင်း. . လမ်းတွင် ဟိရှုနှင့် ဂျက်ကို တွေ့လိုက်ရသည်။

“အားလုံး ပြီးသွားပြီလား. . ဟိရှု”

“ပြီးသွားပြီ. . မစ္စတာမင်းဆက်၊ အချိန်က တစ်နာရီပဲရတော့တယ်. . ဒီတစ်နာရီအတွင်းမှာ အပြင်ကို မထွက်နိုင်ရင် အားလုံးဒီမှာ အသေခံဖို့ပဲ ရှိတယ်”

"ဟုတ်တယ်. . ကျုပ်တို့အသက်(၄)သက်ထက်၊ လူ့အသက်ပေါင်းများစွာကို ကယ်ရတာဆိုတော့ သေရကျိုးနပ်ပါတယ်. . ."

"ကြိုးစားကြည့်တာပေါ့ကွာ. . ."

ကွန်ပျူတာအခန်းဆီသို့ ရောက်တော့၊ ဆိုဖီယာကဒ်လေးနှင့် ဖွင့်ကာ အထဲကို ဝင်ခဲ့ကြသည်. . ဟိရူက ကွန်ပျူတာပိုင်းမှာ ကျွမ်းကျင်သဖြင့် နေမင်းဆက်နှင့်အတူ ရှာဖွေနေပြီး. . ပိုင်ဦးနှင့် ဂျက်က အပြင်တွင်စောင့်နေကြသည်။

အချိန်က တဖြည်းဖြည်းနှင့် ကုန်လာပြီး တစ်နာရီနီးပါး ရှိနေပေမယ့် လျှို့ဝှက်လမ်းကြောင်းကို မတွေ့ရသေးပေ-

"ဟာ. . ဟိုမှာ လာနေကြပြီ. ."

"ဟင်. . ."

ဆိုဖီယာနှင့် မုန်တိုင်းအဖွဲ့ဝင်တွေပင်. . ဖြစ်သည်။

"နေမင်းဆက်. . ရှင်တို့(၄)ယောက်လုံး အဖမ်းခံလိုက်ပါ၊ အဖမ်းမခံရင်. . ငါတို့က ညှာမှာမဟုတ်ဘူး"

"မင်းဆက်. . မင်းတို့ ရအောင်ကြိုးစား၊ ငါနဲ့ ဂျက်ကာပြီး. . ပစ်ပေးထားမယ်"





"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံတွေက ဆူညံပွက်လောရိုက်ခတ် သွားခဲ့လေပြီ။

"ရပြီ. . . ရပြီ"

ဟိရူ. . လျှို့ဝှက်လမ်းကြောင်း၏ အဖြေကို ရရှိသွားပြီ ဖြစ်သည်။

"မစ္စတာမင်းဆက်. . ထွက်မယ်"

ကျည်ဆံတွေက ပလူပျံကာဝဲနေသည့် ကြားမှ ရအောင်ထွက်ခဲ့ကြတော့သည်။

"ဟိုရှေ့က ဓာတ်လှေကားကို. . အမြန်ရအောင်တက်. . ."

ဓာတ်လှေကားဆီသို့ (၄)ယောက်လုံး ပြေးဝင်ကာ အပေါ်သို့ တက်ခဲ့ကြသည်။

အချိန်ကား. . မိနစ်(၂၀)သာ ကျန်တော့သည်။

"ကျောက်တုံးကြီးက အတုကြီး. . ဒါကို ရွှေ့တာနဲ့ အပေါ်ကို တက်လို့ရပြီ. . ."

ကျောက်တုံးကြီးပေါ်မှ လျှို့ဝှက် အံဝှက်တစ်ခုကို ဖွင့်

လိုက်ပြီး. . ခလုတ်နံပါတ်တွေကို ဟိရှ နှိပ်ချလိုက်သည်။

"ကျွိ. . ."

အလင်းတန်းကြီးပေါ် ထွက်လာပြီး. . လှေကားတစ်ခုပါ တွေ့လိုက်ရသဖြင့် အပေါ်သို့ တက်ခဲ့ကြတော့သည်။

နေမင်းဆက်တို့. . အပေါ်သို့ ရောက်သည့်နေရာကို ကြည့်လိုက်တော့ ရေကန်ကြီးတစ်ခုရဲ့ အလယ်တည့်တည့် ပင် ဖြစ်နေသည်။

"ဟင်. . ရေတွေမှ မဟုတ်ဘဲ"

ရေအသွင် ပြုလုပ်ထားသော. . မှန်ချပ်ကြီးတစ်ခု ဖြစ်သည်။

ဘေးမှာသာ. . ရေရှိပြီး၊ အလယ်က ရေအသွင် ဆောင်ထားသည့် မှန်ချပ်ကြီးတွေ-

ဟိရှ. . ဆက်သွယ်ရေးစက်ဖြင့် ဆက်သွယ်လိုက်ပြီး နောက်. . .

"မှန်ချပ်ကြီးကို ဖြတ်သွားဖို့တော့ သတိထားရမယ်"

တစ်ယောက်လက်ကိုတစ်ယောက် ဆွဲကိုင်ပြီး၊ ကမ်းဆီသို့ ကူးလာစဉ်. . .





"ချွမ်. . ."

"ဝေါ. . ."

မှန်ချပ်ကြီး ကွဲထွက်သွားပြီး. . ရေတွေပန်းထွက်လာတော့သည်။

ရေတွေမှာ. . အောက်ဆီသို့ ဖောက်ဝင်နေသောကြောင့်. . .

"သတိထားနော်. . အောက်ကို တစ်ခါတည်း ရောက်သွားမယ်. . ."

ဟိရှ ကွန်ပျူတာထဲမှ နောက်ဆုံးအမှတ်အသားလျှို့ဝှက်ချက်ကို စဉ်းစားနေသည်။

"မစ္စတာ ဆက်. . ."

"နေဦး. . ကျုပ်တို့သွားနေတဲ့ နေရာမှားနေပြီ၊ အနောက်ဘက်ကို သွားရမှာ"

အားလုံးရှေ့သို့ မသွားတော့ဘဲ. . အနောက်ဘက်ဆီသို့ ပြန်လှည့်ကာ သွားရင်း. . ကြာပွင့်သဖွယ် ပန်းဖြူတစ်ပွင့် ရေထဲမှ ပေါ်လာသည်. . .

"ဟုတ်ပြီ. . ဒါခလုတ်ပဲ"

နေမင်းဆက်. . ပန်းဖြူကို ဆွဲချလိုက်သည်နှင့် ကျောက်တုံးတန်းကြီး ပေါ်လာသည်။

"တစ်တုံးကျော် နင်းပြီးသွားကြနော်. . ."

နေမင်းဆက်တို့ ကျောက်တုံးကြီးတွေကို တစ်တုံးချင်းကျော်ပြီး. . ကမ်းဘက်ဆီသို့ ရောက်တော့ မိနစ်ပိုင်းအနည်းငယ်သာ လိုတော့သည်။

"ဒက်. . . ဒက်. . . ဒက်"

"ဟိုမှာ. . ကယ်ဆယ်ရေး ရဟတ်ယာဉ်တွေ လာပြီ"

ရဟတ်ယာဉ်ပေါ်မှ ကြိုးလှေကားကို ချပေးသဖြင့်. . တက်ချိန်တွင်-

"ဒိုင်း. . . ဒိုင်း"

အောက်မှ သေနတ်ဖြင့် လှမ်းပစ်နေသူက. . . ဆိုဖီယာ တို့သားအဖ နှစ်ယောက်ပင်။

သူတို့၏ နောက်ဆုံးကြမ္မာကို မသိဘဲ၊ ရှိနေလေပြီ ရဟတ်ယာဉ်ကြီးပေါ်သို့ ရောက်သည်နှင့်. . .

"စက္ကန့်ပိုင်းအတွင်း. . ဒီကျွန်းကြီးက လွတ်အောင် ပျံသန်းပါ. . ."





ရဟတ်ယာဉ် ကပ္ပတိန်ကို ပြောလိုက်ပြီး. . . ရဟတ်ယာဉ်ကို အမြင့်ဆုံးပျံတက်ပြီး ထွက်ခွာခဲ့လေတော့သည်။

"ဝုန်း. . ."

"ဟာ. . ."

ကြောက်မက်ဖွယ် ကောင်းလှသော. . မီးခိုးလုံးကြီး ပေါ်ထွက်လာပြီး၊ ကျွန်းကြီးတစ်ခုလုံး မဲမှောင်ကျသွားတော့သည်။

"စိတ္တဇသားအဖ နှစ်ယောက်ရဲ့ ဇာတ်သိမ်းကတော့ စိတ်မကောင်း စရာပဲကွာ. . ."

"ဟုတ်တယ် ပိုင်ဦး. . ဒီကျွန်းကြီးထဲမှာ တကယ့်ပညာတတ်တဲ့ ပညာရှင်ကြီးတွေ. . ငွေကြောင့် ဘဝတွေဆုံးသွားခဲ့ရပြီလေ. . ."

"မှန်တိုင်းအဖွဲ့ကြီးရဲ့ သံစဉ်တွေက. . မသာယာနိုင်တော့ဘူး. ."

"မစ္စတာနေမင်းဆက်. . ."

"ပြောပါ. . . ဟိရှ"

"ခုလို ကမ္ဘာ့လူသားတွေအတွက် ရှင့်ရဲ့ စွမ်းဆောင်မှုတွေကို ဂုဏ်ပြုနေမှာပါ. . ."

"ကျေးဇူးတင်ပါတယ်. . . ဟိရူ"

ဂျက်ကား. . နေမင်းဆက်နှင့် ပိုင်ဦးကို ပုခုံးဖက်ပြီး၊ ကျွန်းကြီး၏ မီးခိုးလုံးကြီးကို လှမ်းပြီး ကြည့်နေမိသည်။

ဆက်လက်ကြိုးစားနေမယ့်

နှိုင်းမဟာ



ခင်တင် ကလောင်ရှင်များ မွေးဖွားပေးနေသော

သန္တာမွန်စာပေ ရဲ့

အထူးကြိုးပမ်း ထုတ်ဝေတင်ဆက်မှု

စာရေးဆရာ... မလင်္ကာတီနမ် ရဲ့

လျှို့ဝှက်သည်းဖို ဆန်းကြယ်သော စိတ်ခံစားမှု လုံးချင်းဝတ္ထုသစ်များ

မိုးတခွေမလေးရဲ့ ခက်တင်ဘာမျက်ရည်

ဆက်လက်၍....

တမလွန်ကောင်းကင်က ဝိညာဉ်သတို့သမီး

စာဖတ်ပရိသတ်တို့၏ မျှော်မှန်းချက်ကို လစဉ်ဆက်တိုက်

ပို့ဆောင်ပေးပါမည်။